The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 34
တနင်္လာနေ့တိုင်းထုတ်ဝေသည်
September 4, 2017

# jrefrmhyJ vmu &ifqdkif&onfh jynfyaps;uGufpdefac:r_rsm;

စာမျက်နှာ - ၁၈



ဓာတ်ပုံ-မြန်မာ့ကြိုဘာ Facebook

## စားသုံးသူပြည်သူများကို ကာကွယ်ကြတယ်ဆိုရာဝယ်

စာမျက်နှာ - ၁၂



- ကြယ်ပဲ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကျင်းပ

စာမျက်နှာ - ၁၅

- ရေကြည်မြို့နယ်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်နိုင်ရေး ဆွေးနွေးပွဲကျင်းပ

စာမျက်နှာ - ၂၂

- ကန့်သတ်ချက်များ ဖြေလျှော့ခြင်းမရှိဘဲ ဘဏ်နှင့် အစုရှယ်ယာရှင်များအတွက် အကျိုးမရှိပါက YSX မှ ပထမပုဂ္ဂလိကဘဏ် နုတ်ထွက်မည်

စာမျက်နှာ - ၂၆

## ဂျပန်နိုင်ငံဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲငယ်ကျင်းပ

စာမျက်နှာ - ၁၇





MYAWADDY BANK LIMITED
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
(Gift Cheque)
ဂုဏ်ပြုလက်ဆောင်များနှင့် ချစ်ခင်ရင်းနှီးမှုဖြင့်
ချီးမြှောက်သည့် အမှတ်တရ
လက်ဆောင်များအတွက် ဂုဏ်ယူတန်ဖိုးထားမှုကို
မြဝတီဘဏ်၏ Gift Cheque များဖြင့်
ဖော်ထုတ်ပြသနိုင်ပါပြီ...
(Payment Order)
အကောက်ခွန်ဦးစီးဌာနနှင့် အခြားအစိုးရ
အဖွဲ့အစည်းများသို့ အကောက်ခွန်များ၊ တင်ဒါများ၊
အာမခံနှင့်ပစ္စည်းဖိုးများ ပေးသွင်းရန်အတွက် ဘဏ်မှ
ငွေပေးအမိန့်လွှာဖြင့် ငွေပေးချေနိုင်ပါသည်။
စိတ်ချရတဲ့ မြဝတီဘဏ်
(Certified Cheque)
ဘဏ်အာမခံချက်လက်မှတ်များဖြင့်
ယုံကြည်စိတ်ချစွာ
ငွေပေးချေနိုင်ပါသည်။
မြဝတီတာဝါ(ရုံးချုပ်) – အမှတ်-၀၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်
ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402, 2301418
Email : mwdbankygn@mptmail.net.mm
Website : www.mwdbank.com




ဝိစာရ
ဝိစာရ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်
စစ်မှန်ပြည့်ဝ ဝိစာရ





# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေး Multi-Stakeholders အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

မြန်မာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေး Multi-Stakeholders အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လ ၃၀ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညီလာခံခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိရာ ပို့ကုန်မြှင့်တင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအမျိုးသားပို့ကုန်မဟာဗျူဟာကို ဦးစားပေးကဏ္ဍ ခုနစ်ခုနှင့် အထောက်အကူပြုကဏ္ဍ လေးခု၊ စုစုပေါင်းကဏ္ဍကြီး ၁၁ ခုတို့ဖြင့် ငါးနှစ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အခြားကဏ္ဍအသစ် ငါးခုဖြစ်သော လယ်ယာထွက်ကုန်ပစ္စည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာကဏ္ဍ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ၊ လက်မှုအနုပညာပစ္စည်းကဏ္ဍ၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍများကို အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ထပ်မံထည့်သွင်းဆောင်ရွက်လျက်ရှိပြီး မြန်မာ့သစ်သီးဝလံ ဟင်းသီးဟင်းရွက်ကဏ္ဍသည် အမယ်စုံကျယ်ပြန့်သည့် ကဏ္ဍတစ်ခုဖြစ်သလို ပြည်တွင်းစားသုံးမှုနှင့် ပြည်ပသို့ တင်ပို့ရောင်းချမှုနှစ်မျိုးစလုံးအတွက် အရေးပါကြောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍအတွက် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှစ်လတ်စီမံကိန်း (Medium Term Program) ၏ လုပ်ငန်းစီမံချက်များ ဖော်ထုတ်ထည့်သွင်းရေးဆွဲထားသကဲ့သို့ အမျိုးသား ပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့်လည်း ပို့ကုန် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ သစ်သီးဝလံ ဟင်းသီးဟင်းရွက်ကဏ္ဍကို စနစ်တကျစုစည်းပြီး ပြည်ပပို့ကုန်အလားအလာရှိသော ပို့ကုန်အမယ်များအတွက် ဘက်ပေါင်းစုံမှ သေချာစွာ လေ့လာသုံးသပ်မှုများပြုလုပ်မှာဖြစ်ကြောင်း၊ အမယ်တစ်ခုချင်းစီအလိုက် ဆောင်ရွက်သင့်သော လုပ်ငန်းစီမံချက်များ ထွက်ပေါ်လာအောင် အခြေတည် အစပျိုးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

စာမျက်နှာ - ၁၉ ➤

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် ၁၀ ဖွင့်လှစ် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းတက်ရောက်အမှာစကားပြောကြား




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း၏ သင်တန်းအမှတ်စဉ် ၁၀ ဖွင့်ပွဲကို စက်တင်ဘာ ၂ ရက်တွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်လှစ်ရခြင်းမှာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များနှင့် ကုန်သည် စီးပွားရေးလုပ်ငန်းရှင်သစ်များကိုပြုစုပျိုးထောင်မွေးထုတ်ရန်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအပြင် ကုန်သွယ်မှုနှင့်သက်ဆိုင်သော အခြားဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ပြင်ပမှ ကျွမ်းကျင်ပညာရှင်များနှင့် နိုင်ငံခြားသံရုံးမှ စီးပွားရေးသံမှူးများက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းက ကုန်သွယ်မှုနယ်ပယ်မှာ အခြေခံအဆင့်ပဲ ရှိပါသေးတယ်။ ဒီကရတဲ့စာတွေ့တွေကို လက်တွေ့နယ်ပယ်မှာ ပေါင်းစပ်ဆောင်ရွက်ရမှာပါ။ နောက်ပြီး နိုင်ငံတကာကုန်သွယ်မှုနယ်ပယ်မှာ တိုးတက်ပြောင်းလဲနေတာတွေကိုလေ့လာပြီး ကိုယ့်နိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်အောင် သင်တန်းသားတွေက ဆောင်ရွက်ရမှာပါ" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။

သင်ကြားပို့ချရာတွင် ကုန်သွယ်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ၊ ကုန်ပစ္စည်း အရည်အသွေးဆိုင်ရာ လုပ်ငန်းများ၊ ဉာဏမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများ၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ စသည့် လုပ်ငန်းနယ်ပယ်အသီးသီး၏ ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများအပြင် နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ကုန်ပစ္စည်း အရည်အသွေးပိုင်းဆိုင်ရာ လုပ်ငန်းများကိုပါ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၅၇ ဦးတက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလခွဲကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ချောဈေးကျပြီး ဆန်ကြမ်းဈေးတက်

ယခုတစ်ပတ် ရန်ကုန်ဈေးကွက်မှာ ဆန်ချောအရောင်းအဝယ်အေးလို့ဈေးကျပြီး ဆန်ကြမ်းအဝယ်လိုက်လို့ ဈေးတက်ကြောင်း ဝါးတန်းကုန်စည်ဒိုင်မှသိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၄၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၃၃၀၀၀၊ ပုသိမ်၊မြောင်းမြပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၆၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၃၃၅၀၀၊ နယ်စုံ ကျိုက်လတ်ထိပ်စ တစ်အိတ်ကျပ် ၃၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၁၀၀၀၊ရွှေဘိုပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၄၈၀၀၀မှ ကျပ် ၄၉၀၀၀ရှိပြီး ဖျာပုံနဲ့ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန် တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ ထိ ဈေးကျကြောင်း သိရပါတယ်။ ဆန်ချောအရောင်းအဝယ်အေးလို့ ဈေးကျသွားတာဖြစ်ပြီး ဆန်ကြမ်းကတော့ အဝင်နည်းပြီး အဝယ်လိုက်လို့ ဈေးတက်လာတယ်လို့သိရပါတယ်။

ဧည့်မထဆန် ထိပ်စတစ်အိတ် ကျပ် ၂၁၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၁၉၅၀၀၊ နွေသီးထပ်ရှယ်တစ်အိတ်ကျပ် ၂၁၀၀၀ မှ ကျပ် ၂၁၂၀၀၊ နွေဆန် ရက် ၉၀ တစ်အိတ် ကျပ် ၂၁၈၀၀ မှကျပ် ၂၂၀၀၀၊ မနောသုခ တစ်အိတ်ကျပ် ၂၄၀၀၀မှ ကျပ် ၂၅၀၀၀၊ ဧည့်မထ ၂၅ မှတ် တစ်အိတ်ကျပ် ၁၉၀၀၀ မှ ကျပ် ၁၉၅၀၀ ဈေးရှိပြီး တစ်အိတ်ကို ကျပ် ၂၀၀ မှကျပ် ၅၀၀ အထိ ဆန်ကြမ်းဈေးများ ပတ်လည်ဈေးတက်ကြောင်းသိရပါတယ်။

မူဆယ် ဆန်ဈေးကွက်မှာတစ်အိတ်ကိုနှစ်ယွမ်ခန့် ဈေးတက်ကြောင်းသိရပါတယ်။ ဧည့်မထ ၅မှတ် မှော်ဘီနဲ့ စူပါတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၅ ယွမ်၊ ဧည့်မထ ၁၀မှတ်မှော်ဘီနဲ့ စူပါတစ်အိတ် ယွမ် ၁၃၀ မှ ၁၃၁ ယွမ်၊ မနောသုခ၁၅ မှတ်တစ်အိတ် ၁၁၉ ယွမ်မှ ၁၂၁ ယွမ်၊ မနောသုခ ၂၅ မှတ် တစ်အိတ် ၁၁၆ယွမ်မှ၁၁၈ယွမ်၊ ငစိန် ၅မှတ် တစ်အိတ် ၁၂၃ ယွမ်မှ ၁၂၅ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၁၉ ယွမ်မှ ၁၂၁ ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၄ ယွမ်မှ ၁၁၆ ယွမ်ရှိပါတယ်။ မြို့တွင်းနယ်စုံမှမူဆယ်သို့ ဆန်အဝင်မှာဩဂုတ် ၂၃ရက်မှ ၂၉ရက်အထိ ဆန် ၁၈၆၄၃တန် ဝင်ပြီးအရောင်းအဝယ်ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။ ဩဂုတ်လ ၃၁ ရက်နေ့ ငွေလဲနှုန်းအရ တစ်ယွမ်ကို ၂၀၂ကျပ် ဈေးပေါက်တယ်လို့သိရပါတယ်။ **ယဉ်ယဉ်အေး**

## ပုသိမ်ဆန်စပါးဈေးကွက်တွင် ယခင်တစ်ပတ်ထက် ဧရာဝတီပေါ်ဆန်းနှင့် ဧည့်မထအုပ်စုဝင်စပါး၊ဆန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်

ပုသိမ်ဆန်စပါးဈေးကွက်တွင် ဧရာဝတီပေါ်ဆန်းစပါး၊ ဆန်ဈေးနှုန်းနှင့် ဧည့်မထအုပ်စုဝင် မိုးမနောသုခ၊ နွေသီးထပ်ရင်စပါး၊ဆန်ဈေးနှုန်းများ ယခင်တစ်ပတ်ထက် အနည်းငယ်မြင့်တက်လျက်ရှိကြောင်း၊လူနည်းစုစားသုံးသော ဧရာဝတီပေါ်ဆန်းစပါး ၁၀၅ ပေါင် တင်း ၁၀၀ကို ၁၀ သိန်းခွဲဝန်းကျင်မှ ၁၀၆၀၀၀ဖြင့် တင်း ၁၀၀ ကို တစ်သောင်းခွဲဝန်းကျင်ဈေးမြင့်တက်ခဲ့ပြီး ဆန်တစ်အိတ်လျှင် ကျပ်၃၈၅၀၀-ကျပ် ၃၉၀၀၀-ကျပ် ၃၉၅၀၀ ဈေးဖြစ်သွားကြောင်း၊ လူအများစုစားသုံး၍ ဈေးတန်းနိမ့်သော မိုးမနောသုခစပါးပေါင် ၁၀၀ တင်း ၁၀၀ကို ကျပ်ငါးသိန်းခွဲဈေးမှ ကျပ် ၅၆၅၀၀၀၊ ဆန်တစ်အိတ်ကျပ် ၂၀၅၀၀ မှ ယခု ဆန်ဈေးကျပ် ၂၁၀၀၀၊ နွေသီးထပ်ရင်စပါး ပေါင် ၁၀၀ တင်း ၁၀၀ ကို ငါးသိန်းနှစ်သောင်းဈေး၊ ဆန်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀-ကျပ်၁၉၅၀၀-ကျပ် ၂၀၀၀၀-ကျပ် ၂၅၀၀၀ဈေးဖြစ်သွားပြီး စပါး ပေါင် ၁၀၀ ကို တစ်သောင်းခွဲဝန်းကျင်ဈေးမြင့်၍ ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ ဝန်းကျင်ဈေးနှုန်းမြင့်တက်သွားကြောင်း၊ လက်ရှိမိုးစပါး မပေါ်မီ ယခင်နှစ်လက်ကျန်စပါးဟောင်းများကိုသာ ဈေးကွက်တွင် ကြိတ်ခွဲရောင်းချလျက်ရှိပြီး စပါးဟောင်းလက်ကျန်မှာ တစ်လထက်တစ်လလျော့နည်းလာပြီး ယခုလိုကာလများတွင် ဈေးနှုန်းမြင့်တက်ကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ယခုတစ်ပတ် ဆန်တင်ပို့မှုလျော့ကျသော်လည်း မာယက်တ်နိုင်ငံသို့ဈေးကွက်သစ်ရရှိ

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၈ ဒသမ ၄သန်းတန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၂၂၉၄၆တန် တင်ပို့ခဲ့ရာ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၅၂၁၆ တန်၊ ဧည့်မထ ဆန် ၁၁၁၅၂ တန်နဲ့ ကောက်ညှင်းဆန် ၈၃ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၈၄ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၅၆၉၆တန်ခန့် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန်ချိန် ၂၇၀ နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၂၄၅တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြန်မာ-တရုတ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်များရှိကုန်သွယ် ရေးစခန်းများမှ ဆန် ၂၄၅၁၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ဆန်တင်ပို့မှု ၁၅၇၁တန် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ဆန်တင်ပို့မှု လျော့ကျခဲ့သော်လည်း ဆန်ကွဲပိုမိုတင်ပို့ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ သုညဒသမ ၈ သန်းတန်ဖိုးရှိဆန်ကွဲ ၃၁၀၆ တန် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၁၇၆ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၄၂၆တန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ လေးတန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ ဆန်ကွဲ ၂၀၃၆တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၁၀၇၀ပိုမိုတင်ပို့ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ်လ ၂၀ရက်မှ ၂၆ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ဒသမ ၉၂၅သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၅၂၉၅ တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၇၀၀၀ နဲ့ ပေါင်းဆန် တန်ချိန် ၅၀၀ တင်ပို့ခဲ့ရာ ယခုတစ်ပတ်အတွင်း ဆန်အများဆုံး တင်ပို့တဲ့နိုင်ငံဖြစ်ခဲ့ပါတယ်။ ဒုတိယအများဆုံးတင်ပို့မှုမှာ အာဖဂန်နစ္စတန်နိုင်ငံဖြစ်ပြီး ဧည့်မထဆန် တန်ချိန် ၄၅၅၀ တင်ပို့ခဲ့ပါတယ်။ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၁၂၅၀၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၂၁၈ တန်နဲ့ ဧည့်မထဆန် ၄၆ တန်၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန်တန်ချိန်၁၀၀၊ မက်ဒါဂါစတား နိုင်ငံသို့ ဧည့်မထဆန် ၄၁၆တန်၊ ယူအေအီးနိုင်ငံသို့ဧည့်မထဆန်၁၂၅တန်၊ ဂီနီနိုင်ငံသို့ဧည့်မထဆန် တန်ချိန် ၃၅၀၊အီးယူနိုင်ငံများသို့ဧည့်မထဆန်တန်ချိန် ၂၄၀၊ ငစိန်ဆန် တန်ချိန် ၂၅၀ နဲ့ ပေါင်းဆန်၁၂၅ တန်တင်ပို့ခဲ့ပြီး ဈေးကွက်သစ် မားယက်တ်နိုင်ငံသို့ ဧည့်မထဆန်၁၂၅တန်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ဆန် ၃၇၅၇၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်တင်ပို့မှု ၂၂၂၇၉ တန်လျော့ကျခဲ့ပါတယ်။ ဆန်တင်ပို့မှုလျော့ကျခဲ့သော်လည်း ဈေးကွက်သစ်ထပ်မံရရှိခဲ့ပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀၄ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၅၆၅၀ တင်ပို့ခဲ့ပြီး တောင်အာဖရိကနိုင်ငံသို့ တန်ချိန် ၅၀၀၊ မက်ဒါဂါစတား နိုင်ငံသို့ တန်ချိန် ၂၅၀၊ ဗီယက်နမ် နိုင်ငံသို့ ၅၇၅ တန်၊စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၅၀၊ နိဂျာနိုင်ငံသို့ တန် ၂၅၀ နဲ့ အီးယူနိုင်ငံများသို့ ၃၈၂၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်ကွဲ ၈၉၀၆တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်ကွဲတင်ပို့မှု ၃၂၅၆ တန် လျော့ကျခဲ့ပါတယ်။ ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းနဲ့ ပင်လယ်ရေကြောင်း လမ်းနှစ်ခုလုံးမှ ဆန်တင်ပို့မှုလျော့ကျခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃၀-၈-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၆ | ၄၀၂ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၁ | ၃၈၆ | ▽ | ၃၉၅ | ၃၉၅ | □ | ၄၁၀ | ၄၁၀ | □ | ၃၉၅ | ၃၉၅ | □ |
| ဆန်ဖြူ ၁၀% | ၃၈၅ | ၃၈၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၈၅ | ၃၈၀ | ▽ | ၃၈၇ | ၃၈၇ | □ | - | - | - | ၃၈၅ | ၃၈၅ | □ |
| ဆန်ဖြူ ၂၅% | ၃၇၉ | ၃၈၅ | △ | ၃၆၈ | ၃၆၈ | □ | ၃၆၅ | ၃၆၅ | □ | ၃၄၈ | ၃၄၈ | □ |
| ပေါင်းဆန် | ၄၁၂ | ၄၀၅ | ▽ | - | - | - | ၄၀၈ | ၄၀၈ | □ | ၄၁၅ | ၄၁၅ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၁-၉-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၈၅၀၀ | □ | ၆၅၃၂ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၆၅၀ | △ | ၂၁၀၀၀ | △ | ၁၀၆၀၀ | △ | ၃၈၅၀၀ | △ |
| ပဲခူး | ၄၉၀၀ | △ | ၁၈၅၀၀ | □ | ၆၇၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၄၈၅၀ | □ | ၁၉၂၀၀ | □ | ၁၂၅၀၀ | □ | ၄၁၅၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၀၀၀ | △ | ၂၅၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၄၂၀ | △ | ၂၁၀၀၀ | △ | - | - | ၃၈၀၀၀ | △ |
| မန္တလေး | ၆၅၀၀ | □ | ၂၇၀၀၀ | △ | - | - | ၄၁၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၃၀၀၀ | △ | - | - | ၄၀၀၀၀ | △ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၂၅၀ | □ | ၃၂၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၂၃၀၀၀ | △ | - | - | ၄၀၀၀၀ | △ |
| ဘားအံ | ၅၄၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၉၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၈-၈-၂၀၁၇ မှ ၁-၉-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 875 | 49,780,101.378 |
| 2 | Form D | 50 | 2,009,430.010 |
| 3 | Form E | 113 | 6,922,701.990 |
| 4 | Korea GSP | 9 | 109,650.300 |
| 5 | Form AK | 113 | 7,429,471.910 |
| 6 | Form AJ | 15 | 430,684.160 |
| 7 | Form AI | 80 | 3,567,904.322 |
| 8 | Form AANZ | 10 | 142,256.160 |
| 9 | Form DFTP | 2 | 47,775.780 |
| **Grand Total** | | **1267** | **70,439,976.010** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁-၉-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၅/၈ | ၁/၉ | ပြောင်းလဲမှု | ၂၅/၈ | ၁/၉ | ပြောင်းလဲမှု | ၂၅/၈ | ၁/၉ | ပြောင်းလဲမှု | ၂၅/၈ | ၁/၉ | ပြောင်းလဲမှု |
| မတ်ပဲ | - | ၉၇၃ | - | ၁၃၃၃ | ၁၀၆၇ | ▼ | ၁၃၂၅ | ၁၀၀၀ | ▼ | ၁၃၀၀ | ၉၇၅ | ▼ |
| ပဲစင်းငုံ | - | ၇၆၀ | - | ၇၅၈ | ၇၃၇ | ▼ | ၇၃၀ | ၇၃၀ | ■ | ၇၀၀ | ၇၃၀ | ▲ |
| ပဲတီစိမ်း | - | ၁၅၀၀ | - | ၁၆၇၉ | ၁၇၉၆ | ▲ | - | - | - | ၁၃၃၅ | ၁၃၃၅ | ■ |
| ကုလားပဲရိုးရိုး | ၂၆၀၀ | ၂၇၀၀ | ▲ | ၂၂၀၁ | ၂၂၈၈ | ▲ | ၂၁၀၄ | ၂၂၇၉ | ▲ | ၂၀၈၈ | ၂၂၁၀ | ▲ |
| ပဲလွန်းဖြူ | ၁၆၆၅ | ၁၇၅၀ | ▲ | - | - | - | - | - | - | ၁၅၀၀ | ၁၅၈၀ | ▲ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၉၅၀ | ▲ | ၂၄၃၆ | ၂၄၃၆ | ■ | - | - | - | ၁၅၈၀ | ၁၅၈၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁-၉-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၅/၈ | ၁/၉ | ပြောင်းလဲမှု | ၂၅/၈ | ၃၁/၈ | ပြောင်းလဲမှု | ၂၅/၈ | ၃၁/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၅၂၀ | ၄၀၀ | ▼ | ၇၈၀ | ၇၃၄ | ▼ | ၇၈၀ | ၇၀၃ | ▼ |
| ပဲစင်းငုံ | ၄၈၀ | ၃၃၀ | ▼ | ၆၇၉ | ၆၄၈ | ▼ | ၆၉၅ | ၆၈၀ | ▼ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၇၉၆ | ၇၅၀ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၁၀၃၀ | ၁၀၃၀ | ■ | ၉၃၆ | ၉၂၂ | ▼ | ၉၅၂ | ၉၆၁ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၇) မှ |
| | (၁၉.၈.၁၇)ထိ | (၂၆.၈.၁၇)ထိ | (၂၆.၈.၁၇) ထိ |
| မတ်ပဲ | ၃၄၉၆၈၆ | ၁၇၆၆၄ | ၃၆၇၃၅၀ |
| ပဲတီစိမ်း | ၉၉၇၄၇ | ၃၄၉ | ၁၀၀၀၉၆ |
| ပဲစင်းငုံ | ၁၉၃၄၄၇ | ၁၀၉၉ | ၁၉၄၅၄၆ |
| ကုလားပဲ | ၃၄၅၆၈ | ၂၂၁ | ၃၄၇၈၇ |
| ပဲလွန်းဖြူ | ၁၂၃၇၁ | ၈၆ | ၁၂၄၅၇ |
| မြေထောက်ပဲ | ၈၇၁၀ | ၂ | ၈၇၁၂ |

## ဩဂုတ်လကုန်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့် ဈေးနှုန်း

ပခုက္ကူ ကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီ ဈေးအနည်းငယ်ကျဆင်းလျက်ရှိပြီး တစ်တင်းလျှင်ကျပ်၁၃၈၀၀ဖြင့် တင်း၁၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ကုလားပဲဈေးနှုန်းများမှာ အနည်းငယ်ကျလျက်ရှိပြီး အရောင်းအဝယ်အေးနေကာ ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၄၃၀၀၀၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၄၁၀၀၀ဈေးနှင့် ကုလားပဲဖြူလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၄၁၅၀၀ ဈေးများဖြင့် တင်း ၇၀ နှင့် ၁၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြစ်ခြေဒေသထွက် ပဲယင်းမှာ တစ်တင်းလျှင် ကျပ် ၁၇၃၀၀ ဈေးဖြင့် တင်း ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ပဲတီစိမ်း (သစ်)တစ်တင်းလျှင် ကျပ် ၂၈၆၀၀ ဈေးဖြင့်တင်း ၅၀ကျော်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပခုက္ကူဒေသထွက် နှမ်းညို တစ်တင်းလျှင် ကျပ် ၂၈၁၀၀၊ နှမ်းဝါ(ပြင်)တစ်တင်းလျှင် ကျပ် ၃၁၀၀၀၊ နှမ်းဝါ (ယော)တစ်တင်းလျှင် ကျပ် ၃၂၅၀၀ ဖြင့် ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။

နှမ်းနက်(စမုံ) တစ်တင်းလျှင်ကျပ် ၃၈၅၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဒေသထွက်ကုန်ဖြစ်သည့် မြေပဲဆီ(ဆုံဆီ)တစ်ပိဿာဈေးနှုန်းမှာလက်ကားဈေး ကျပ် ၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ကြက်သွန်နီ တစ်ပိဿာလျှင် ထိပ်စ ၁၅၅၀ ကျပ်၊ အလတ်စကျပ်၁၄၀၀၊ အနိမ့်စကျပ် ၁၃၅၀ ဈေးဖြင့် တစ်နေ့လျှင် ပိဿာချိန် ၁၅၀၀၀ မှ ၃၅၀၀၀ ကြား နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

## ဩဂုတ်လကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်တွင်းဝယ်လက်ပဲအားလုံးလိုလို ဈေးကောင်းရလျက်ရှိ

ဩဂုတ်လကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပြည်ပဝယ်လက်ပဲများထက် ပြည်တွင်းဝယ်လက်အဓိက အရောင်းအဝယ်ဖြစ်သော ပဲများထဲမှ အချို့ပဲများ အရောင်းအဝယ်ပိုသွက်ခဲ့သလို ဈေးလည်းကောင်းနေခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲနှင့် ပဲစင်းငုံမှာ ပြီးခဲ့တဲ့တစ်ပတ်မှစ၍ အိန္ဒိယဝယ်လက်အဝယ်ရပ်သွားတဲ့အတွက် ဈေးကွက်အတွင်း အရောင်းအဝယ်မဖြစ်တော့ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာတော့ မတ်ပဲသီးနှံအိတ်အနည်းငယ်ကို ငွေလို၍ရောင်းချသူများရှိမှုအပေါ် အနိမ့်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတစ်တင်းလျှင် ကျပ်နှစ်သောင်းအောက် ကျဆင်းသွားပြီး တစ်တင်းကျပ် ၁၈၀၀၀ ဖြင့် အနည်းငယ်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

ပဲတီစိမ်းသီးနှံကတော့ ပန်းတောင်း၊ မင်းတုန်း ၊ကံမမြို့နယ်များမှအိတ် ၂၀၀ ခန့် ဆက်လက် ဝင်ရောက်လျက်ရှိကာ မန္တလေးဝယ်လက်က တရုတ်ဝယ်လိုအားရှိမှုအပေါ် ပြည်ဈေးကွက်သို့ မှာယူနေကြလို့ တစ်ရက် အိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းလျော့နည်းကျဆင်းလာတဲ့အတွက် တစ်တင်းကျပ် ၂၈၀၀၀ မှကျပ် ၂၅၀၀၀ခန့်ထိ တစ်တင်းကျပ် သုံးထောင်ကျော်လျော့သွားခဲ့တာကို တွေ့ရပါတယ်။ သို့သော်လည်း ယခင်နှစ်က တစ်တင်းကျပ် ၂၁၅၀၀ ဖြင့်သာ ဩဂုတ်လကုန်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခုနှစ် ဈေးက ယခင်နှစ်ဈေးထက် ဈေးကောင်းခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဝယ်လက်များအနေဖြင့် ဒေသတွင်း စားသုံးမှုများသော ကုလားပဲသီးနှံနှင့် ပဲကြီးသီးနှံများကတော့ ပြည်ပဝယ်လက်ပဲများ ဈေးအေးချိန်မှာ ဈေးတရိပ်ရိပ်တက်လျက်ရှိကြောင်းတွေ့ရပါတယ်။ ကုလားပဲသီးနှံမှာ ပဲအဝင်ပါးလာခဲ့ပေမယ့် လက်ကျန်ပဲများရှိခဲ့လို့ ခွဲစက်သမားဝယ်လိုအားရှိမှုအပေါ် အိတ် ၂၀၀ ကျော် ၃၀၀ခန့် နေ့စဉ်ရောင်းချခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၄၄၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပိုရလာပြီး ယခင်နှစ်ကာလတူက တစ်တင်းကျပ် ၄၃၀၀၀ခန့်ရရှိနေတဲ့အတွက် ယခင်နှစ်ကဈေးထက်လည်း ဈေးပိုရလာတာကို တွေ့ရပါတယ်။

ပဲကြီးသီးနှံမှာလည်း ပဲအဝင်မရှိဘဲ လက်ကျန် ပဲများအား ပဲကြော်ဖိုလုပ်ငန်းသမားများနေ့စဉ်ဝယ်ယူမှုရှိတာကြောင့် အိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်နေခဲ့ပြီး (ရွှေကျွန်း) တစ်တင်းကျပ်၅၀၀၀၀မှ ကျပ်၅၃၀၀၀၊(ကမ်းနား) တစ်တင်းကျပ် ၄၅၀၀၀ မှကျပ် ၄၆၀၀၀ထိဈေးနှုန်းများ တစ်ပတ်ပြီးတစ်ပတ် မြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ ယခုအချိန်မှာတော့ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ကုလားပဲသီးနှံနဲ့ပဲကြီးသီးနှံမှာ အရောင်းအဝယ်လည်းသွက်၊ ဈေးလည်းတက်နေတဲ့ ပဲများဖြစ်နေခဲ့တယ်လို့သိရပါတယ်။

လက်လီပဲဈေးကွက်အတွင်းမှာတော့ ကုလားပဲနှင့် ပဲကြီးသီးနှံဈေးနည်းတူ ဈေးပြိုင်ဈေးကောင်းရနေတဲ့ ပဲသီးနှံမှာ စားတော်ပဲသီးနှံဖြစ်ခဲ့ပြီး ပဲတစ်တင်းကျပ် ၄၆၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ လက်လီအိတ်အနည်းငယ်စီ နေ့စဉ်ရောင်းချနေကြရတာကို တွေ့ရပါတယ်။ စားတော်ပဲသီးနှံမှာ နှစ်စဉ်လိုလို ဈေးကောင်းရခဲ့တဲ့အတွက် ယခင်နှစ်ကာလတူက တစ်တင်းကျပ် လေးသောင်းခန့် ရရှိခဲ့ပြီး ယခုနှစ်မှာတော့ ဈေးထပ်မံပိုရခဲ့တဲ့အတွက် ယခင်နှစ်ထက်ပင် ကျပ်ခြောက်ထောင်ခန့် ပိုရလျက်ရှိခဲ့ပါတယ်။ ပဲနီပြားသီးနှံမှာ ယခုလကုန်ပတ်အတွင်း ဈေးအမြင့်အတိုင်း ဆက်လက်ဈေးငြိမ်လျက်ရှိကာ တစ်တင်းကျပ် ၃၁၀၀၀ ခန့်ဖြင့် အိတ်အနည်းငယ်သာ လက်လီအရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ယခင်နှစ်က ပဲနီပြားသီးနှံရဲ့ ဩဂုတ်လကုန်ဈေးနှုန်းမှာ တစ်တင်းကျပ် ၂၅၀၀၀ခန့်သာ ရရှိခဲ့လို့ ယခုနှစ်တွင်တော့ အခြားပြည်တွင်းဝယ်လက်ပဲများနည်းတူ ဈေးကောင်းရလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ဩဂုတ်လကုန်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်နီ(မြောင်)တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ၊ ကျွန်းဆန်မှာ တစ်ပိဿာလျှင် ကျပ် ၂၂၅၀၊ S1 (မြေပဲဖြူလုံးဆန်) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ရေစကြိုဒေသထွက် စွန်တာပြာ တစ်တင်းလျှင် ကျပ် ၂၇၀၀၀၊ ပဲဇီးကွက် တစ်တင်းလျှင် အနိမ့်ဈေးကျပ် ၂၉၀၀၀ နှင့် အမြင့်ဈေးကျပ် ၃၀၀၀၀၊ ပဲနီပြား တစ်တင်းလျှင် အနိမ့်ဈေး ကျပ် ၂၅၀၀၀ နှင့် အမြင့်ဈေးကျပ် ၂၆၀၀၀ ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် တင်း ၅၀ ကျော်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းတွေ့ရသည်။ ကုလားပဲများဖြစ်သော HL တစ်တင်းလျှင် ကျပ်၄၁၀၀၀၊ 929တစ်တင်းလျှင် ကျပ် ၄၁၅၀၀၊ ကုလားပဲဖြူလုံးကြီး V2တစ်တင်းလျှင် ကျပ် ၄၂၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ နှမ်းဖြူသန့် အနိမ့်ဈေးကျပ် ၃၂၀၀၀ ၊ အမြင့်ဈေး ကျပ် ၃၄၀၀၀ ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

## မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်တွင် ကုလားပဲဈေးကွက်ဈေးအမြင့်နဲ့အရောင်းအဝယ်ဖြစ်

မုံရွာကုန်စည်ဒိုင်ရှိပဲမျိုးစုံဈေးကွက်တွင် ပြည်ပဝယ်လက် ပဲများဖြစ်တဲ့ ပဲစင်းငုံနဲ့မတ်ပဲသီးနှံဈေးနှုန်းများ ဆက်တိုက် ကျဆင်းလျက်ရှိပြီး ကုလားပဲဈေးကွက်ကတော့ မျိုးပဲအဝယ်လိုက်၍ ဈေးအမြင့်နဲ့အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကုလားပဲဖြူလုံးကြီး တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၄၃၀၀၀၊ ထိုင်ဝမ်တစ်တင်း ကျပ် ၄၀၃၀၀၊ 929 ကျပ် ၄၁၅၀၀၊ V7ကျပ် ၅၅၅၀၀ အသီးသီးပေါက်လျက်ရှိပြီး ယခင်တစ်ပတ်ပေါက်ဈေးထက် ဈေးမြင့်နေကာ ဒေသတွင်း ကြာဆန်စက်၊ ပဲခွဲစက်များနှင့် မျိုးပဲအဝယ်များရှိခြင်းတို့ကြောင့်ဈေးအမြင့်နဲ့ အရောင်းအဝယ်သွက်လျက်ရှိကြောင်းသိရပါတယ်။ ပဲစင်းငုံသီးနှံနှင့် မတ်ပဲသီးနှံသည် အိန္ဒိယသို့ အဓိကတင်ပို့တဲ့သီးနှံဖြစ်လို့အိန္ဒိယအစိုးရက ၎င်းသီးနှံကို ကန့်သတ်ကုန်စည်အမျိုးအစားထဲ ထည့်သွင်းလိုက်ခြင်းကြောင့် ဈေးနှုန်းကျဆင်းပြီး အရောင်းအဝယ်လည်း အနည်းငယ် အေးသွားကြောင်းသိရပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ ပဲဝင်ရောက်မှုနည်းလာပြီး၊ အရောင်းအဝယ်လည်း အေးနေကြောင်းသိရပါတယ်။ ယခု တစ်ပတ်ပဲစင်းငုံတစ်တင်း ပေါက်ဈေးနှုန်းမှာ ကျပ် ၁၄၂၀၀၊ မတ်ပဲသီးနှံတစ်တင်း ကျပ်၁၉၀၀၀၊ ပဲတီစိမ်း အရည်အသွေးအလိုက် တစ်တင်းကျပ်၂၃၀၀၀ မှ ကျပ်၂၇၅၀၀နှုန်းအသီးသီးပေါက်လျက်ရှိကြောင်းသိရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ပဲကြီး၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ဂျုံ၊ CPပြောင်းစသည့်သီးနှံများလည်းဈေးနှုန်း အတက်၊အကျအနည်းငယ်ဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက် ရှိကြောင်းသိရပါတယ်။

ယခုတစ်ပတ်ပဲကြီးတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၆၀၀၀၀ မှ ကျပ် ၅၈၀၀၀နဲ့ ပဲကြော်ဖိုသမားများနှင့် မျိုးသမားများက ဝယ်ယူလျက်ရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ စွန်တာနီပဲတစ်တင်းလျှင် ကျပ် ၂၇၀၀၀၊ ပဲနီလုံးကြားတစ်တင်းလျှင် ကျပ် ၃၂၅၀၀၊ ထောပတ်ပဲတစ်တင်းလျှင် ကျပ် ၂၈၀၀၀၊ မြေထောက်ပဲတစ်တင်းလျှင် ကျပ် ၃၇၀၀၀၊ ဂျုံတစ်တင်းလျှင် ကျပ် ၂၀၀၀၀၊ CPပြောင်းတစ်တင်းလျှင် ကျပ် ၉၅၀၀နှုန်းနဲ့ အသီးသီးပေါက်လျက်ရှိကြောင်းသိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၃၁ . ၈ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ငံရပ်သင်္ဘောဆိပ်ကမ်း | - MT.AU VIRGO | P.Oil(In Bulk) ၄၂၅၀ ကုန်ချဆဲ |
| ထီးတန်းဆီသင်္ဘောဆိပ်ကမ်း | - MT.BOSS OIL-1 | P.Oil(In Bulk) ၅၈၀၀ ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - MAX CRUSADER | ကုန်သေတ္တာ ၅၁၃ ကုန်တင်ဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - SIMA PERFECT | ကုန်သေတ္တာ ၅၈၆ ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - MAJESTY | ဆန် ၂၅၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - AGIA DOXA | ဆန် ၂၆၂၅၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - LEO STAR-1 | ဆန် ၂၀၅၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - PAX | ဆန် ၂၄၈၀၀ တန် ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - TAN BINH-127 | ဆန် ၁၁၀၀၀ တန် ကုန်တင်ဆဲ |
| Myanmar Integrated Port Ltd. | - STAR MASAYA | Steel ၁၀၀၀၀ တန် ကုန်ချရ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| LETAI | Steel Ammonium levitate ၁၅၄၇၉ တန် ကုန်ချရန် | CHINA | ၁ . ၉ . ၂၀၁၇ |
| CONTI LAPIS LAZULI | Steel & Fertilizer | CHINA | ၂ . ၉ . ၂၀၁၇ |
| FULL LOAD | Flag Change | CHINA | ၂ . ၉ . ၂၀၁၇ |
| LEADER SW | MACHINERY&STEEL ၂၀၀၀တန် ကုန်ချရန် | JAPAN | ၃ . ၉ . ၂၀၁၇ |
| HAN THAR | Steel Products တန် ၅၁၀၀ ကုန်ချရန် | INDIA | ၃ . ၉ . ၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၁. ၈. ၂၀၁၇ |
| EVER ALLY | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁. ၉. ၂၀၁၇ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂. ၉. ၂၀၁၇ |
| SHAMIN | SINGAPORE | သီလဝါဆိပ်ကမ်း | ၂. ၉. ၂၀၁၇ |
| KOTA RATAN | SINGAPORE | သီလဝါဆိပ်ကမ်း | ၂. ၉. ၂၀၁၇ |
| HUNSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂. ၉. ၂၀၁၇ |
| SINAR BATAM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂. ၉. ၂၀၁၇ |
| BLPL TRUST | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၂. ၉. ၂၀၁၇ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃. ၉. ၂၀၁၇ |
| MCC ANDALAS | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃. ၉. ၂၀၁၇ |
| DAWEI | MALAYSIA | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၄. ၉. ၂၀၁၇ |
| MAERSKWARSAW | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅. ၉. ၂၀၁၇ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅. ၉. ၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၃၁. ၈. ၂၀၁၇ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၃၁. ၈. ၂၀၁၇ |
| MT.AULAC JUPITER | ဒီဇယ်ဆီ | SINGAPORE | ၂. ၉. ၂၀၁၇ |
| MT.PRIMROSE | P'Oil | INDONESIA | ၂. ၉. ၂၀၁၇ |
| MT.FLY GURNARD | ဒီဇယ်ဆီ | SINGAPORE | ၂. ၉. ၂၀၁၇ |
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၃. ၉. ၂၀၁၇ |
| MT.YU RU | MOGAS 92 RON | SINGAPORE | ၄. ၉. ၂၀၁၇ |
| MT.CORVUS | P'Oil | INDONESIA | ၄. ၉. ၂၀၁၇ |

# ဩဂုတ်လအတွင်း ကယားပြည်နယ်မှ အခြားမြို့များသို့ ဆန်ပိုမိုတင်ပို့

ကယားပြည်နယ်တွင် ယခုဩဂုတ်လအတွင်း ကယားပြည်နယ်မှ အခြားမြို့များသို့ ဆန်ပိုမိုတင်ပို့လျက်ရှိ ကြောင်း မြို့ဦးဂိတ်စာရင်းအရသိရှိရပါတယ်။

ယခင်ဇူလိုင်လအတွင်းက အခြားမြို့များသို့ ဆန်အိတ်ပေါင်း ၄၆၄၅ အိတ် တန်ချိန်အားဖြင့် ၂၃၃ တန်တင်ပို့ခဲ့ပြီး ဩဂုတ်လအတွင်းမှာတော့ ဆန်အိတ်ပေါင်း ၁၃၃၇၅ အိတ် ခန့် တန်ချိန်အားဖြင့် ၆၇၂ တန်ခန့်တင်ပို့ခဲ့တာကြောင့် ယခင်လထက် ၄၃၉ တန်ခန့်ပိုမိုတင်ပို့ထားကြောင်း၊ ဩဂုတ်လအတွင်း အခြားမြို့ကြီးများမှ ကယားပြည်နယ်အတွင်းသို့ ဆန်တင်သွင်းလာရာတွင်လည်း ရန်ကုန်မြို့မှ ၆၁၆၀ အိတ်၊ မန္တလေးမြို့မှ ၉၁၆၀အိတ်၊ ရွှေဘိုမြို့မှ ၈၅၈၀ အိတ်တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၂၄၁၀၀ အိတ် တန်ချိန်အားဖြင့် ၁၂၁၀ တန်ခန့် တင်သွင်းခဲ့ကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၄၉၀၀၀၊ တစ်ပြည်လျှင် ကျပ် ၂၁၀၀၊ ပေါ်ကျွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ တစ်ပြည်လျှင် ကျပ် ၁၂၅၀၊ ဧည့်မထ(ဒေသ)ဆန် တစ်အိတ်လျှင် ကျပ် ၃၂၀၀၀၊ တစ်ပြည်လျှင် ၁၃၅၀ ကျပ်၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၀၅၀၀၊ တစ်ပြည်လျှင် ကျပ် ၉၀၀၊ စပါး(အသစ်)တင်း ၁၀၀ လျှင် ကျပ် ၆၅၀၀၀၀၊ စပါး(အဟောင်း)တင်း ၁၀၀ လျှင် ကျပ် ၇၀၂၅၀၀ ဈေးရှိကြောင်းသိရှိရပါတယ်။ အခြားသောဆန်အမျိုးအစားများဈေးငြိမ်လျက်ရှိပြီး ဧည့်မထ (ဒေသ)ဆန်သာ ဈေးအနည်းငယ်မြင့်တက်လာကြောင်း ကယားကုန်ဈေးနှုန်းသတင်းအရ သိရှိရပါတယ်။

**ထွန်းနိုင်လင်း (လွိုင်ကော်)**

# မအူပင်ခရိုင်တွင် နှွေစပါးဈေးကောင်းရလျက်ရှိသကဲ့သို့ ကောက်စောစပါးများလည်း အခြေအနေကောင်းလျက်ရှိ

မအူပင်ခရိုင်တွင် နှွေစပါးများဈေးကောင်းရလျက်ရှိသကဲ့သို့ကောက်စောစပါးများလည်း အခြေအနေကောင်းလျက်ရှိကြောင်း မအူပင်မြို့နယ်ဆန်စက်ပိုင်ရှင်တစ်ဦးကပြောကြားခဲ့သည်။

မအူပင်မြို့နယ်ရှိကျော်ပဒေသာဆန်စက်ပိုင်ရှင် ဦးတင်မင်းက ယခုရက်ပိုင်းတွင်ပွဲထောင်များ၊ ထော်လာဂျီများနှင့် နွေစဉ်စပါးတင်းတစ်ထောင်ကျော်လာရောက်ရောင်းချလျက်ရှိကြောင်း၊ ယခုကဲ့သို့ စပါးရောင်းအားကောင်းလာခြင်းမှာ နွေစပါးသီးထပ်ရင်တင်းတစ်ရာလျှင်ကျပ် ၅၃၀၀၀၀ ရှိပြီး ဈေးကောင်းရနေကြောင်း၊ ရန်ကုန်ဘုရင့်နောင်ပွဲရုံများမှ မအူပင်အနိမ့်ဆန်တစ်အိတ်လျှင်ကျပ် ၁၉၀၀၀ မှ ကျပ် ၂၀၀၀၀ တို့ဖြင့် လာရောက်ဝယ်ယူနေကြသဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ထိုကဲ့သို့ နွေစပါးဈေးကောင်းရနေသဖြင့် လာမည့်တစ်လကျော်ခန့်တွင် ထွက်ပေါ်တော့မည့်ကောက်စောစပါး ဈေးကွက်မှာလည်း အခြေအနေကောင်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။

မအူပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊မအူပင်မြို့နယ်ဆန်စက်ပိုင်ရှင်များအသင်းမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည်မအူပင်မြို့နယ်ရှိဆန်စက်ကြီးများနှင့်ငါးပုံဟာလာဆန်စက်များကိုလိုင်စင်သက်တမ်းတိုးကိစ္စများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက်အသိပညာပေးကိစ္စများ၊ အခွန်ဘဏ္ဍာများကိုစနစ်တကျလိုက်နာထမ်းဆောင်ရန်ကိစ္စများ၊ မအူပင်မြို့နယ် ဆန်စပါးဈေးကွက်အောင်မြင်ခိုင်မာရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန်ဆန်စက်တစ်စက်ချင်းစက်ပိုင်များနှင့်တွေ့ဆုံစဉ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

ထိုကဲ့သို့ဆွေးနွေးရာတွင်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည့်ဈေးကွက်ရှာဖွေမှု မတည်ရင်းနှီးမှုအတွက် ဘဏ်များနှင့်ချိတ်ဆက်ပေးရန်၊ ကုမ္ပဏီများနှင့်ချိတ်ဆက်ပေးနိုင်မှုတို့အပြင် စက်ပိုင်ရှင်အသင်းမှလည်း လိုအပ်သည်များကိုအသင်းအဖွဲ့စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

Comsumer MT

# မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် မြေပဲဆန်ဈေးငြိမ်လျက်ရှိ

မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ယခုတစ်ပတ်ဆီထွက်သီးနှံဖြစ်သော မြေပဲဆန်ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးအတိုင်းဈေးငြိမ်လျက်ရှိပြီး ဝင်ရောက်မှုလည်းနည်းလာ၍အဝင်ရှိသလောက် ဒေသတွင်း ဆားလှော်သမားများနှင့် ဆီစက်သမားများက ဝယ်ယူလျက်ရှိကာ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

မြေပဲဆန်များကို မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ်အိတ် ၁၀၀၀ခန့် ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ် မြေပဲဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ၂၃၅၀ ကျပ်နဲ့ အိတ် ၃၀၀ခန့်၊ (လုံးဆန်နီ) ၂၂၅၀ ကျပ်နဲ့ အိတ် ၃၀၀ ခန့်၊ (ဆီဆန်) ကျပ်၂၁၀၀ မှ ၂၂၀၀ နဲ့ အိတ် ၂၀၀ ခန့်အသီးသီး အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မြေပဲဆန်တစ်ပိဿာပေါက် ဈေးနှုန်းမှာ(လုံးဆန်ဖြူ) ကျပ် ၂၄၀၀၊(လုံးဆန်နီ)ကျပ်၂၃၀၀၊ (ဆီဆန်)ကျပ်၂၁၀၀ နှုန်းပေါက်လို့ ယခုတစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးကွာခြားမှုမရှိကြောင်း တွေ့ရပါတယ်။

မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်က ဝယ်ယူလျက် လုံးဆန်နီကို မန္တလေး ဝယ်လက်က ဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်းဆီစက်သမားများနှင့်ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိလို့ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ)**



# ကယားပြည်နယ်တွင် ပြောင်းဈေးတက်ရိပ်ပြ

ကယားပြည်နယ်တွင် ယခုတစ်ပတ်အတွင်းပြောင်းဈေးအနည်းငယ်တက်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးထံမှ စုံစမ်းသိရှိရပါတယ်။ ယခင်တစ်ပတ်က ပြောင်း(စို)တစ်ပိဿာလျှင် ၄၂၀ ကျပ်၊ ပြောင်းအခြောက်တစ်ပိဿာလျှင် ၄၄၀ ကျပ် ဈေးပေါက်ပြီး ယခု တစ်ပတ်မှာ ပြောင်း(စို)တစ်ပိဿာလျှင် ၄၆၀ ကျပ်၊ ပြောင်း (ခြောက်) တစ်ပိဿာလျှင် ၄၈၀ ကျပ် ဈေးရှိတာကြောင့် ဈေးအနည်းငယ်မြင့်တက်ကြောင်း စီးပွားရေး လုပ်ငန်းရှင်တစ်ဦးထံမှ စုံစမ်းသိရှိရပါတယ်။

ပြောင်းဈေးကောင်းလာတာနဲ့အမျှ အခြားမြို့များသို့ ပြောင်းပိုမိုတင်ပို့လျက်ရှိကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။ ယခင်ဇူလိုင်လအတွင်း အခြားမြို့များသို့ ပြောင်းအိတ် စုစုပေါင်း ၆၇၀၀ အိတ်ခန့် တန်ချိန်အားဖြင့် ၃၃၆ တန်ခန့်တင်ပို့ပြီး ဩဂုတ်လအတွင်း အခြားမြို့များသို့ ပြောင်းအိတ်စုစုပေါင်း ၉၄၅၀ အိတ်ခန့် တန်ချိန်အားဖြင့် ၄၇၅ တန်ခန့် တင်ပို့ခဲ့ တာကြောင့် ယခင်လထက်ပြောင်း ၁၃၉ တန်ခန့်ပိုမိုတင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ ပြောင်း တင်ပို့ရာတွင်လည်း မန္တလေးမြို့သို့ အများဆုံးတင်ပို့ကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။

**ထွန်းနိုင်လင်း(လွိုင်ကော်)**

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက်တွင် ဈေးနှုန်းများ ပြန်လည်မြင့်တက်

ယခုတစ်ပတ်ရဲ့ ပြည်ကြက်သွန်နီဈေးကွက်အတွင်း လက်လီရောလက်ကားပါ ပြန်လည်မြင့်တက်လျက်ရှိနေတာတွေ့ရပါတယ်။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေ၍ သယ်ယူခနှုန်းထားများမြင့်တက်မှုကြောင့် တစ်ပိဿာလျှင် ပျမ်းမျှ ကျပ် ၁၀၀ မှ ၁၅၀ ထိ ဈေးနှုန်းများ မြင့်တက်လာကြောင်း သိရပါတယ်။ အချို့စိုက်ပျိုး တောင်သူများထံတွင် ကြက်သွန်နီ လက်ကျန်များ သိုလှောင်ထားရှိကာ တက်ဈေးမျှော်လျက်ရှိကြောင်းလည်း ပြည်ပွဲရုံကုန်သည်များထံမှစုံစမ်းသိရှိရပါတယ်။ ဝင်ရောက်မှုအားဖြင့် ဆိပ်ဖြူပခုက္ကူစများ ဝင်ရောက်မှု ပိုမိုနေပြီး တစ်နေ့လျှင် အိတ် ၂၀၀ ဆံ့ ကုန်ကား နှစ်စီးခန့် ပုံမှန်ဝင်ရောက်မှုရှိကြောင်းလည်း သိရပါတယ်။ အရောင်းအဝယ်အနေနဲ့ကတော့ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပိဿာ ၃၀၀၀အိတ် ၁၀၀ခန့် ပိုမိုအရောင်းအဝယ်ဖြစ်နေပြီး ဈေးကွက်မှ ဧရာဝတီ၊ ရခိုင်တို့သို့တင်ပို့ခြင်း၊ ဒေသတွင်းဝယ်လက်သမားများ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် အရောင်းအဝယ်ဖြစ်နေတာတွေ့ရပါတယ်။ ဈေးနှုန်းအနေနဲ့ ပြည်ပွဲရုံများတွင် လက်ကား တစ်ပိဿာ (ကြီး ) ကျပ် ၁၇၅၀၊ (လတ်) ကျပ် ၁၇၀၀၊ (သေး) ကျပ် ၁၆၅၀ တို့ ဖြစ်ပြီး လက်လီဈေးအသေးများတွင် (ကြီး) ကျပ် ၂၁၀၀၊ (လတ်) ကျပ် ၁၉၀၀- ၂၀၀၀၊ (သေး)ကျပ် ၁၈၀၀ တို့ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ ဈေးကွက်အတွင်းတွင် တရုတ် ကြက်သွန်နီနှင့် အိန္ဒိယ ကြက်သွန်နီများ မတွေ့ရှိတော့ဘဲ အရည်အသွေးညံ့သဖြင့် စားသုံးသူများက ဝယ်ယူသုံးစွဲမှုမရှိတော့ကြောင်းလည်းသိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

# မုံရွာကြက်သွန်နီဈေး အနည်းငယ်မြင့်တက်

မုံရွာ(ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီဈေးများပြန်လည်မြင့်တက်လာတာတွေ့ရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ရန်ကုန်နှင့် မန္တလေးတို့မှ အဝယ်လိုက်၍ အရောင်းအဝယ်သွက်နေကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။ ကြက်သွန်နီ ပိဿာ ၁၀၀၀၀ ကျော်အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များနှင့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက် ဒေသများသို့ တင်ပို့ ရောင်းဝယ်လျက်ရှိပြီး အရောင်းအဝယ် အနည်းငယ်သွက်နေကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။


ယခုတစ်ပတ်ပွဲရုံများတွင် ကြက်သွန်နီ တစ်ပိဿာ လက်ကားဈေးမှာ (ကြီး) ကျပ်၁၆၀၀၊ (လတ်) ကျပ် ၁၅၀၀၊ (သေး)ကျပ် ၁၄၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးမှာ(ကြီး)ကျပ် ၁၉၀၀၊(လတ်)ကျပ် ၁၈၀၀၊ (သေး) ကျပ် ၁၇၀၀ နှုန်းနဲ့ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်လက်ကားဈေးနှုန်းမှာ(ကြီး)ကျပ်၁၅၀၀၊ (လတ်) ကျပ် ၁၄၀၀၊ (သေး) ကျပ် ၁၃၀၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ(ကြီး) ကျပ် ၁၇၀၀၊ (လတ်) ကျပ် ၁၆၀၀၊ (သေး) ကျပ် ၁၅၀၀နှုန်းပေါက်လို့ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက်မြင့်တက်နေကြောင်းတွေ့ရပါတယ်။

မုံရွာပွဲရုံသို့ နေ့စဉ်ကြက်သွန်ဖြူ ပိဿာ ၁၀၀၀ခန့်အဝင်ရှိပြီး ပေါက်ဈေးကတော့ အနည်းငယ်သာအတက်အကျရှိကြောင်း၊ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူတစ်ပိဿာ ပွဲရုံပေါက်ဈေးနှုန်းမှာ(ဗမာ)ကျပ် ၃၅၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊ (ကြူကုတ်)ကျပ် ၂၀၀၀နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြူကုတ်)ကျပ် ၂၅၀၀နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ)**

## မန်ကျည်း

# ပင်လယ်ရေကြောင်းလမ်းမှ ဘင်္ဂလားဒေ့ရှ်သို့ မန်ကျည်းတန်ချိန် ၂၀၀ တင်ပို့



ဩဂုတ်လ၂၀ရက်မှ၂၆ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း တန်ချိန် ၂၀၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်း တန် ၅၀နဲ့နှိုင်းယှဉ်ရင် တန်ချိန်၁၅၀ ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ချင်း

# စစ်တွေရော မောင်တောမှပါ ချင်းလျော့နည်းတင်ပို့

ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့ မောင်တောကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၅၀၅၃၀ တန်ဖိုးရှိ ချင်းစို ၁၈၄ တန်ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာစစ်တွေမှ တန် ၂၀၊ မောင်တောမှ ၁၆၄ တန်ကျော် ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က စစ်တွေမှ ၅၇ တန်၊ မောင်တောမှ ၁၈၂ တန် စုစုပေါင်း တန်ချိန် ၂၃၉ တန် ပိုမိုတင်ပို့ခဲ့လို့ ယခုတစ်ပတ် ချင်း ၅၅ တန် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ စစ်တွေမှာ ချင်းတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ယခုတစ်ပတ်မှာ ၁၀၃၅၂၇၂ ကျပ်ရှိပြီး ယခင်နှစ် ကာလတူက ကျပ် ၉၀၂၁၂၀ ဈေးရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

## နနွင်း

# ပင်လယ်ရေကြောင်းလမ်းမှ နနွင်းတန်ချိန် ၃၀၀ နီးပါးတင်ပို့

ဩဂုတ်လ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၂၇၂ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်စော်ဘွားများပြည်ထောင်စုသို့ ၅၄တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၄၀၊ သီရိလင်္ကာနိုင်ငံသို့ ၅ တန်၊ အိန္ဒိယနိုင်ငံသို့ ၂၈ ဒသမ ၅၀ တန်နဲ့ မလေးရှားနိုင်ငံသို့ ၄၅ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်း ၃၂ တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နနွင်းတန်ချိန် ၂၄၀ ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၀၃ ဝန်းကျင်ရရှိခဲ့လို့ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၉၁၂၇၃၀ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# မူဆယ်မှ နနွင်းတက် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဩဂုတ် ၁၉ ရက်မှ ၂၅ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၆၆၈၈တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၁၆၃တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၇တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၁၆ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

မူဆယ်မှာ နနွင်းတစ်တန်ရဲ့ မြန်မာဘက်ပေါက်ဈေး(ငွေလဲနှုန်းအရ) ယခု တစ်ပတ်မှာ ကျပ် ၉၆၉၅၄၀ ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၉၃၃၁၀၀ ရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

# မြိတ်မြို့ပေါ်ရှိ ဆေးဆိုင်နှစ်ဆိုင်၊ သောက်ရေသန့် စက်ရုံနှစ်ရုံ၊ ငါးပိအရောင်းဆိုင်တစ်ဆိုင်သို့ကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မိတ်ဖက်အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၂၂ရက်တွင် မြိတ်မြို့ နောက်လယ်ရပ်၊ ကမ်းနားလမ်းရှိ “ ကောင်း ”ဆေးဆိုင်၊ ဆိပ်ငယ်ရပ် ဗိုလ်ချုပ်လမ်းရှိ “ ကိုအင်ငယ် ” ဆေးဆိုင်တို့၌ သုံးစွဲရန် သင့်/မသင့် ကြော်ငြာထားသောဆေးဝါး၊ တရားမဝင်လိုင်စင်မဲ့ သက်တမ်းကုန်ဆေးဝါးများ ရောင်းချနေခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် မြိတ်မြို့အထက်ရေပုန်းရပ်ကွက်ရှိ “ ဇင်ယော်မင်း ”သောက်ရေသန့်၊ ကလွင်ကျေးရွာ မြို့ပတ် (၁)လမ်းရှိ “NAING”သောက်ရေသန့်နှင့်ကန်ဖျားလမ်းမကြီးပေါ်ရှိ ငါးပိရောင်းချနေသည့် “ မချို ”ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်များအားလည်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့ရာတွင် ဆေးဆိုင်များတွင် သက်တမ်းကုန်ဆေးဝါးတချို့တွေ့ရှိရ၍ သိမ်းဆည်းခဲ့ပြီး ခံဝန်ကတိလက်မှတ်များ ရေးထိုးစေခြင်း၊ သောက်ရေသန့်လုပ်ငန်းများ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မှုရှိ/မရှိ စစ်ဆေးခြင်း၊ငါးပိရောင်းချမှုအား စစ်ဆေးပြီး ဓါတ်ခွဲစမ်းသပ်နိုင်ရန်အတွက် နမူနာဝယ်ယူခြင်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ညိုညိုစန်း(မြိတ်)**

# လှိုင်းဘွဲ့မြို့နယ် အခြေခံပညာကျောင်းများနှင့် ကျေးရွာများတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပြီး ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေး

ကရင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဒေါ်ခင်ဒေဝီထွန်းနှင့်တာဝန်ရှိသူများသည် ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် အခြေခံပညာကျောင်း သုံးကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲကျင်းပခဲ့ပြီး ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေးခဲ့ကာ ကျေးရွာသုံးရွာမှ ဒေသခံများအား စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

ဦးစီးမှူးနှင့်အဖွဲ့သည်ဩဂုတ်၁၆ရက်တွင် ကစိုကျေးရွာ အ. လ. က၊ ပိုင်ကျုံကျေးရွာ အ. ထ. ကနှင့် ပတ်ကျောကျေးရွာတို့တွင်လည်းကောင်း၊ ဩဂုတ်၁၇ရက်တွင် ပတ်ကျောကျေးရွာ အ. လ. က၊ပတ်ကျောကျေးရွာနှင့်ကစိုကျေးရွာတို့မှ ဒေသခံများအားလည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရပါတယ်။အဆိုပါဟောပြောပွဲများတွင် ဦးစီးမှူး ဒေါ်ခင်ဒေဝီထွန်းက ဟောပြောပွဲများ ကျင်းပရသည့်ရည်ရွယ်ချက်များအကြောင်းကိုလည်းကောင်း၊အကြီးတန်းစာရေးဒေါ်ခင်ကြည်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းကိုလည်းကောင်း၊ အငယ်တန်းစာရေး ဒေါ်နန်းခင်ဇာဖြူက စားသုံးရန် မသင့်၊ စိတ်ချလုံခြုံရမှုမရှိသော အေးခဲအသားနှင့် စားသုံးဆီအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ကျောင်းမုန့်ဈေးတန်းများ အားစစ်ဆေးရာတွင် သန့်ရှင်းလတ်ဆတ်သောအစားအစာများ ရောင်းချပေးရန်၊ ဓာတုဆိုးဆေးပါသည့်မုန့်များမရောင်းချရန်၊ မုန့်ထုပ်တွင် ရေးသားဖော်ပြထားသော (Expiredate) သက်တမ်းကုန်ဆုံးရက်ကို အဓိကထားကြည့်ရှု၍ ရောင်းချပေးရန် ဈေးသည်များအား မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်ပြည်နယ်)**

# အာဆီယံစီးပွားရေးတိုးတက်မှုကို မြှင့်တင်ရာတွင် သော့ချက်ကျသည့်စီးပွားရေးပုံစံများ

သိန်းမြင့်ဝေ

လက်ရှိအချိန်ကာလတွင် အာဆီယံဒေသအတွင်းရှိ ပိုမိုများပြားလာသော စီးပွားရေးလုပ်ငန်းများက အရှေ့တောင်အာရှဒေသ၏ စီးပွားရေးတိုးတက်မှုကို သိသိသာသာ အထောက်အကူပြုနေပါသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းများက ဝင်ငွေနိမ့်ကျသော ပြည်သူများ (Low-income communities) အတွက် ဝင်ငွေအခွင့်အလမ်းများ ဖြည့်ဆည်းပေးခြင်းအားဖြင့် လည်းကောင်း၊ ဈေးနှုန်းသင့်တင့်မျှတသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးခြင်းအားဖြင့်လည်းကောင်း အထောက်အကူပြုလျက်ရှိသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းပုံသဏ္ဌာန်များ (Types of businesses) ကို အားလုံးအကျုံးဝင်သည့် စီးပွားရေးလုပ်ငန်း (Inclusive Business-IB) ဟူ၍ ခေါ်ဆိုပါသည်။

အားလုံးအကျုံးဝင်သည့် စီးပွားရေးလုပ်ငန်း (IB) သည် ဝင်ငွေနိမ့်ကျသော ပြည်သူများနှင့်အတူ အဓိကကျသော စီးပွားရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ IB သည် ပုံမှန်ဆောင်ရွက်နေကြဖြစ်သော စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ယူမှု (Corporate Social Responsibility-CSR) ထက် ပိုမိုသာလွန်ကောင်းမွန်သည်။ ဆင်းရဲသားပြည်သူများနှင့်အတူ IB ကို ဆောင်ရွက်ရာတွင် ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူ (Suppliers)၊ ကုန်စည်ဖြန့်ဖြူးသူ (Distributors)၊ စားသုံးသူ (Consumers) နှင့် လက်လီရောင်းချသူ (Retailers) စသည်ဖြင့် ပူးပေါင်းပါဝင်ကြသည်။ လတ်တလောစာရင်းများအရ အာဆီယံပြည်သူ ၃၃၂ သန်းသည် ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြသည်။ ထို့ကြောင့် IB ကို တည်ထောင်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများသည် အာဆီယံ၏ အဆိုပါလူဦးရေအများစုကို ဖောက်သည်များအဖြစ် ပိုင်ဆိုင်နိုင်သည့် အခွင့်အရေးကို ရရှိမည်ဖြစ်ပါသည်။

"Inclusive business က ကျွန်တော်တို့ရဲ့ဘဝ အရည်အသွေး (Quality of life) ကို ပိုမိုကောင်းမွန်စေပါတယ်။ အထူးသဖြင့် ဝင်ငွေနည်းပါးတဲ့ပြည်သူတွေ (Low-income communities) အတွက် အလုပ်အကိုင်တွေကို ဖန်တီးပေးပါတယ်။ ဒါ့အပြင် ၂၀၂၅ ခုနှစ် အာဆီယံအသိုက်အဝန်းရဲ့ မျှော်မှန်းချက် (ASEAN Community Vision 2025) ကိုလည်း ကူညီအကောင်အထည်ဖော်ရာ ရောက်ပါတယ်။ ၂၀၂၅ အာဆီယံမျှော်မှန်းချက်က ပြည်သူကိုဗဟိုပြုပြီး ပြည်သူကို ဦးစားပေးတဲ့ အာဆီယံ (People-centered and people-oriented ASEAN) ဖြစ်ပါတယ်" ဟူ၍ ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် IB ကုမ္ပဏီများသည် တရားဝင်မှတ်ပုံတင်ထားသော ကုမ္ပဏီစုစုပေါင်း၏ တစ်ရာခိုင်နှုန်းပင် မရှိသေးပေ။ ထို့ပြင် အဆိုပါကုမ္ပဏီများသည် အာဆီယံ၏ ပုံစံတကျမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ (Informal sector) တွင် တည်ရှိနေဆဲဖြစ်သည်။ သို့သော်လည်း IB ကုမ္ပဏီများသည် များများနှင့် မြန်မြန်တိုးတက်လျက်ရှိပြီး အရှေ့တောင်အာရှဒေသအတွင်း ရင်းနှီးမြှုပ်နှံသူ ၆၀ ရာခိုင်နှုန်းနီးပါးကို ဆွဲဆောင်နိုင်ကြောင်း တွေ့ရသည်။ အဆိုပါကုမ္ပဏီများသည် ပြည်သူသန်းပေါင်းများစွာအပေါ် လူမှုရေးကောင်းကျိုးသက်ရောက်မှု (Positive social impact) ကိုဖြစ်စေပါမည်။ အထူးသဖြင့် ကျန်းမာရေး၊ ရေရရှိရေး၊ စွမ်းအင်နှင့် အိမ်ရာကဲ့သို့သော ကဏ္ဍများတွင် ပိုမိုကောင်းကျိုးပြုနိုင်သည်။

အရှေ့တောင်အာရှဒေသအတွင်း လူမှုရေးကောင်းကျိုးအများဆုံးဖြစ်ထွန်းစေနိုင်သော လုပ်ငန်းအမျိုးအစားမှာ စိုက်ပျိုးရေးကဏ္ဍ (Agri-business sector) ဖြစ်သည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံမှ ကုမ္ပဏီတစ်ခုသည် လယ်သမားငယ် ၃၀၀၀ ကျော်ပါဝင်ဖွဲ့စည်းထားသော သဘာဝဆန်၊ ချီးယားစေ့နှင့် အုန်းသီးထုတ်ကုန်များ (Organic rice, chia and coconut products) ကို ထုတ်လုပ်လျက်ရှိသည်။ ထိုနည်းတူစွာပင် ဖိလစ်ပိုင်နိုင်ငံရှိ ကုမ္ပဏီတစ်ခုကလည်း ကိုကိုးပင်စိုက်ပျိုးသည့် တောင်သူလယ်သမား ၁၀၀၀၀ ကို အဆင့်မြင့်သီးနှံစိုက်ပျိုးကိရိယာများ တပ်ဆင်ပေးခြင်း၊ သင်တန်းများပို့ချခြင်းနှင့် စိုက်ပျိုးရေးနည်းပညာများ (Agri-technologies) သင်ကြားပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါသည်။

အရှေ့တောင်အာရှဒေသတွင် IB ပုံစံကို အကောင်အထည်ဖော်နေသူအများစုမှာ အလတ်စားနှင့် အကြီးစားကုမ္ပဏီများဖြစ်သည်။ ၎င်းတို့သည် CSR အစီအစဉ်များမှလည်းကောင်း၊ လူမှုရေးလုပ်ငန်းများ (Social enterprises-SE) မှ လည်းကောင်း ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါ စီးပွားရေးလုပ်ငန်းများသည် လုပ်ငန်းတိုးချဲ့ရန် အရင်းအနှီးလိုအပ်လျက်ရှိပြီး လယ်သမားငယ်၊ လုပ်ငန်းငယ်နှင့် ဆင်းရဲသောပြည်သူလူထုအတွက် လူမှုရေးကောင်းကျိုးမျှဝေလိုသော လုပ်ငန်းများဖြစ်ကြပါသည်။

ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် ကောင်းမွန်သော CSR ဥပဒေများရှိပါသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများက လိုက်နာဖြည့်ဆည်းရသည့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် လုပ်ငန်းစီမံအုပ်ချုပ်မှု (Environmental, Social and Governance) လိုအပ်ချက်များကိုလည်း ပြဋ္ဌာန်းထားရှိပါသည်။ ထိုဥပဒေနှင့် ပြဋ္ဌာန်းချက်များက IB ပေါ်လစီရေးဆွဲချမှတ်ရေးအတွက် အခြေခံအုတ်မြစ်များဖြစ်ပြီး IB ပေါ်လစီအတွက် အထောက်အကူပြုမည့် နည်းလမ်းများဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည်လည်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးအတွက် လက်ရှိပေါ်လစီနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေပါသည်။ ဗီယက်နမ်၏ အဆိုပါပေါ်လစီနှင့် လုပ်ငန်းစဉ်များသည်လည်း အားလုံးအကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းပုံစံ (IB models) အတွက် အလားအလာကောင်းများ ဖြစ်နိုင်သည်။ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် IB ကုမ္ပဏီများအဖြစ် တက်လှမ်းဆောင်ရွက်ရေးအတွက် Social enterprise များကို ထိထိရောက်ရောက် ပံ့ပိုးကူညီနေသည်။

IB ရင်းနှီးမြှုပ်နှံမှုကို အားပေးအားမြှောက်ပြုသော စီးပွားရေးပတ်ဝန်းကျင် (Economic climate) ကို ထူထောင်ဖန်တီးရန်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ဒုတိယခြေလှမ်း (Next steps) ဖြစ်ပါသည်။ ထိုကဲ့သို့ ဆက်လက်လျှောက်လှမ်းရန်အတွက် သက်ဆိုင်ရာ သတင်းအချက်အလက်နှင့် ငွေရေးကြေးရေးအရင်းအမြစ်များ (Relevant information and financial resources) တိုးတက်ရရှိရန် လိုအပ်သည်။ ထိုမျှသာမက ငွေရေးကြေးရေးမက်လုံးများ (Financial incentives) ဖြည့်ဆည်းပေးရန်လည်း လိုအပ်ပါသည်။

**Source: markets.businessinsider.com**

## အိန္ဒိယနိုင်ငံထုတ် သားရေ၊ ချည်မျှင်တို့အပေါ် သွင်းကုန်ခွန်လျှော့ချပေးရန်နှင့် ဗီဇာမူဝါဒများဖြေလျှော့ပေးရန် ဥဇဘက်ကစ္စတန်နိုင်ငံအား အိန္ဒိယတိုက်တွန်း

ဥဇဘက်ကစ္စတန် နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာဇစ်ကာမီလော့ဗ်နှင့် နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီး အယ်လ်ယာလာနီယက်ဗ်တို့သည် ဩဂုတ် ၂၀ ရက်မှ ၂၃ ရက်ထိ အိန္ဒိယနိုင်ငံသို့ လေးရက်ကြာ တရားဝင်ခရီးစဉ် လာရောက်ခဲ့စဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်အတွက် ဥဇဘက်ကစ္စတန်အနေဖြင့် အိန္ဒိယကုန်စည်များပေါ်၌ သွင်းကုန်ခွန်လျှော့ချပေးရန်၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူစေရေး ဆောင်ရွက်ရန်နှင့် ဗီဇာမူဝါဒများ ဖြေလျှော့ရန်တို့ကို အိန္ဒိယအစိုးရက အဆိုပြုခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယမှ တင်သွင်းသည့် သားရေနှင့်ဖိနပ်တို့အပေါ် သွင်းကုန်ခွန် ၃၀ ရာခိုင်နှုန်းကောက်ခံနေခြင်းအား ၁၀ ရာခိုင်နှုန်းသို့ လျှော့ချပေးရန် အပြင် အိန္ဒိယစက်မှုပို့ကုန်များ၊ ချည်မျှင်များ၊ အလှကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန် လျှော့ချပေးရေးတို့ကိုလည်း အိန္ဒိယဘက်က အဆိုပြုခဲ့ကြောင်း၊ ဥဇဘက်ကစ္စတန်မှ သားရေကုန်ချောများကိုလည်း အိန္ဒိယအနေဖြင့် တင်သွင်းနိုင်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

အိန္ဒိယနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၇၆ သန်းခန့်ရှိကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးအတွက် လက်ရှိတွင် ဥဇဘက်-အိန္ဒိယ ကုန်သွယ်ရေးစင်တာ (Uzbek India Trading House) ဖွဲ့စည်းထားရှိပြီးဖြစ်ကာ အဆင့်အားလုံး၌ စီးပွားရေးဆက်ဆံမှု တိုးမြှင့်လာစေရန်အတွက် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့် ပူးတွဲစီးပွားရေးကောင်စီတစ်ရပ်ကိုလည်း ဖွဲ့စည်းရန် အိန္ဒိယက အကြံပြုထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## အိန္ဒိယနိုင်ငံ၏ သလဲသီး၊ ငှက်ပျောသီးနှင့် ရုံးပတီသီးများအား တင်သွင်းရန် ကနေဒါက ခွင့်ပြု

မြောက်အမေရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ကနေဒါနိုင်ငံက အိန္ဒိယနိုင်ငံမှ သလဲသီး၊ ငှက်ပျောသီးနှင့် ရုံးပတီသီးများတင်သွင်းရန် ပထမဆုံးအကြိမ်အဖြစ် ခွင့်ပြုလိုက်ပြီဖြစ်သည့်အတွက် မကြာမီကာလတွင် ယင်းကုန်စည်များကို ကနေဒါ၌ ရရှိနိုင်တော့မည်ဖြစ်ကြောင်း၊ ကနေဒါသည် အခြားသောဖွံ့ဖြိုးပြီးနိုင်ငံအချို့နှင့် မတူဘဲ အိန္ဒိယအတွက် အထောက်အကူပြုနိုင်မည့် ၎င်းတို့၏ဈေးကွက်ကို ဖွင့်ပေးနေပြီဖြစ်ကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့်နှစ်ကလည်း အိန္ဒိယ စပျစ်သီးများ တင်သွင်းခွင့်ကို ကနေဒါ က ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုထပ်မံခွင့်ပြုလိုက်သည့် အမယ်များအနက် သလဲသီးကို ဈေးကောင်းကောင်းနှင့် အမြောက်အများတင်ပို့နိုင်မည်ဟု ခန့်မှန်းထားပြီး ကနေဒါ၌ အခြေချနေထိုင်သည့် အိန္ဒိယနိုင်ငံသား အမြောက်အမြားရှိသည့်အတွက် ရုံးပတီသီးဈေးကွက်မှာလည်း ကောင်းမွန်ကြောင်း၊ သို့ရာတွင် အိန္ဒိယမှ ကနေဒါသို့ ပင်လယ်ရေကြောင်းမှ တင်ပို့ရန်မှာ အတန်ပင်အလှမ်းဝေးသည့်အတွက် ရေရှည်အထားမခံသည့် ဩဇာသီးနှင့် ငှက်ပျောသီးတို့ကိုမူ ပမာဏများများ တင်ပို့နိုင်လိမ့်မည်မဟုတ်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

အိန္ဒိယသည် ကနေဒါနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်အတွက် ယခင်ဆွေးနွေးလက်စဖြစ်သည့် Free trade agreement in goods and services အား ဆက်လက်ညှိနှိုင်းဆွေးနွေးမည်ဖြစ်ပြီး ၂၀၁၆-၁၇ ခုနှစ်တွင် အိန္ဒိယမှ ကနေဒါသို့ သီးနှံစားသောက်ကုန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၅ ဒသမ ၅ သန်းခန့်ရှိသည့်အနက် ၂ ဒသမ ၂ သန်းခန့်မှာ သရက်သီး၊ စပျစ်သီးနှင့် အခြားသစ်သီးစိမ်းများတင်ပို့မှုမှ ရရှိခြင်းဖြစ်ကြောင်း သိရှိ ရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## စာတ်ဆီ/ဒီဇယ်

# ဓာတ်ဆီ တန်ချိန် ၄၀၀၀၀ ကျော်နဲ့ ဒီဇယ် တန်ချိန် ၅၀၀၀ နီးပါး တင်သွင်း

ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၉၆၆၆၀၅ တန်ဖိုးရှိ ဒီဇယ် ၄၉၄၄ ဒသမ ၃၄၁ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၃၉၄၁၀၅၇ တန်ဖိုးရှိဓာတ်ဆီ ၄၃၀၂၄ ဒသမ ၂၄၈ တန်ကို ပင်လယ် ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း(92)တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၃၉၉၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ် တန်ချိန် ၃၅၀၀၀ ကျော် အဝင်လျော့ခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၁၃၂၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၂၉၇၆၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီ အဝင်ပိုပြီး ဒီဇယ်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၉၆၅၀၀ တန်ဖိုးရှိ ဒီဇယ် တန်ချိန် ၆၁၀ တင်သွင်းခဲ့သလို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၃၆ တန်ဖိုးရှိ Re-Export ဒီဇယ် ၂၄၃၈ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Re-Export ဒီဇယ်တန်ချိန် ၁၇၀၀ ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်၊အောက်တိန်း (92)နဲ့ (95) မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ၆၇၅ ကျပ် ၊ အောက်တိန်း(92) ၆၈၅ကျပ်၊ အောက်တိန်း(95)ကျပ် ၇၃၀၊ အဆင့်မြင့်ဒီဇယ် ၆၉၅ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်း အဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ် ၂၈ ရက်၌ ဒီဇယ်ဝယ်ဈေး ကျပ် ၁၃၀၀၀၀၊ ရောင်းဈေး ကျပ် ၁၃၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဩဂုတ် ၂၈ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ်၁၅၇၀၀၀၊ ရောင်းဈေး ကျပ် ၁၅၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၁ ရက်မှာ ဝယ်ဈေး ကျပ် ၁၅၃၀၀၀၊ ရောင်းဈေး ကျပ် ၁၅၇၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဒီဇယ် ရောင်းဈေး နည်းနည်းမြင့်လာပြီး ဓာတ်ဆီဝယ်ဈေး နည်းနည်းကျလာတယ် လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊ အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း(95) တစ်လီတာ ကျပ် ၈၀၀၊ ဒီဇယ် တစ်လီတာ ကျပ် ၆၉၀ ၊အဆင့်မြင့်ဒီဇယ်တစ်လီတာ ကျပ် ၇၁၀ ၊ အောက်တိန်း (92)တစ်လီတာ ကျပ် ၇၁၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ် ၂၈ ရက်၌ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၀၀၀၀၊ ရောင်းဈေး ကျပ် ၁၄၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၁ ရက်မှာ ဝယ်ဈေး ကျပ် ၁၃၅၀၀၀၊ ရောင်းဈေး ကျပ် ၁၄၀၀၀၀ နဲ့အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဩဂုတ် ၂၈ ရက်တွင် ဝယ်ဈေး ကျပ် ၁၄၅၀၀၀၊ ရောင်းဈေးကျပ် ၁၄၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီနဲ့အောက်တိန်း(92)မှာဈေးငြိမ်နေပေမယ့် အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း(95) မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၃၃ ကျပ်၊ အောက်တိန်း(92) ကျပ် ၇၂၀၊ အောက်တိန်း (95) ၇၆၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ်တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း(92)တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (၉၅) တစ်ဂါလံ ကျပ် ၃၄၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ အတက်အကျအနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် အတက်အကျအနည်း ငယ်သာရှိခဲ့ပြီး အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ငွေလဲနှုန်းများ အတက်အကျ နည်းနေသဖြင့် အရောင်းအဝယ် များ ယခင်ကထက် ပိုမိုအဆင်ပြေလျက်ရှိသည်ဟုဆိုသည်။

“ဈေးကွက်ထဲမှာ ဈေးကနည်းနည်းလောက်ပဲ အတက်အကျရှိနေတဲ့အတွက် အရောင်းအဝယ်က အရင်ထက်ပိုပြီး အဆင်ပြေလာတယ်။ ဒေါ်လာဈေးငြိမ်နေရင် ဈေးကွက်ထဲမှာ လှုပ်လှုပ်ခတ်ခတ်မရှိတော့ဘူး။ ကုန်သည်တွေလည်း အဆင်ပြေ တယ်။ ဈေးတက်တာက ဈေးကစားနေကြလို့ တက်နေတာ။ ဈေးမကစားတော့ ဘူးဆိုရင် ဈေးတက်လည်း တစ်ကျပ်နှစ်ကျပ်အပြင် မပိုဘူး”ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ငွေလဲစင်တာများတွင် ဩဂုတ် ၂၈ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၄ကျပ်၊ ဝယ်ဈေး ၁၃၅၁ကျပ်ရှိခဲ့ပြီး ဩဂုတ် ၃၁ ရက်တွင် ရောင်းဈေး ၁၃၅၅ ကျပ်၊ ဝယ်ဈေး ၁၃၅၃ ကျပ်ရှိခဲ့သည်။ စက်တင်ဘာ ၁ ရက်တွင် ရောင်းဈေး ၁၃၅၄ကျပ်၊ ဝယ်ဈေး ၁၃၅၂ ကျပ်ရှိခဲ့သည်။ မြန်မာနိုင်ငံတော်ဗဟို ဘဏ်က ၎င်း၏ရည်ညွှန်းငွေလဲနှုန်းများကို သတ်မှတ်လျက်ရှိရာ ဩဂုတ်လ ၂၈ ရက်က ၁၃၆၁ ကျပ်ဟု သတ်မှတ်ခဲ့သော်လည်း ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျပ် ၁၃၆၀ သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေး စံချိန်တင်မြင့်တက် ကျပ် ၉၄၀၀၀၀ သို့ရောက်ရှိ

ရက်သတ္တသုံးပတ်ဆက်တိုက် မြင့်တက်ခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် ဆက်လက်မြင့်တက်လာခဲ့ရာ ကျပ် ၉၄၀၀၀၀ အထိ စံချိန်တင် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြည်တွင်းရွှေဈေးများသည် ကျပ် ၁၀ သိန်း ဝန်းကျင်အထိ ရောက်ရှိမည်ဟု ပြည်တွင်းရှိ ရွှေကျွမ်းကျင်သူများက ခန့်မှန်း ထားသည်။

မြောက်ကိုရီးယားကတိုက်ချင်းပစ် ဒုံးကျည်များပစ်လွှတ်နေမှု၊ ရေနံစိမ်းဈေး နှုန်းများ ကျဆင်းနေမှုများသည် ကမ္ဘာ့ရွှေဈေးမြင့်တက်ရခြင်း၏ တရားခံများပင် ဖြစ်ပြီး ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများလည်း လိုက်ပါ မြင့်တက်ရခြင်းဖြစ်သည်ဟုဆိုသည်။

“ကမ္ဘာ့ရွှေဈေးက အမေရိကန်ဒေါ်လာ ၁၃၀၀ ကျော်သွားပြီ။ ကမ္ဘာ့အရေး အခင်းတွေက ကမ္ဘာ့ရွှေဈေးတွေကိုမြင့်တက်စေသလို တက္ကဆက်ပြည်နယ်မှာ ရေ တွေကြီးနေတဲ့အတွက် ရေနံစိမ်းဈေးတွေက ကျဆင်းနေတယ်။ အဲဒီဖြစ်ရပ်တွေ ကြောင့် ကမ္ဘာ့ရွှေကို ဝယ်လိုအား ဆက်တိုက်မြင့်တက်နေတာကြောင့် ကမ္ဘာ့ရွှေဈေး က မြင့်တက်နေတာပါ။ ကမ္ဘာ့ရွှေဈေးမြင့်တက်နေတဲ့အတွက် ပြည်တွင်းရွှေဈေး လည်း လိုက်ပါမြင့်တက်နေတာပါ”ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဩဂုတ် ၂၈ ရက်က အခေါက်ရွှေတစ်ကျပ်သား လျှင် ကျပ် ၉၂၄၅၀၀ ရှိခဲ့ရာမှ ဩဂုတ် ၃၀ ရက်တွင် ၉၃၇၀၀၀ သို့မြင့်တက်ခဲ့ သည်။ စက်တင်ဘာ ၁ ရက်တွင် ကျပ် ၉၄၀၀၀၀သို့ အမြင့်ဆုံးဈေးအဖြစ် စံချိန် တင်ခဲ့သည်။ကမ္ဘာ့ရွှေဈေးကွက်တွင် ဩဂုတ် ၂၈ ရက်က တစ်အောင်စလျှင် ၁၂၉၁ ဒေါ်လာရှိခဲ့ပြီး ဩဂုတ်လ ၃၀ ရက်တွင် ၁၃၀၂ အမေရိကန်ဒေါ်လာသို့ မြင့်တက် ခဲ့သည်။ စက်တင်ဘာ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၁၃၂၀ သို့ ဆက်လက်မြင့် တက်ခဲ့သည်။ **မယ်သီတာ**

## YSX ၏ အစုရှယ်ယာဈေးနှုန်းများ ဈေးဆက်လက် ကျဆင်းပြီး အရောင်းအဝယ်အနည်းငယ်သာဖြစ်

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာ ဈေးနှုန်းများကျဆင်းလျက်ရှိပြီး အရောင်း အဝယ်မှာလည်း အနည်းငယ်သာဖြစ် လျက်ရှိကြောင်း ဈေးကွက်သတင်းများ အရ သိရသည်။

စတော့ရှယ်ယာများအား ရောင်း ဝယ်ရာတွင် လူအများ စိတ်ဝင်စားမှု နည်းပါးနေခြင်းနှင့် စတော့ရှယ်ယာ ရောင်းချသည့်ကုမ္ပဏီများ၏ သတင်း ထုတ်ပြန်မှု အားနည်းနေခြင်းကြောင့် အစုရှယ်ယာများ အရောင်းအဝယ်အေး နေခြင်းဖြစ်သည်ဟု စတော့ဈေးကွက် ကျွမ်းကျင်သူများက သုံးသပ်လျက်ရှိ သည်။ ထို့ပြင် ပြည်တွင်းရွှေဈေးကွက် တွင် ရွှေဈေးများမြင့်တက်နေမှုကြောင့် အစုရှယ်ယာများကို စိတ်ဝင်စားမှုနည်း ပါးနေရခြင်းဖြစ်သည်ဟုလည်း ဆို သည်။

ရန်ကုန် စတော့အိတ်ချိန်းအနေ ဖြင့် လာမည့် စက်တင်ဘာ ၁၀ ရက်တွင် စတော့ရှယ်ယာနှင့်ပတ်သက်၍ ပြည် သူများ စိတ်ဝင်စားလာစေရန်နှင့် စတော့ရှယ်ယာအကြောင်း ပြည်သူ များ ထဲထဲဝင်ဝင်သိရှိလာစေရန် ရည် ရွယ်၍ စတော့ရှယ်ယာဟောပြောပွဲနှင့် ပြပွဲကို ကျင်းပပေးမည်ဖြစ်သည်။

ယခုတစ်ပတ်အတွင်း ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းချလျက်ရှိ သည့်ရှယ်ယာများအနက် MTSH က တစ်စုလျှင် ကျပ် ၃၄၀၀၊ FMI ကျပ် ၁၃၅၀၀၊ MCB က ကျပ် ၈၈၀၀နှင့် FPB က ကျပ် ၂၄၀၀၀ တို့ဖြင့် ရောင်း ဝယ်လျက်ရှိကြောင်း သိရသည်။ **မယ်သီတာ**

## Currency Exchange Rate

September 1, 2017
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.26 |
| BDT | Bangladesh Taka | 80.71 |
| CAD | Canada Dollars | 1.25 |
| CNY | China Yuan Renminbi | 6.58 |
| EUR | Euro | 0.84 |
| H KD | Hong Kong Dollars | 7.83 |
| I NR | India Rupees | 63.99 |
| I DR | Indonesia Rupiahs | 13333.59 |
| JPY | Japan Yen | 110.15 |
| MYR | Malaysia | 4.27 |
| PKR | Pakistan Rupees | 105.23 |
| PHP | Philippines Pesos | 51.15 |
| RUB | Russia Rubles | 58.05 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1122.42 |
| LKR | Sri Lanka Rupe | 152.52 |
| THB | Thailand Baht | 33.18 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 22730.79 |

*Source:xe.com*

## World Gold Price

August-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| Date | NY | London | Zurich |
| 28 | 1299 | 1296 | 1296 |
| 29 | 1322 | 1322 | 1322 |
| 30 | 1312 | 1313 | 1313 |
| 31 | 1307 | 1304 | 1304 |
| 1 | 1323 | 1321 | 1320 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 28-8- 2017 | 927.00 | 926.80 |
| 29-8-2017 | 937.00 | 938.80 |
| 30-8- 2017 | 939.00 | 938.70 |
| 31-8 -2017 | 935.00 | 933.80 |
| 1-9- 2017 | 938.00 | 938.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 28 | 6.64 | 33.21 | 81.10 | 63.89 |
| 29 | 6.60 | 33.17 | 81.17 | 64.04 |
| 30 | 6.58 | 33.21 | 80.98 | 63.96 |
| 31 | 6.60 | 33.21 | 81.07 | 64.04 |
| 1 | 6.58 | 33.18 | 80.71 | 63.99 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 28- August | 17.17 | 3059.37 | 2068.23 | 6646.16 | 979.00 |
| 29- August | 17.53 | 3091.77 | 2070.66 | 6741.15 | 993.00 |
| 30- August | 17.37 | 3115.35 | 2084.10 | 6785.23 | 994.00 |
| 31- August | 17.30 | 3097.72 | 2085.65 | 6773.33 | 984.00 |
| 1-September | 17.50 | 3144.23 | 2116.28 | 6788.54 | 995.00 |

Source:kitco.com

## Energy NYMEX 1-9-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 46.77 | -0.46 | -0.97 |
| Brent Crude Futr (USD/bbl) | 52.56 | -0.30 | -0.07 |
| Gasoline Rbob Fut (Cent/gal) | 176.66 | -1.26 | -0.71 |
| Natural Gas Futr (USD/MMBtu) | 3.05 | 0.01 | 0.20 |
| Heating Oil Futr (Cent/gal) | 173.83 | -0.36 | -0.21 |

## ဘိလပ်မြေ

### ဒီတစ်ပတ်ဘိလပ်မြေတန်ချိန် ၈၀၀၀ ကျော်ဝင်

ဩဂုတ်လ ၂၀ ရက်မှ ၂၆ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၇၉၅၆၀ တန်ဖိုးရှိဘိလပ်မြေ ၈၅၃၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၈၀၅၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၄၈၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၁၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၈၄၀၀ကျော် တင်သွင်းမှုပိုခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း (DOT)**



### ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၈၂၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၈၃၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့ခိုင်ကောင်(နီ) ကျပ်၅၅၅၀၊ ကြံ့ခိုင် ကောင်(စိမ်း) ကျပ် ၅၂၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့် နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံးကျပ် ၄၆၀၀၊ ကြံ့ခိုင်ကောင် ကျပ် ၄၆၀၀၊ အယ်လ်ဖာ ကျပ် ၄၇၀၀၊ ဆင်မင်း(ကျောက်ဆည်)ကျပ် ၃၇၀၀၊ ကျားခေါင်းကျပ်၄၀၀၀၊ မြင်းခေါင်းကျပ် ၄၀၀၀၊ မြန်မာဆင် ကျပ် ၄၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ် အပါချီဘိလပ်မြေက ဈေးနည်းနည်းကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာဆင်(ထိုင်း)ကျပ် ၆၃၀၀၊ အပါချီ (ထိုင်း)ကျပ် ၅၀၀၀၊ ကြံ့ကျပ် ၅၀၀၀၊ မြင်းခေါင်း ကျပ် ၅၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ် မိုးလည်းပါးလာတာကြောင့် အရောင်းအဝယ်နည်းနည်းဖြစ်ပြီး ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာစိန်(ထိုင်း) ကျပ် ၇၁၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ခတ်မြေဩဇာ

### ဒီတစ်ပတ် မြေဩဇာအဝင်လျော့

ဩဂုတ်လ ၂၀ရက်မှ ၂၆ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၀၃၀၀၁၈ တန်ဖိုးရှိ မြေဩဇာ ၁၂၃၆၆ ဒသမ ၈၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၂၉၅ တန်၊ အီရန်နိုင်ငံမှ ၂၀၅၀ တန်၊ ကိုရီးယားနိုင်ငံမှ ၁၃၀၁ ဒသမ ၆၅ တန်၊ မက္ကဆီကိုနိုင်ငံမှ ၁၀ တန်၊ ပါကစ္စတန်နိုင်ငံမှ ၂၃၅၇ တန်၊ ရုရှားနိုင်ငံမှ ၁၅၀၈ တန်နဲ့ ထိုင်းနိုင်ငံမှ ၄၈၄၅ ဒသမ၁၅တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား၊ ကွန်ပေါင်း၊ ခတ်ဆား၊ ပိုတက်၊ အာမိုတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၁၄၇၄၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၂၃၇၀ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း** (DOT)

### မော်လမြိုင်မြေဩဇာဈေးကွက် အရောင်းအေး

ဩဂုတ်လ ၂၀ ရက်မှ ၂၆ ရက် အထိသီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှမြေဩဇာတန်ချိန် ၁၂၃၆၆ ကျော် အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်ကတင်သွင်းခဲ့တဲ့တန်ချိန်၁၄၇၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာတန်ချိန် ၂၄၁၀၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၂၈၂၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၁၆၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်မှာ အရောင်းအေးပြီး မန္တလေး၊ မကွေးနဲ့ တောင်ကြီးမှာ အရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာအရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုလဲ-အသေးမြေဩဇာက ကျပ် ၅၀၀ ဈေးကျလာပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ် မြားကမ္ဘာ၁၂း၁၃ ကျပ် ၅၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၃၀၀ဈေးမြင့်ပြီး အာမို၁၀း၁၀း၅ ကျပ် ၁၀၀၊ ယူရီးယားကျပ် ၅၀၀ ဈေးကျပြီး ကျန်မြေဩဇာ များက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ ၁၂း၁၃ ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၀၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၀၇၀၀၊ တောင်သူမ ကျပ် ၁၅၈၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်နည်းနည်းဖြစ်ပြီး ဈေးငြိမ်နေတယ်လို့သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၆၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၆၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၃၅၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၁၇၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၃၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ခတ်ဆား (တရုတ်) ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၂၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၃၀၀၀၊ မြားကမ္ဘာကျပ်၁၅၆၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်)ကျပ်၂၂၃၀၀၊ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၂၈၀၀၊ တီစူပါ၄၆% ကျပ်၁၉၈၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၅၁၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီတန်ချိန် ၆၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၃၀၀ ကျော်ဝင်

ဩဂုတ်လ ၂၀ ရက်မှ ၂၆ ရက် အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၅၂၆၃၉ တန်ဖိုးရှိ နို့ဆီ ၆၄၃ ဒသမ ၁၀၄ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၁၃၉ဒသမ ၆၈ တန်နဲ့ စင်ကာပူနိုင်ငံမှ ၅၀၃ ဒသမ ၄၂၄ တန် တင်သွင်းခဲ့တယ်လို့ သိပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ **Cow Bell**၊ **Tea Pot**၊ ခွန်းနဲ့အိုကေ နို့ဆီတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၁၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့ဆီတန်ချိန် ၄၇၀ကျော် တင်သွင်းမှုပိုခဲ့တယ်လို့သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ အီရန်နိုင်ငံမှ တန်ချိန်၁၅၀၊ မလေးရှားနိုင်ငံမှ ၄၄ ဒသမ ၃၁၆ တန်၊ နယူးဇီလန်နိုင်ငံမှ ၁၀၆ ဒသမ ၄၀ တန်၊ စင်ကာပူနိုင်ငံမှ ၂ဒသမ၄၃၈တန်၊ စုစုပေါင်း ၃၀၃ဒသမ ၁၅၄တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၂၀၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့မှုန့်တန်ချိန် ၁၀၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၈ မှ ၂၅/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၈ မှ ၁၈/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၃.၀၀ | ၉၈.၅၀ | (-) | ၃၅.၅၀ |
| ၂။ | လွယ်ဂျယ် | ၄၀၆.၀၀ | ၃၅၅.၅၀ | (+) | ၅၀.၅၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၁၅၈၄.၅၀ | ၄၆၃.၅၀ | (+) | ၁၁၂၁.၀၀ |
| ၅။ | တာချီလိတ် | ၆၀၀၀.၀၀ | ၁၃၀၀.၀၀ | (+) | ၄၇၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၄၀၀၀.၀၀ | ၆၀၅၀.၀၀ | (-) | ၂၀၅၀.၀၀ |
| ၈။ | မြိတ် | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| | စုစုပေါင်း | ၁၂၁၀၃.၅၀ | ၈၂၆၇.၅၀ | (+) | ၃၈၃၆.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၈ မှ ၂၅/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၈ မှ ၁၈/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၅၆၉.၆၂ | ၁၅၉၀၄.၅၅ | (-) | ၁၃၃၄.၉၃ |
| ၂။ | လွယ်ဂျယ် | ၄၄၃.၅၀ | ၃၃၅.၅၀ | (+) | ၈၈.၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၃၃၅.၁၀ | ၂၂၂၁.၀၀ | (+) | ၁၁၄.၁၀ |
| ၄။ | ကန်ပိုက်တီ | ၁၅၀.၀၀ | ၉၀.၀၀ | (+) | ၆၀.၀၀ |
| ၅။ | မြဝတီ | ၅၉၀၆.၆၇ | ၉၆၉၈.၃၅ | (-) | ၃၇၉၁.၆၈ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၇၀၀.၀၀ | - | (+) | ၇၀၀.၀၀ |
| | စုစုပေါင်း | ၂၄၁၀၄.၈၉ | ၂၈၂၆၉.၄၀ | (-) | ၄၁၆၄.၅၁ |

ခင်မိုးသူ

## နှမ်း

# ပြည်မိုးနှမ်း အဝယ်ရှိသော်လည်းဈေးငြိမ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် တစ်နေ့လျှင် နှမ်းအိတ် ၈၀၀ ခန့် ဝင်ရောက်မှုရှိပေမယ့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ မြန်အောင်၊ ကြံခင်း၊ မိုးညိုနဲ့ နတ်တလင်းဘက်မှ နှမ်းနက်များ ဝင်ရောက်ပြီး အောင်လံဘက်မှအဝယ်ရှိနေတာ တွေ့ရပါတယ်။ အဝယ်ရှိနေသော်လည်း နှမ်းဝင်ရောက်မှု နည်းသေးသဖြင့် ဈေးပုံမှန်ဖြစ်နေတာ တွေ့ရပါတယ်။ နှမ်းနီမှာ အခုချိန်ထိဝင်ရောက်မှုမရှိသေးတာ တွေ့ရပါတယ်။

ဆီစက်လုပ်ငန်းရှင်များက မိုးနှမ်းနီကိုလှောင်ရန်ဝယ်ချင်ပေမယ့် မထွက်သေးတဲ့အတွက် ယခင်လှောင်ထားတဲ့ နှမ်းများကိုသာ ဆီကြိတ်ပြီး မြို့တွင်းနှမ်းဆီစားသုံးသူတွေအတွက် ရောင်းချပေးနေတာကြောင့် တစ်ပတ်လျှင် ပေပါငါးလုံးသာ အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းဈေး မှာ ယခင်တစ်ပတ်အတိုင်း နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ နှင့် စမုံနက်နှမ်းသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့် တစ်နေ့လျှင် နှမ်းနက်နှင့် စမုံနက်နှမ်းအိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်မှသိရပါတယ်။

**ဝေဝေမင်း**

# မုံရွာကုန်စည်ဒိုင်နှမ်းသီးနှံဈေးကွက်တွင် နှမ်းနက်ဈေးအနည်းငယ်ကျဆင်း

မုံရွာကုန်စည်ဒိုင်သို့ ဆီထွက်သီးနှံဖြစ်သော နှမ်းများ နေ့စဉ် အိတ် ၈၀၀- ၉၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး နှမ်းနက်ကတော့ ဈေးအနည်းငယ်ကျ၍ အရောင်းအဝယ်လည်း အနည်းငယ် အေးလျက်ရှိကြောင်း သိရပါတယ်။ နှမ်းဖြူနှင့် နှမ်းညိုမှာ ဈေးငြိမ်လျက်ရှိပြီး ဒေသတွင်း အဝယ်ရှိလို့ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် နှမ်းသီးနှံပေါက်ဈေးနှုန်းကတော့ နှမ်းဖြူတစ်ပိဿာ ကျပ် ၂၄၀၀ နဲ့ အိတ် ၁၀၀ ခန့်၊ နှမ်းညိုတစ်ပိဿာ ၁၈၆၇ ကျပ်နဲ့ အိတ် ၂၀၀ ခန့်၊ နှမ်းနက်တစ်ပိဿာ ၂၅၃၃ ကျပ် မှ ၂၂၆၇ ကျပ် နှုန်းနဲ့ အိတ်၃၀၀ခန့် အသီးသီး အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ကျပ် ၂၄၀၀၊ နှမ်းညိုတစ်ပိဿာ ၁၈၆၇ ကျပ်၊ နှမ်းနက်တစ်ပိဿာ ကျပ် ၂၆၀၀ နှုန်းပေါက်လို့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ် ကျဆင်းကြောင်း ဈေးကွက်မှ သိရပါတယ်။ ယခင်နှစ် ကာလတူအချိန်ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ယခုနှစ်ပေါက် ဈေးနှုန်းက ဈေးမြင့်နေကြောင်း သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

# မလေးရှားစားအုန်းဆီ ကြိုရောင်း ကြိုဝယ်ဈေး ရုတ်ခြည်းကျဆင်း



မလေးရှား စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးများသည် ဩဂုတ် ၂၈ ရက်က ရုတ်ခြည်းကျဆင်းခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။ ရင်းဂစ်ငွေကြေးတန်ဖိုးခိုင်မာလာမှုနှင့် ဩဂုတ်လအတွင်း စားအုန်းဆီထုတ်လုပ်မှု မြင့်တက်လာနိုင်သည်ဟူသော မျှော်လင့်ချက်များကြောင့် ယခုကဲ့သို့ ကြိုရောင်းကြိုဝယ်ဈေးများ ရုတ်ခြည်းကျဆင်းလာခဲ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ငွေကြေးတို့၏လဲလှယ်နှုန်းသည် ဩဂုတ် ၂၈ ရက်က သုည ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ထိုနေ့ညနေပိုင်းတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁ ဒသမ ၂၆၆၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ ယင်းကဲ့သို့မြင့်တက်မှုသည် လွန်ခဲ့သည့်နှစ်လက မြင့်တက်ခဲ့သည့်နှုန်းထက်ပိုမိုမြင့်တက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

စားအုန်းဆီအတွက် ပေးချေရာတွင်အသုံးပြုသည့် ရင်းဂစ်တန်ဖိုးမြင့်တက်လာဖြင့် အမေရိကန်ဒေါ်လာကိုကိုင်ဆောင်ရောင်းဝယ်လျက်ရှိသည့် ကုန်သည်များအတွက် ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေခဲ့ပြီး စားအုန်းဆီဈေးနှုန်းမြင့်တက်လာမှုကို ဖိအားများဖြစ်ပေါ်စေခဲ့သည်။

ဩဂုတ် ၂၈ ရက်က စားအုန်းဆီရောင်းဝယ်မှု ပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၃၄,၄၄၄ ရှိခဲ့သည်။

ထုတ်လုပ်မှုမြင့်တက်လာသဖြင့် ဈေးကွက်တွင် ဈေးနှုန်းကျဆင်းမှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ ယခုဖြစ်ရပ်သည် စားအုန်းဆီ အမြောက်အမြားဝယ်ယူသိုလှောင်ထားမှုအား အထောက်အပံ့ဖြစ်စေခဲ့ကြောင်း ကွာလာလမ်ပူရှိ စားအုန်းဆီ ကြိုရောင်းကြိုဝယ်ကုန်သည်များက ပြောကြားခဲ့သည်။

သို့သော် စားအုန်းဆီထုတ်လုပ်မှုမြင့်တက်လာခြင်းကြောင့် ကုန်သည်များအား ဇဝေဇဝါဖြစ်စေခဲ့သည်။

ဇူလိုင်လအတွင်းက စားအုန်းဆီထုတ်လုပ်မှု မြင့်တက်ခဲ့ရာ ၂၀ ဒသမ ၇ ရာခိုင်နှုန်းအထိရှိခဲ့ပြီး ဇူလိုင်လအစောပိုင်းက တန်ချိန် ၁ ဒသမ ၈၃ သန်းထုတ်လုပ်ခဲ့သည်။အဆိုပါပမာဏသည် ထုတ်လုပ်ရန်ခန့်မှန်းထားသည့်တန်ချိန်ထက် ပိုမိုထုတ်လုပ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

စက်တင်ဘာ ၁၁ရက်တွင် မလေးရှားစားအုန်းဆီဘုတ်အဖွဲ့က ဩဂုတ်လအတွက် ထုတ်လုပ်မှု အချက်အလက်များကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

ချီကာဂိုကုန်စည်ဒိုင်၌ စားအုန်းဆီနှင့် ဆက်စပ်နေသည့် အခြားသောဟင်းရွက်ဆီဈေးကွက်တွင် အောက်တိုဘာလအတွက် ပဲပုပ်ဆီစာချုပ်ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် စာချုပ်ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် စားအုန်းဆီ စာချုပ်ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၁-၉-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၂၀၀ | ၅၁၀၀ | ▽ | ၄၂၀၀ | ၄၂၀၀ | □ | ၂၀၀၀ | ၁၉၀၀ | ▽ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၃၀ | ၁၈၃၀ | □ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၉၀၀ | ၄၃၀၀ | △ | ၁၉၅၀ | ၁၉၅၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၈၀၀ | ၁၈၆၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁-၉-၂၀၁၇ US$/Ton

| အမျိုးအစား | ဩဂုတ်တတိယပတ် | ဩဂုတ်စတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၃၉.၀၀ | ၆၆၂.၀၀ | △ |
| **RBD P.Olein** | ၆၄၄.၅၀ | ၆၆၈.၅၀ | △ |
| **RBD P.Stearin** | ၆၂၇.၅၀ | ၆၆၀.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁-၉-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၈၂.၁၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၉၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၉၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၆၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၆.၃၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၇၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၃၂.၁၇၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁-၉-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၁၃ ဒေါ်လာနှင့် USD ဈေး ၁၃၅၈ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁-၉-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၈ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# စားသုံးသူပြည်သူများကို ကာကွယ်ကြတယ်ဆိုရာဝယ်

## þaqmifyþ;a&;om;&jcif;

အခုတလောစားသုံးသူပညာပေးဟောပြောတာတို့၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် စစ်ဆေးနေတဲ့သတင်းတွေကိုနေ့စဉ်လူမှုကွန်ရက်စာမျက်နှာမှာ မြင်တွေ့ရတတ်သလို သတင်းစာဂျာနယ်တွေမှာလည်း မကြာမကြာ ဖတ်ရပါတယ်။ တစ်ခါတစ်လေကျတော့လည်း စားသုံးသူအငြင်းပွားမှုဖြေရှင်းနည်းဆင့်ပွားသင်တန်းကိစ္စတွေ၊ လူမှုကွန်ရက်စာမျက်နှာမှာ အတော်နေရာယူတာတွေ့ရပါတယ်။ အခုလိုသတင်းတွေဖတ်ရတော့ ကျွန်တော့်စိတ်ထဲမှာ လုပ်ဖော်ကိုင်ဖက်အချို့ကို မျက်စိထဲပြေးမြင်မိပါတယ်။ အချို့ဆိုရင် အတော်လေးကိုစိတ်ဝင်တစားနဲ့ကြိုးစားပြီး ဆောင်ရွက်နေကြတာတွေ့နေရပါတယ်။ ဝမ်းသာဖို့ကောင်းတဲ့ပြည့်ဝန်ထမ်းကောင်းတွေပါ။

တစ်ခုတော့စိတ်ပူသွားပါတယ်။ဒါကတော့ အဲဒီလိုဟောပြောကြတဲ့အခါမှာ အဆင်ရောပြေကြရဲ့လားပေါ့ဗျား။ အထူးသဖြင့် အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနရဲ့ စားသောက်ကုန်ပစ္စည်းကိစ္စတွေမှာဟောပြောစစ်ဆေးတဲ့ကိစ္စတွေပေါ့ဗျာ။ ရောထွေးမှုတွေဖြစ်လို့ နားလည်မှုများလွဲနေကြပြီလားပေါ့။ ဌာနစွဲ တွေ၊ ဘာသာရပ်အစွဲအလမ်းတွေ၊ ဘွဲ့ဒီဂရီတွေနဲ့ခွဲခြားပြီး စကားပြောတတ်တဲ့ လောကကြီးဖြစ်နေလေတော့ မိတ်ဖက်ဌာနများနဲ့ဟောပြောပွဲများလုပ်တဲ့အခါ အဆင်ရောပြေကြပါမလား၊ ဒါ့အပြင်အခြားစားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံရေးစင်တာ (Consumer Information & Complaint Center-CICC)မှာ ရောတိုင်ကြားဆက်သွယ်သူနဲ့အလုပ်တွေရှုပ်ကုန်ပြီလား၊ မလာကြဘဲနဲ့ တိုင်ရုံပဲရှိကြတုန်းလားပေါ့။ တကယ်စိတ်ပူမိတော့ ရည်မှန်းချက်တာဝန်ပြည့်မီသွားအောင် ဘယ်လိုလုပ်ကိုင်ဆောင်ရွက်သင့်တယ်ဆိုတာတွေ ကျွန်တော့်အမြင်၊ ကျွန်တော့်အတွေးလေးကို လုပ်ဖော်ကိုင်ဖက်ဝန်ထမ်း ညီအစ်ကိုမောင်နှမတွေဆီကိုဖြန့်ဝေသွားရင် ကောင်းမလားလို့ စိတ်ကူးလေးတွေပုံဖော်လိုလို့ ရေးသားရခြင်းဖြစ်ပါတယ်။

## t&ynfv,fcsifaeyluapmif

မြန်မာ့စကားပုံတွေရဲ့တန်ဖိုးကို နားလည်ကြပေမယ့် လက်တွေ့နယ်ပယ်မှာ အသုံးမပြုကြတော့၊ စကားပုံရဲ့တန်ဖိုးက လျော့နည်းသွားတော့တယ်။ အရိပ်လိုချင်ရင် နေပူကစောင့်ဆိုတဲ့စကားက ကျွန်တော်တို့ရဲ့စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းမှာ အလွန်အသုံးတည့်တဲ့စကားပုံဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကို မျှော်မှန်းထားသလိုဖြစ်လာဖို့ အခုလိုနေပူတဲ့အခြေအနေကနေ စောင့်နေနိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့မြန်မာတိုင်းရင်းသားများရဲ့စိတ်နေစိတ်ထားနဲ့ စားသုံးသူ အကာအကွယ်ပေးရေး ရုတ်ခြည်းအောင်မြင်နိုင်ဖို့ဆိုတာ အတော်ကို ခက်နေပါတယ်။ ဒါကြောင့်လည်း အခုအချိန်မှာ စိတ်ရှည်ရှည်ထားပြီး စားသုံးသူအသိပညာတွေဝေငှရမယ့်အချိန်ဖြစ်နေပါတယ်။ များများဟောမှ များများသိလာကြမယ်ဆိုတဲ့ သီအိုရီကို လက်လွှတ်လို့မဖြစ်သေးတဲ့ အချိန်အခါဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနမှာ အကောင်အထည်ဖော်နေတဲ့လုပ်ငန်းကြီးဖြစ်တဲ့ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ( Consumer Information & Complaint Center-CICC) ကို တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ခရိုင်များမှာ ဖွင့်ပွဲတွေလုပ်တာဝန်တွေပေး၊ သင်တန်းတွေဖွင့်၊



ဆင့်ပွားသင်တန်းတွေပေးရင်းနဲ့အလုပ်တွေများနေ ကြပါတယ်။ ဒါပေမယ့် ဘယ်သူကလာတိုင်မှာလဲ၊ဘယ်တော့ လာတိုင်ကြမှာလဲ၊ ဘယ်လိုလာတိုင်ကြမှာလဲ၊ဘယ်လောက်များလာတိုင်မှာလဲ၊တကယ်ရော တိုင်ကြမှာလား၊ ရေရှည်မှာရော လာတိုင်မှာလား၊ လာမတိုင်ရင်ရော ဒီလုပ်ငန်းကို ဖျက်သိမ်းမှာလား၊ လားပေါင်းများစွာနဲ့ ဇဝေဇဝါဖြစ်ချင်စရာကောင်းလှပါတယ်။ ဒီအချိန်ကတော့ နေပူနေတဲ့ဘဝပဲပေါ့။ အရိပ်ကို နေပူကစောင့်ဆိုသလို ကျွန်တော်တို့ရဲ့မျှော်မှန်းချက်အောင်မြင်နိုင်ဖို့ နေပူတဲ့ဘဝမှာ ဆက်လက်ရုန်းကန်လှုပ်ရှားဆောင်ရွက်ကြရဦးမှာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအချိန်မှာ များများဟော၊ များများပြော၊ များများသတင်း ဖြန့်ဝေရမယ့် အချိန်ဖြစ်နေကြောင်း တင်ပြလိုပါတယ်။

## b,fvkd a|umift&maw Gxd
## b,fvkd ay|mu&rSvJ

စားသုံးသူအကာအကွယ်ပေးရေးအကြောင်းကို ဝန်ထမ်းများအားလုံး နားလည်သဘောပေါက်နေကြ ပြီဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်ကနေဘယ်လို စဟောပြောကြရမလဲဆိုတာကို ဝန်ထမ်း တော်တော်များများက မသိကြပါဘူး။ တစ်နေ့ ကျွန်တော်တို့ ကယားပြည်နယ်ဦးစီးမှူးရုံးက ဝန်ထမ်းငယ်များရဲ့ ဟောပြောပွဲစွမ်းရည်ကိုသိချင်လို့ အထက်တန်းကျောင်းတစ်ကျောင်းကို လိုက်သွားခဲ့ပါတယ်။ ကျောင်းကစီစဉ်ပေးတဲ့အတိုင်း ခန်းမဆောင်ကြီးကို အသုံးမပြုဘဲ ဝန်ထမ်းတစ်ဦးကို တစ်ခန်းစီ ဝင်ခိုင်းခဲ့ပါတယ်။ ကျွန်တော်က ဘယ်အခန်းမှမဝင်ဘဲ သူတို့အရှိန်ရလောက်တဲ့အချိန်မှာ တစ်ခန်းဝင်တစ်ခန်းထွက်နဲ့ ကျွန်တော့်လူများအခြေအနေကို လေ့လာခဲ့ပါတယ်။ ဝန်ထမ်းတော်တော်များများကတော့ အားရပါးရဟောပြောနိုင်ပေမယ့် ဝန်ထမ်းအချို့က တုန်တုန်ရီရီ နဲ့ အခက်တွေ့နေကြပါတယ်။ ကျွန်တော့်ကိုမြင်တော့ ပိုဆိုးကြတယ်။ ဘယ်လိုဘယ်ပုံ ဆက်ပြောကြမယ်ဆိုတာကို အတော်ခက်ခဲပုံပေါက်နေကြပါတယ်။အတိုချုံးပြောရရင် ဒီဆောင်းပါးလေးရေးဖို့ ဖြစ်လာရခြင်းကို အစချီပြီး ရေးသားရခြင်းဖြစ်ပါတယ်။

## ac|ifp0fb,kdkt lrJS fx m;y|

စားသုံးသူပြည်သူတွေကို အဓိက အန္တရာယ်ပေးနိုင်တာတွေက-

(၁) စားသောက်ကုန်ပစ္စည်း

(၂) လူသုံးကုန်ပစ္စည်း

(၃) ဝန်ဆောင်မှုလုပ်ငန်းတို့ ဖြစ်ပါတယ်။

## pm;aomufukefypön f

စားသောက်ကုန်ပစ္စည်းကိုတကယ်တမ်းကျတော့ အစားအသောက်နဲ့ဆေးဝါးကွပ်ကဲမှုဦးစီးဌာန(FDA)ရဲ့ ဘာသာရပ်ဖြစ်နေလေတော့ တွဲပြီးဟောပြောတဲ့အခါမှာသတိထားရမယ်။ စားသောက်

## ခပ်လျှန်စွမ်း

ကုန် ပစ္စည်းတွေမှာလည်း ပြည်တွင်းနဲ့ ပြည်ပဆိုပြီးခွဲခြားမယ်ဆိုရင် ဟောပြောတဲ့လူအတွက်ရောနားထောင်ရတဲ့လူအတွက်ပါ ပိုပြီးအဆင်ပြေတာပေါ့။ ပြည်တွင်းမှာတော့ စိုက်ပျိုးရေးကိစ္စကို ပြောမယ် ဆိုပါက အဆင်ပြေမှာဖြစ်ပါတယ်။နည်းပညာပိုင်းရော ဝန်ဆောင်မှုပိုင်းတွေပါတဲ့အတွက် ပြောရတာပိုအားရှိစရာပေါ့။ ကျွန်တော်တို့ နိုင်ငံကနေတင်ပို့တဲ့ စိုက်ပျိုးရေးပို့ကုန်တော်တော်များများဟာ နိုင်ငံတကာဈေးကွက်မှာ မျက်နှာမရတော့ဘူး။ အဓိကစိုက်ပျိုးရေးနည်းပညာအတိုင်းမလိုက်နာနိုင်တာရယ်၊ ဆွတ်ခူးချိန်နည်းစနစ်မလိုက်နာနိုင်တာရယ်တွေကြောင့်ဖြစ်ပါတယ်။ စိုက်ပျိုးရေးဌာနက ဆေးဖြန်းပြီးဘယ်နှစ်ရက်ကြာရင် ရိတ်သိမ်းပါဆိုရင် လိုက်နာဖို့လိုပါလိမ့် မယ်။ မြေဩဇာအချိုးလည်း ထိုနည်းအတိုင်းပဲ။ ပိုးသတ်ဆေးတွေ၊ အပင်အားတိုးဆေးတွေကလည်း ထိုနည်းအတိုင်းဖြစ်ပါတယ်။

စားသုံးသူတွေကို ဒုက္ခပေးတဲ့စားသောက်ကုန်ကတော့ စားသုံးဆီပဲဖြစ်ပါတယ်။ အထူးသဖြင့် ရောနှောလိုက်တဲ့ဆီကြောင့် ပြဿနာတွေတက်နေပါတယ်။ ပညာရှင်တွေကပြောပါတယ်။ ဆီဆိုတာ အက်ဆစ်ဖြစ်တယ်။ မတူတဲ့အက်ဆစ်ကိုရောပြီး အပူပေးရင် ဓာတ်တိုးပြီး သေချာပေါက်ပါရောက်ဆိုဒ် ဖြစ်သွားပါတယ်တဲ့။ ဓာတ်တိုးတယ်ဆိုရင်ဖြင့် မူလဆီရဲ့ဂုဏ်သတ္တိပျက်ပြယ်သွားတဲ့အတွက် စားမိတဲ့လူမှာ ရောဂါရတတ်တယ်လို့ဆိုပါတယ်။ ဒါ့ကြောင့် ယနေ့ဈေးကွက်မှာမြင်တွေ့နေရတဲ့စားဆီတွေဟာ ပြည်တွင်းက ကြိတ်တဲ့ဆီတစ်မျိုးမျိုးနဲ့စားအုန်းဆီရောနှောလေ့ရှိတာကြောင့်စားသုံးသူတွေမှာ အတော်လေးအန္တရာယ်များနေတာဖြစ်တယ်။

စားသုံးသူပြည်သူတွေကို အန္တရာယ်ပေးလေ့ရှိတာက ပြည်ပကလာတဲ့စားသောက်ကုန်အချို့ဖြစ်ပါတယ်။ အထူးသဖြင့် မြောင်းဆီလို့ခေါ်တဲ့ဆယ်ယူတဲ့ဆီတွေကလည်း အထက်ဖော်ပြအတိုင်းဓာတ်ပြုပြီးသားဖြစ်တဲ့အတွက် ဓာတ်တိုးတဲ့အန္တရာယ်တွေ့ရမှာဖြစ်တယ်လို့ ဆိုပါတယ်။ နောက်ပြီး မုန့်အမျိုးမျိုး၊ အချိုရည်တွေ၊ နို့ဆီတွေ၊ အေးခဲသားတွေ ဝယ်ယူစားသောက်တဲ့အခါမှာ အတော်ကို သတိထားရမယ်လို့ ဆိုပါတယ်။

## vb,kdukefypön frsm;

(၂၁)ရာစုထဲရောက်လာတာနဲ့ တစ်ပြိုင်နက်ကမ္ဘာ့ကုန်သွယ်ရေးစနစ်လည်းမြန်မြန်ဆန်ဆန်ပြောင်းလဲလာတာ သတိထားမိပါတယ်။ ကုန်စည်စီးဆင်းမှု မြန်ဆန်လာတဲ့အတွက် ကမ္ဘာ့မည်သည့်နေရာကမဆို ထုတ်လုပ်တဲ့ကုန်ပစ္စည်းများ ကျွန်တော်တို့နိုင်ငံထဲကို အချိန်တိုတိုနဲ့ ရောက်ရှိလာနေပြီဖြစ်ပါတယ်။ ဒါ့ကြောင့် စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းမှာ လူသုံးကုန်ပစ္စည်းဟာ အရေးပါလာပြီဖြစ်ပါတယ်။ အထူးသဖြင့် စံချိန်မမီတဲ့ထုတ်ကုန်တွေကြောင့် နစ်နာမှုအမျိုးမျိုးကြုံတွေ့ခဲ့ရသလို လူ့အသက်ပါ ဆုံးရှုံးရတဲ့အထိ ဖြစ်စဉ်တွေကြုံတွေ့ နေရပြီဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံထဲကို ပြည်ပကနေ တင်သွင်းလာပြီး စားသုံးသူကို နစ်နာမှုဖြစ်စေတတ်တဲ့ ကုန်ပစ္စည်းတွေကိုတော့ လက်လှမ်းမီသလောက် ဖော်ပြလိုပါတယ်-

-လျှပ်စစ်ပစ္စည်းများ၊အိမ်ဆောက်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ မော်တော်ယာဉ်အစိတ်အပိုင်းများ၊မော်တော်ဆိုင်ကယ်များ၊၎င်းရဲ့အစိတ်အပိုင်းများ၊ အလှကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ Phone & Handsets၊ Printer ၊Copier၊ Slim Bags၊ Giusses (power)၊ မိန်းမစီးဖိနပ်များ၊ သန့်စင်ခန်းသုံးပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းကိရိယာများ၊ ကလေးကစားစရာများစတဲ့ပစ္စည်းတွေပဲ ဖြစ်ပါတယ်။ ဆောင်ရန်၊ ရှောင်ရန်များအကြံပြုချက်များအနေနဲ့ ရက်စွဲ၊ အညွှန်း (Labelling)၊ Brand (အစစ်/အတု)စတာတွေကို ဂရုစိုက်စေချင်ပါတယ်။

## 0efaqmifrIvkyfief;

ဝန်ဆောင်မှုလုပ်ငန်းဟာလည်း ခေတ်တွေစနစ်တွေတိုးတက်လာတာနဲ့အမျှ ခေတ်စားလာတဲ့လုပ်ငန်း တစ်ခုဖြစ်ပါတယ်။ ဒီဝန်ဆောင်မှုကြောင့်လုပ်ငန်းတော်တော်များများအဆင်ပြေသွားသလို ဒီဝန်ဆောင်မှုကြောင့်ပဲ စားသုံးသူပြည်သူတွေ နစ်နာဆုံးရှုံးမှုဖြစ်ရပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းမှာ ဒီဝန်ဆောင်မှုလုပ်ငန်းအကြောင်းကို အကျယ်ချဲ့ပြီး ရှင်းလင်းဆွေးနွေးသင့်တယ်လို့ယူဆပါတယ်။ လက်လှမ်းမှီသလောက်ဝန်ဆောင်မှုလုပ်ငန်းတွေကတော့ ကြော်ငြာကိစ္စ၊ အန္တရာယ်ရှိ Entertainment ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရှာဖွေရေး၊ ငွေကြေးကိစ္စရပ်များ၊ အလှပြင်၊ Spa၊ Massage၊ Telephone Software ပြုပြင်ခြင်း၊ Hotels ၊Travelling၊ Online Shopping၊ စားသောက်ဆိုင်၊ စိုက်ပျိုးရေး၊ အရောင်းအဝယ်၊ စာချုပ်စာတမ်း၊ ဆက်သွယ်ရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ စီးပွားရေးအကြံပေးခြင်း၊ အခန်းအလှဆင်ခြင်း၊ အိမ်ထောင်ရေးအကြံပေး၊ အိမ်ခြံမြေရောင်းဝယ်ခြင်း၊ မော်တော်ယာဉ် စတဲ့ ဝန်ဆောင်မှုတွေပဲဖြစ်ပါတယ်။

ဝန်ဆောင်မှုနဲ့ပတ်သက်ပြီး ပညာပေးရမှာက ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ကိုက်၊မကိုက် လူ့ဝန်းကျင်နှင့် ညီ၊မညီ၊ ယုတ္တိရှိ၊မရှိ၊ ဒေသန္တရညွှန်ကြားချက်အမိန့်၊ ဥပဒေနှင့်ကိုက်၊မကိုက် ချိန်ထိုးပြီး ပညာပေးဟောပြောတဲ့အခါမှာ ကုစားတဲ့နည်းပါ ဆွေးနွေးသင့်ပါတယ်။ဝန်ဆောင်မှုလုပ်ငန်းပညာပေးတဲ့အခါမှာ နိုင်ငံတကာနှင့်အိမ်နီးချင်းနိုင်ငံများရဲ့ ကျင့်သုံးတဲ့နည်းလမ်းများကို လေ့လာအသုံးချတတ်ဖို့အရေးကြီးပါတယ်။

## e d;csKyf

ကျွန်တော်ဆွေးနွေးသွားတဲ့ စားသုံးသူအကာအကွယ်ပေးရေးပညာပေးဆွေးနွေးပွဲ အကြံပြုချက်ဆောင်းပါးလေးဟာ လက်ရှိဟောပြောနေတဲ့ဝန်ထမ်းတွေအတွက်အထောက်အကူဖြစ်စေဖို့ပြုစုရေးသားခြင်းဖြစ်ပါတယ်။ အကျဉ်းမျှသာဖော်ပြထားတဲ့အတွက် ပြည့်စုံမှုရှိမှာမဟုတ်တဲ့အကြောင်းဝန်ခံလိုပါတယ်။ နောက်နောင်အချိန်ရတဲ့အခါမှာ ယခုထက်ပိုမိုအသေးစိတ်တဲ့ အကြံပြုချက်တွေကိုဖော်ပြသွားမှာဖြစ်ပါတယ်။ ဟောပြောသူများအနေနဲ့ညာဏ်ရှိသလို ချဲ့ကားဟောပြောဆွေးနွေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဓိကကတော့ ဟောပြောသူက ဟောပြောတဲ့အချက်တွေကို နားထောင်သူကလက်သင့်ခံနိုင်ဖို့ လိုရင်းပဲဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# မြန်မာနှင့်စီးပွားရေးဆက်ဆံမှု တိုးတက်လာစေရန်အတွက် မီဇိုရမ်ပြည်နယ်ရှိ အဝေးပြေးလမ်းမကြီးအား အိန္ဒိယအစိုးရက အဆင့်မြှင့်တင်မည်

အိန္ဒိယ အရှေ့မြောက်ဒေသအား စီးပွားရေးပါဝါကောင်းသည့် ဒေသတစ်ခုဖြစ်လာစေရန်နှင့် အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက်တည်ရှိမှုတို့ကို ပိုမိုခိုင်မာအားကောင်းလာစေရန် ရည်ရွယ်ကာ မီဇိုရမ်ပြည်နယ်အတွင်းရှိ ၃၅၂ ကီလိုမီတာရှည်သည့် အဝေးပြေးလမ်းမကြီးအား အဆင့်မြှင့်တင်ရန်အတွက် ဩဂုတ် ၂၁ ရက်တွင် အိန္ဒိယဗဟိုအစိုးရက ရူပီး ၆၁၆၇ ကုဋေခန့် ခွင့်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါလမ်းမကြီးအား အဆင့်မြှင့်တင်လိုက်ခြင်းဖြင့် အရှေ့မြောက်ဒေသ၌ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုန်သည်များအတွက် ကုန်သွယ်မှုလမ်းကြောင်း တစ်ခုရရှိလာပြီး မြန်မာနှင့်စီးပွားရေးချိတ်ဆက်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ယခု အဆင့်မြှင့်တင်မည့် Aizawl - Tuipang အဝေးပြေးလမ်းမကြီးသည် မြန်မာနှင့် အိန္ဒိယအကြား စီးပွားရေးဆက်သွယ်မှု တိုးတက်ကောင်းမွန်လာစေရေး အဓိကကျသည့်လမ်းမကြီးဖြစ်သည့်အပြင် မြန်မာကိုဖြတ်သန်းကာ အာဆီယံဈေးကွက်များသို့ ချိတ်ဆက်ရန်အတွက်လည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အိန္ဒိယ၏ စိုက်ပျိုးရေးထွက်ကုန်များ၊ ဥယျာဉ်ခြံထွက်ပစ္စည်းများ၊ နို့ထွက်ပစ္စည်းများ၊ ငါးမျိုးစုံ၊ စက်မှုထုတ်ကုန်မျိုးစုံများအား အာဆီယံဈေးကွက်သို့လည်း ချိတ်ဆက်လာနိုင်ရုံသာမက နိုင်ငံအတွက် ကုန်ကြမ်းရရှိလာနိုင်မှုနှင့် အခြားသောယှဉ်ပြိုင်နိုင်မှုအားသာ ချက်များ (Competitive Advantages) လည်းရှိလာမည်ဖြစ်ကြောင်း သုံးသပ်ဖော်ပြထားပါသည်။

အိန္ဒိယအတွက် မြန်မာသည် အရှေ့တောင်အာရှ ၁၀ နိုင်ငံသို့ ကုန်းလမ်းဖြင့် ကူးလူးဆက်သွယ်ရန်တစ်ခုတည်းသော ဝင်ပေါက်/ထွက်ပေါက်ဖြစ်ကာ ကုန်းတွင်းပိတ်ဒေသဖြစ်သော အိန္ဒိယအရှေ့မြောက်ဒေသရှိ ပြည်နယ်လေးခု အာရူနာချယ်လ်ပရာဒေ့ရှ်၊ မဏိပူရ်၊ နာဂဒေသနှင့် မီဇိုရမ်တို့သည် မြန်မာနှင့် ကီလိုမီတာ ၅၂၀၊ ၃၉၈၊ ၂၁၅ နှင့် ၅၁၀ တို့အသီးသီး အကာအရံမရှိ ထိစပ်လျက်ရှိကြောင်း သိရှိရပါသည်။

ယခုအကောင်အထည်ဖော်မည့် Aizawl-Tuipang အဝေးပြေးလမ်းနှင့်စပ်လျဉ်း၍ Observer Research Foundation ၏ အကြီးတန်း သုတေသနအဖွဲ့ဝင် K.Yhom က အဆိုပါလမ်းအား သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဖော်ဆောင်သင့်ပြီး ရာသီမရွေး အသုံးပြုနိုင်ရန်မှာလည်း အရေးကြီးကြောင်း၊ လက်ရှိတွင် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းတစ်ခုအဖြစ် မဏိပူရ်တွင်ရှိပြီးဖြစ်သော်လည်း ယင်းလမ်းပေါ်ရှိ လမ်းပိုင်းအများစုမှာ တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ခြင်း မရှိကြောင်း၊ ယခုစီမံကိန်းသည် ဘင်းမ်စတက် (BIMSTEC) အဖွဲ့ကြီး ပိုမိုခိုင်မာအားကောင်းလာစေရေး တည်ဆောက်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်နိုင်ပြီး အိန္ဒိယ၏ အိမ်နီးချင်းမဟာဗျူဟာကို ပိုမိုအားကောင်းလာစေနိုင်ကြောင်း၊ ထို့ပြင် အဓိကအားဖြင့် မီဇိုရမ်ပြည်နယ်နှင့် အရှေ့မြောက်ဒေသ ပြည်နယ်များအတွက် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ပြီး ယင်းဒေသ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဟု သုံးသပ်ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကြက်သွန်နီကုန်သည်များ၏ သိုလှောင်မှုပမာဏကို ကန့်သတ်ရန် အိန္ဒိယဗဟိုအစိုးရက ပြည်နယ်အစိုးရများအား ပြောကြား

ပြည်တွင်း၌ ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လျက်ရှိနေပြီး ဆက်လက်မြင့်တက်လာခြင်းမရှိစေရန် အိန္ဒိယဗဟိုအစိုးရက ကုန်သည်များ၏ ကြက်သွန်နီသိုလှောင်မှုပမာဏကို ကန့်သတ်ရန် ပြည်နယ်အစိုးရများအား ဩဂုတ် ၂၃ ရက်၌ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထို့ပြင် ပြည်တွင်း၌ ကြက်သွန်နီလုံလောက်မှုရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေးတို့အတွက် ကြက်သွန် နီတင်ပို့မှုအပေါ် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (minimum export price-MEP) သတ်မှတ်ရန်အတွက်လည်း ဗဟိုအစိုးရက စဉ်းစားနေကြောင်း၊ ထိုသို့ သတ်မှတ်ရာ၌ ကြက်သွန်နီပို့ကုန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ ဖြင့် သတ်မှတ်ရန်ကိုလည်း အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာနက ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အကြံပြုထားကြောင်း၊ ယင်းနှင့်စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ချက်ကို မကြာမီထုတ်ပြန်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဩဂုတ် ၂၃ ရက်တွင် အိန္ဒိယနိုင်ငံ၌ ကြက်သွန်နီဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ၃၈ ရူပီးသို့မြင့်တက်ခဲ့ပြီး ယခင်နှစ်အလားတူကာလက ကြက်သွန်နီဈေးမှာ တစ်ကီလိုဂရမ် လျှင် ၂၂ရူပီးသာရှိကြောင်း၊ ကြက်သွန်နီသည် အိန္ဒိယနိုင်ငံ၏ မရှိမဖြစ်ကုန် စည်စာရင်းတွင် ပါဝင်သည့် မီးဖိုချောင်သုံးအခြေခံစားကုန်ဖြစ်ရာ ကုန်သည်များအနေဖြင့် ကြက်သွန်နီဈေးနှုန်း မြင့်တက်အောင် လက်ဝယ်သိုလှောင်ထားပြီး ဈေးကစားနေကြောင်း အထောက်အထားတွေ့ရှိပါက Essential Commodities Act ဖြင့် အရေးယူရန် ပြည်နယ်အစိုးရများအား အာဏာလွှဲအပ်သည့် စာတစ်စောင်ကိုလည်း ထုတ်ပြန်ထားသည်ဟု Food and Consumer Affairs ၏ ဝန်ကြီးဖြစ်သူ Ram Vilas Paswan က ပြောကြားထားကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့် ရက်သတ္တပတ် အနည်းငယ်အတွင်းက အိန္ဒိယ၌ ကြက်သွန်နီဈေးနှုန်း မြင့်တက်လာရခြင်းမှာ ကြက်သွန်နီ လက်ဟောင်းများ လက်ကျန်လျော့နည်းလာပြီး လက်ရှိနွေရာသီ ကြက်သွန်နီစိုက်ဧကမှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည့်အတွက် ယခုနှစ်ထုတ်လုပ်နိုင်မည့် ပမာဏအပေါ် စိုးရိမ်ပူပန်လျက်ရှိနေရာ ကုန်သည်များအနေဖြင့် လက်ဝယ်သိုလှောင်ထားခြင်းများရှိနိုင်ကြောင်း၊ သို့ဖြစ်၍ ဈေးကစားခြင်းကို ဟန့်တားရန်အတွက် အများဆုံးသိုလှောင်ခွင့်ကို ကန့်သတ်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရ၏ MEP မူဝါဒအရ ပို့ကုန်တင်ပို့သူသည် သတ်မှတ်ကုန်စည်အမျိုးအစားအပေါ် အစိုးရက ထုတ်ပြန်ထားသည့် MEP ဈေးနှုန်းအောက်လျော့၍ တင်ပို့ခွင့်မရှိကြောင်း၊ အိန္ဒိယနိုင်ငံသည် ယခင်က ကြက်သွန်နီတင်ပို့မှုအပေါ် MEP သတ်မှတ်ခဲ့သော် လည်း ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ အဆိုပါကန့်သတ်ချက်အား ဖျက်သိမ်းပေးထားခြင်းဖြစ်ကြောင်း၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ကြက်သွန်နီတန်ချိန် ၃၄ ဒသမ ၉၂ သိန်းခန့် တင်ပို့ခဲ့ကြောင်း၊ ပြည်တွင်း၌ လက်ရှိစားသုံးနေသည့် ကြက်သွန်နီများမှာ ယခင်နှစ်လက်ကျန်များဖြစ်ပြီး လာမည့်လတွင် ဈေးကွက်အတွင်းသို့ ကြက်သွန်နီသစ်များ စတင်ရောက်ရှိတော့မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ထိုင်းနိုင်ငံ၊ ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိမ့်မွှာရောင် လျှပ်စစ်ရထားလမ်း တည်ဆောက်မှုကို ပုဂ္ဂလိကသို့ ရာနှုန်းပြည့်ခွင့်ပြုပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ထိုင်းနိုင်ငံ၊ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် ဘဏ္ဍာငွေဝန်ထုပ်ဝန်ပိုးဖြစ်မှုကို လျှော့ချပေးမည့် နည်းလမ်းများကို ရှာဖွေလျက်ရှိရာ ဗန်ကောက်မြို့ရှိ ထိုင်းယဉ်ကျေးမှုစင်တာနှင့် တာလင်ကျန်ကို ဆက်သွယ်မည့် လိမ့်မွှာရောင်လျှပ်စစ်ရထားလမ်းစီမံကိန်း၏ အနောက်ဘက်လမ်းပိုင်းကို ပုဂ္ဂလိကသို့ ရာနှုန်းပြည့် တည်ဆောက်ခွင့်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိမ့်မွှာရောင်လျှပ်စစ်ရထားလမ်းစီမံကိန်းကို ပုဂ္ဂလိကသို့ ရာနှုန်းပြည့်တည်ဆောက်ခွင့်ပြုခြင်းနှင့်ပတ်သက်၍ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အခြေအနေများကို စစ်ဆေးရန်အတွက် ပြည်သူ့ပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရရှိထားသည့် အများပြည်သူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့သို့ လမ်းညွှန်ထားပြီးဖြစ်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်နိုင်ပါက အစိုးရ၏ဘဏ္ဍာငွေကို သက်သာစေမည်ဖြစ်သော်လည်း လိမ့်မွှာရောင်လျှပ်စစ်ရထား တည်ဆောက်မှုစရိတ် ဘတ် ၁၀၉ ဘီလီယံသည် ပုဂ္ဂလိကကဏ္ဍအတွက် အလွန်များပြားသော ကုန်ကျစရိတ်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Arkhom Termpittayahaisith က ပြောကြားခဲ့ပါသည်။

ဗန်ကောက်မြို့ အနောက်ပိုင်းရှိတာလင်ကျန်နှင့် အရှေ့ပိုင်းရှိထိုင်းယဉ်ကျေးမှုစင်တာကိုဆက်သွယ်ပေးမည့် အနောက်ဘက်ခြမ်းလမ်းပိုင်းဖြစ်သော လိမ့်မွှာရောင် လျှပ်စစ်ရထားလမ်းသည် အရှည် ၁၃ ဒသမ ၄ ကီလိုမီတာရှိပြီးအရှေ့ဘက်ခြမ်း လိမ့်မွှာရောင်လျှပ်စစ်ရထားလမ်းပိုင်းသည် အရှည် ၂၂ ဒသမ ၅၇ ကီလိုမီတာရှိပါသည်။ ထိုင်း အစိုးရသည် ယခင်က အနောက်ဘက်ခြမ်းလမ်းပိုင်း လိမ့်မွှာရောင် လျှပ်စစ်ရထားလမ်းတည်ဆောက်မှုကို အရှေ့ဘက်ခြမ်းလမ်းပိုင်း တည်ဆောက်ခဲ့သည့် နမူနာအတိုင်း အများပြည်သူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က တာဝန်ယူအကောင်အထည်ဖော်ရန် စီစဉ် ထားသော်လည်း အများပြည်သူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့သည် များပြားသော ပိုက်လိုင်းစီမံကိန်းများ ရှိနေသဖြင့် အသုံးစရိတ်များကိုလျှော့ချရန် စီစဉ်ခြင်းဖြစ်ပါသည်။

အများပြည်သူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့သည် အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှု (Public-Private Partnership-PPP) အစီအမံအောက်တွင် အကောင်အထည်ဖော်မည့် စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ရထားလမ်းဝန်ဆောင်မှုများအပေါ် လိုအပ်သော လေ့လာမှုများ ဆောင်ရွက်ရန် အကြံပေးကုမ္ပဏီတစ်ခုကို ငှားရမ်းထားပြီးဖြစ်ပါသည်။ ထို့အပြင် အများပြည်သူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့သည် ရာနှုန်းပြည့် အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိုလည်း လေ့လာဆန်းစစ်ပေးရန် ယင်းအကြံပေးကုမ္ပဏီနှင့် ညှိနှိုင်းမည်ဖြစ်ပါသည်။

စီမံကိန်းစရိတ်စက မြင့်မားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စွန့်စားရမှုများနှင့် ကန်ထရိုက်စာချုပ်များအား ဆောင်ရွက်ရမည့် အခြေအနေများကိုလည်း လေ့လာတင်ပြစေလိုကြောင်း၊ ယခုကဲ့သို့ ရာနှုန်းပြည့် အစိုးရ-ပုဂ္ဂလိကအကျိုးတူပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့်အကောင်အထည်ဖော်ရန် စီစဉ်ခြင်းသည် အစိုးရ၏ ဘဏ္ဍာရေးအသုံးစရိတ်ကို လျှော့ချရန် ရည်ရွယ်ပြီး လေ့လာတွေ့ရှိချက်များကို စောင့်ဆိုင်း၍ ယင်းတွေ့ရှိချက်များအပေါ် အခြေခံကာ မည်သို့မည်ပုံဆောင်ရွက်မည်ကို တစ်လ သို့မဟုတ် နှစ်လအတွင်း ဆုံးဖြတ်ရန် မျှော်မှန်းထားကြောင်း ဝန်ကြီး Mr. Arkhom က ပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁–၉–၂၀၁၇)

ဇော်ဝင်း

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ရိပ်ပြသော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်အထိ ပြောင်းဈေးတစ်ပိဿာ ကျပ် ၅၀၀ နဲ့ဈေးငြိမ်နေခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၅၃၀ (တစ်တန်ကျပ် ၃၂၄၅၆၀)နဲ့ ပြန်လည်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၂၆၇၁၂၆၈ ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ပိဿာချိန် ၂၅၄၇၀၀၀ သာရှိတာကြောင့် ယခင်တစ်ပတ်ထက် လျော့နည်းပြီး အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ပြောင်းတစ်ပိဿာ ၂၉ ကျပ်ရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျဆင်းပြီး အစေ့ထုတ်ပြောင်းဈေး ဆက်လက်တက်ရိပ်ပြ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျဆင်းခဲ့ပေမယ့် အစေ့ထုတ်ပြောင်း ဆက်လက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၁၁၃၅ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၉၇၅ ကျပ် (တစ်တန်ကျပ် ၅၉၇၀၈၀) အထိ ဈေးဆက်လက် ကျဆင်းခဲ့ပါတယ်။ မတ်ပဲကို မြို့ပေါ်ရှိ ဝယ်ရောင်းကုန်သည်များက ဝယ်လိုအားများပြီး အရောင်းအဝယ်သွက်ခဲ့ပေမယ့် ရန်ကုန်ဝယ်လက်က အနည်းငယ်သာ ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တစ်ပိဿာ ကျပ် ၅၄၀ ထိ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၅၄၅ ကျပ် (တစ်တန်ကျပ် ၃၃၃၇၅၀) နဲ့ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ အစေ့ထုတ်ပြောင်းကို ရန်ကုန်အစာစပ်လုပ်ငန်းများက ဝယ်ယူမှုမရှိတာကြောင့် အရောင်းအဝယ် မဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှ မတ်ပဲ၊ ပဲစင်းငုံနီဈေးကျပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးဆက်လက်ကျဆင်းခဲ့ပြီး အရောင်းအဝယ်လည်း အေးခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၃၃၃ ကျပ်နဲ့ ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၉၆၇ ကျပ်(တစ်တန်ကျပ် ၅၉၂၁၈၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်များက ဝယ်ယူခြင်းမရှိတာကြောင့် အရောင်းအဝယ်လည်း အေးခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၆၆၇ ကျပ် (တစ်တန်ကျပ် ၄၀၈၄၆၀) အထိဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီကိုလည်း ရန်ကုန်ဝယ်လက်က ဝယ်ယူမှုမရှိသလို လှော်လက်များကလည်း ဝယ်လိုအားနည်းခဲ့တာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း(အညာ) ရွှေဝါ တစ်ပိဿာ ၁၇၇၈ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၇၂၄ ကျပ် (တစ်တန်ကျပ် ၁၀၅၅၇၆၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။

ပဲတီစိမ်း(အညာ) ရွှေဝါကို တရုတ်ဝယ်လက်က ပုံမှန်ဝယ်ယူခဲ့ ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၉၉၃ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၂၂ ကျပ်နဲ့ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူ (ထိပ်စ) တစ်ပိဿာ ၂၅၅၆ ကျပ်နဲ့ဈေးကျခဲ့ သလို ယခုတစ်ပတ် မှာလည်း တစ်ပိဿာ ၂၅၁၁ ကျပ် (တစ်တန်ကျပ် ၁၅၃၇၇၁၀) နဲ့ ဈေးဆက်လက် ကျဆင်းခဲ့ပါတယ်။ နှမ်းမျိုးစုံကို တရုတ် တင်ပို့သူကုန်သည်များက ဝယ်လိုအားနည်းခဲ့တာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်းသိရပါတယ်။ တရုတ်ဝယ်လက်နဲ့အစာစပ်လုပ်ငန်းရှင်များက ပုံမှန်ဝယ်ယူမှုရှိတဲ့ အစေ့ထုတ် ပြောင်းက ယခင်တစ်ပတ်ဈေး တစ်ပိဿာ ၅၃၇ ကျပ် (တစ်တန် ကျပ် ၃၂၈၈၅၀) နဲ့ ဆက်လက် ဈေးငြိမ်နေကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအတက်အကျမရှိဘဲ ရက်သတ္တပါတ်ဆက်တိုက် ဆက်လက်ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ၅၀ ကီလိုတစ်အိတ်ကို ၇၄ ယွမ်မှ ၈၃ ယွမ် (တစ်တန်ယွမ် ၁၄၈၀ မှ ယွမ် ၁၆၆၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံသို့ တင်ပို့နိုင်မှုမှာလည်း ယခင်တစ်ပတ်က တန်ချိန် ၇၃၀၀ ကျော်သာတင်ပို့ နိုင်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တန်ချိန် ၇၅၀၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဈေးငြိမ်သလို အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်းနဲ့ နှမ်းမျိုးစုံ ဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာကျပ် ၁၃၀၀ နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၁၀၀(တစ်တန်ကျပ် ၆၇၃၆၂၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ အလားတူ ယခင်တစ်ပတ်က တစ်ပိဿာ ၁၃၁၅ကျပ်နဲ့ ဈေးကျခဲ့တဲ့ ပဲတီစိမ်းကလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၆၅ကျပ်(တစ်တန်ကျပ် ၇၇၄၆၇၀) နဲ့ ဆက်လက်ဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်အတိုင်း တစ်ပိဿာကျပ် ၇၀၀ (တစ်တန်ကျပ် ၄၂၈၆၇၀)နဲ့ ဆက်လက်ဈေးငြိမ်နေကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ ဆီထွက်သီးနှံ နှမ်းမျိုးစုံ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာကျပ် ၃၀၀၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၈၀၀ (တစ်တန်ကျပ် ၁၇၁၄၆၉၀)၊ ယခင်တစ်ပတ်က နှမ်းဖြူ(ထိပ်စ ) အသစ် တစ်ပိဿာ ၂၆၂၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၅၃၅ ကျပ် (တစ်တန်ကျပ် ၁၅၅၂၄၀၀)နဲ့ အသီးသီး ဈေးကျခဲ့ကြောင်း သိရပါတယ်။ မန္တလေးဝယ်လက်က သိပ္ပံနှမ်းနက်(အသစ်) ကို ဝယ်လိုအားနည်းခဲ့ပြီး နှမ်းဖြူ(ထိပ်စ)အသစ်ကိုမြို့ခံနှမ်းလှော်လုပ်ငန်းများနဲ့ မန္တလေးဝယ်လက်က ဝယ်လိုအားများကြောင်းလည်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ကုလားပဲဟော်လန်ဈေးမြင့်လာခဲ့ပြီး ပဲတီစိမ်း(အသစ်)ဈေးငြိမ်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ကုလားပဲဟော်လန် ပြန်လည်ဈေးမြင့်ခဲ့ပေမယ့် ပဲတီစိမ်း(အသစ်) ကဈေးငြိမ်နေကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲ ဟော်လန် တစ်ပိဿာ ၂၀၇၅ ကျပ်နဲ့ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၂၀၀ (တစ်တန်ကျပ် ၁၃၄၇၂၅၀) နဲ့ ပြန်လည်ဈေးမြင့်ခဲ့ပါတယ်။ ကုလားပဲဟော်လန်ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအား ပုံမှန်ရှိတာကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်းသိရပါတယ်။ ပဲတီစိမ်း အသစ်ကလည်း ယခင်တစ်ပတ်ဈေးတစ်ပိဿာ ကျပ် ၁၃၅၀(တစ်တန်ကျပ် ၈၂၆၇၂၀)နဲ့ ဆက်လက်ဈေးငြိမ်နေပြီး မန္တလေး ဝယ်လက်က အရည်အသွေးကြိုက်တာကြောင့် အဝယ်များခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် နှမ်းနီနဲ့နှမ်းနက်က ယခင်တစ်ပတ်ဈေး တစ်ပိဿာကျပ် ၂၁၁၀ (တစ်တန်ကျပ် ၁၂၉၂၁၄၀)နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်တစ်ပတ်က သိပ္ပံနှမ်းနက်တစ်ပိဿာ ၂၈၂၅ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၇၈၀ (တစ်တန်ကျပ် ၁၇၀၂၄၄၀)နဲ့ဈေးကျဆင်းခဲ့ပါတယ်။ သိပ္ပံနှမ်းနက်နဲ့နှမ်းနက်ကို မန္တလေးဝယ်လက်နဲ့ နှမ်းနီကိုမြို့ခံဆီစက်လုပ်ငန်းများက ဝယ်လိုအားများတဲ့အတွက် အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းဈေး ပြန်လည် တက်ရိပ်ပြ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း(လုံးသေး) ပြန်လည်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း(လုံးသေး)တစ်ပိဿာကျပ် ၁၂၉၀ အထိဈေးကျခဲ့ရာမှ ယခုတစ်ပတ်မှာတစ်ပိဿာ ကျပ် ၁၄၉၀ (တစ်တန်ကျပ် ၉၁၂၄၆၀) နဲ့ ဈေးပြန်လည်တက်ရိပ်ပြခဲ့ပါတယ်။ ပဲတီစိမ်း(လုံးသေး)ကို ရန်ကုန်နဲ့ မန္တလေးဝယ်လက်များက ဝယ်လိုအားရှိပေမယ့် နယ်အဝင်နည်းတာကြောင့် အရောင်းအဝယ်ပုံမှန်သာရှိကြောင်း သိရပါတယ်။ ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၆၉၀ (တစ်တန်ကျပ် ၄၂၂၅၄၀) နဲ့ ရန်ကုန်တင်ပို့မယ့်သူများက ပုံမှန်ဝယ်ယူမှုရှိကြောင်း သိရပါတယ်။ ကုလားပဲဟော်လန် တစ်ပိဿာ ကျပ် ၂၂၀၀ (တစ်တန်ကျပ် ၁၃၄၇၂၅၀)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မြို့ခံပဲခွဲစက်လုပ်ငန်းများက ပုံမှန်အဝယ်ရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းလုံးကြီး ဈေးပြန်လည်တက်ရိပ်ပြ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းလုံးကြီးဈေး ပြန်လည်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၃၁၆ ကျပ်အထိ ဈေးကျဆင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၄၂၀ ကျပ် (တစ်တန်ကျပ် ၈၇၀၂၀၀) နဲ့ ပြန်လည်ဈေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာကျပ် ၇၄၀ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၇၁၀ (တစ်တန်ကျပ် ၄၃၄၇၉၀) နဲ့ ဈေးကျခဲ့ပြီး ရန်ကုန်ဝယ်လက်က ဝယ်လိုအားကောင်းကြောင်းသိရပါတယ်။ မတ်ပဲကို တစ်ပိဿာကျပ် ၁၁၀၀ (တစ်တန်ကျပ် ၆၇၃၆၂၀) နဲ့ဈေးဖွင့်ခဲ့ပေမယ့် အရောင်းအဝယ်မဖြစ်ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် နှမ်းဖြူမှာ ယခင်တစ်ပတ်ကတစ်ပိဿာကျပ် ၂၄၀၀ (တစ်တန်ကျပ် ၁၄၆၉၇၃၀) နဲ့ဆက်လက်ဈေးငြိမ်နေပြီး မန္တလေးတင်ပို့မယ့်သူများက ဝယ်ယူမှုရှိကြောင်းသိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီတို့ အရောင်းအဝယ်ပုံမှန်ပြန်ဖြစ်

ဘုရင့်နောင်ဈေးကွက်မှာ ယခင်တစ်ပတ်ကအိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုကန့်သတ်ချက်ကြောင့် ပဲဈေးများကမောက်ကမမဖြစ်စေရန် ပဲဈေးကွက်ဖွင့်ရောင်းချမှု ယာယီရပ်နားထားပေမယ့် ယခုတစ်ပတ်မှာ ပြန်လည်ဈေးဖွင့်အရောင်းအဝယ်ပြုခဲ့ကြောင်း သိရပါတယ်။ ဈေးနှုန်းအနေနဲ့ မတ်ပဲ FAQ(RC) တစ်တန်ကျပ် ၅၅၂၀၀၀၊ မတ်ပဲ SQ(RC) တစ်တန်ကျပ် ၇၄၆၀၀၀၊ ပဲစင်းငုံနီ (RC) တစ်တန်ကျပ် ၄၃၈၀၀၀ နဲ့ အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

# မန္တလေးကုန်စည်ဒိုင် ဩဂုတ်လ တတိယပတ်နှင့် စတုတ္ထပတ် အတွင်း ဈေးနှုန်းဈေးကွက်အခြေအနေ

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း၊ မန္တလေးကုန်စည်ဒိုင်သို့ အနယ်နယ်အရပ်ရပ်မှ လယ်ယာထွက်ကုန်သီးနှံများဖြစ်သော ပဲ၊ ပြောင်း၊ နှမ်း စသည့်သီးနှံများကို ဥပုသ်နေ့မှအပ နေ့စဉ်အရောင်းအဝယ် ပြုလုပ်လျက်ရှိပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ တတိယပတ်နှင့်စတုတ္ထပတ် ဈေးနှုန်းများအားနှိုင်းယှဉ်မှုမှာ-

ပြည်ပ(တရုတ်)ဝယ်လို အားကောင်းမွန်သော ပဲတီစိမ်းဈေးနှုန်းမှာ ယခင် တစ်ပတ်ထက် တစ်ပိဿာ ကျပ် ၃၂၀ လျော့နည်းလာပြီး၊ နေ့စဉ်သုံးတင်းအိတ် ၁၀၀၀ ဝန်းကျင်ခန့် အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ နှမ်းရောင်စုံများရဲ့ ဈေးနှုန်းမှာ အတက်ဘက်သို့ဦးတည်လျက်ရှိပါတယ်။ ယခင်တစ်ပတ် နှမ်းဖြူ တစ်ပိဿာလျှင် ၂၆၆၇ ကျပ်ဖြစ်ပြီး၊ ယခုတစ်ပတ်အတွင်း ၂၈၉ ကျပ် မြင့်တက်လာကြောင်း တွေ့ရပြီး၊ တစ်ရက်လျှင် ပျမ်းမျှ သုံးတင်း ဝင်အိတ် ၆၀၀ ခန့်၊ ယခုတစ်ပတ် နှမ်းနက်ရိုးရိုးမှာ ၂၄၄၄ ကျပ်ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၂၂၂ကျပ် မြင့်တက်လာပြီး၊ တစ်ရက်လျှင် ပျမ်းမျှ အိတ် ၅၀၀ ခန့် ရောင်းဝယ်မှု ဖြစ်နေတာကို သိရပါတယ်။ ပြောင်း (စီပီ) တစ်ပိဿာလျှင် ၅၅၆ ကျပ်ဈေးဖြင့် ရောင်းဝယ်လျက်ရှိပြီး ယခင်တစ်ပတ်ထက် ၃၇ ကျပ် မြင့်တက်လာကာ ပျမ်းမျှ အိတ် ၈၀၀ ခန့်၊ ကျန်သီးနှံများမှာ ဈေးနှုန်းအနည်းငယ်သာ ပြောင်းလဲမှုရှိပြီး၊ ပုံမှန်အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း ပဲ၊ နှမ်းကုန်သည်တစ်ဦးထံမှ သိရှိရပါတယ်။

မန္တလေးကုန်စည်ဒိုင်တွင် အရောင်းအဝယ်ပြုလုပ်လျက်ရှိသော သီးနှံအများစုမှာ တရုတ်ဝယ်လက်ကို များစွာ မှီခိုနေရကြောင်း၊ အရောင်းအဝယ်ဖြစ်မှုရဲ့ သုံးပုံနှစ်ပုံနီးပါး တရုတ်ဘက်သို့ တင်ပို့လျက်ရှိပြီး၊ ပြည်ပ (အိန္ဒိယ)၊ ရန်ကုန်နှင့် ဒေသတွင်း ကုန်သည်များကလည်း ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ မိမိတို့ကုန်သည်များအနေဖြင့် ပြည်တွင်းပဲ၊ ပြောင်း၊ နှမ်းဈေးကွက် ဆက်လက်တည်တံ့နိုင်ရေးအတွက် အရောင်းအဝယ်ပြုလုပ်သည့် ဈေးကွက်တစ်ခု၊ နှစ်ခုတည်းကိုသာ အားကိုး၍မရဘဲ ဈေးကွက်ခိုင်မာပြီး၊ ဈေးနှုန်း မြင့်မားစွာ အရောင်းအဝယ် ပြုလုပ်နိုင်မည့် နယ်ပယ်အသစ်အား ရှာဖွေရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ပစ္စည်းအရည်အသွေးကိုလည်း နိုင်ငံတကာအဆင့်မီစေရန် လုပ်ဆောင်နိုင်မှသာလျှင် ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်မည်ဖြစ်သဖြင့် ယခုထက်ပိုမို၍ အရည်အသွေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း ပဲ၊ နှမ်းကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရပါတယ်။

ရေတွက်ပုံ - ပိဿာ/ကျပ်

| သီးနှံအမည် | ဩဂုတ် | | ဈေးနှုန်း ကွာခြားမှု (နိမ့်/မြင့်) |
|---|---|---|---|
| | တတိယပတ် | စတုတ္ထပတ် | |
| ပဲတီစိမ်း | ၂၀၀၉ | ၁၆၈၉ | ⇩ - ၃၂၀ |
| နှမ်းဖြူ | ၂၃၇၈ | ၂၆၆၇ | ⇧ ၂၈၉ |
| နှမ်းညို | ၁၉၃၃ | ၁၉၇၈ | ⇧ ၄၅ |
| နှမ်းနက် | ၂၂၂၂ | ၂၄၄၄ | ⇧ ၂၂၂ |
| စမုံနက် | ၂၈၈၉ | ၂၉၅၆ | ⇧ ၆၇ |
| ပြောင်း (CP) | ၅၁၉ | ၅၅၆ | ⇧ ၃၇ |
| ပဲယင်း | ၉၃၃ | ၁၀၀၀ | ⇧ ၆၇ |
| ထောပတ်ပဲ | ၂၃၁၁ | ၂၄၃၆ | ⇧ ၁၂၅ |
| ပဲကြီး | ၂၉၈၆ | ၃၁၆၇ | ⇧ ၁၈၁ |
| မြေထောက်ပဲ | ၂၀၇၄ | ၂၁၃၀ | ⇧ ၅၆ |

အာကာကျော် (မန္တလေး)

# ကြယ်ပဲ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ကြယ်ပဲစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့မှ အသင်းသား / အသင်းသူများနှင့် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးမှ အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန၏ မူဝါဒပိုင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အစုအဖွဲ့၏ စိန်ခေါ်မှုအခက်အခဲများကို ဝန်ကြီးဌာန၏ ကိုယ်စားကူညီဆောင်ရွက်ပေးမှာဖြစ်ကြောင်း ပြောကြားပါသည်။ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးက မန္တလေးတိုင်းဒေသကြီးအနေဖြင့် အစုအဖွဲ့ (၁၂)ဖွဲ့ရှိပြီး၊ လျှော်ဖြူအစုအဖွဲ့သည် အောင်မြင်နေပြီဖြစ်ကြောင်း၊ နိုင်ငံခြားတင်ပို့ရန်အတွက် အင်တိုက်အားတိုက် လုပ်ဆောင်နေကြပြီဖြစ်ကြောင်း၊ ကြယ်ပဲအစုအဖွဲ့အနေဖြင့်လည်း ပြည်ပသို့ တင်ပို့ပြီးအောင်မြင်အောင် လုပ်ဆောင်ရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကြယ်ပဲအစုအဖွဲ့ ဥက္ကဋ္ဌက ကြယ်ပဲဈေးကွက်ခိုင်မာစေရန် ရည်ရွယ်၍ ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက်တည်ငြိမ်ခိုင်မာမှသာလျှင် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများ၊ ကြယ်ပဲထုတ်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းရှင်များပါဝင်သည့် Supply Chain ကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုး တိုးတက်ဖို့လိုကြောင်း၊ ဈေးနှုန်းသတ်မှတ်ရန်အတွက် သကြားကုန်စည်ဒိုင်ကဲ့သို့ ကြယ်ပဲကိုလည်း ကြယ်ပဲ ကုန်စည်ဒိုင်သဘောမျိုးဖြင့် လုပ်ဆောင်လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တင်သန်းရတနာ ကြယ်ပဲထုတ်လုပ်ရေးလုပ်ငန်းရှင်က ဈေးကွက် အနေအထားအရ ကုန်ချောနည်းပြီး ကုန်ကြမ်းများနေကြောင်း၊ ယခုဆိုရင် ကြယ်ပဲကွတ်ကီးကိုပြုလုပ်လျက်ရှိကြောင်း၊ ရန်ကုန်၊ မော်လမြိုင်၊ ကျောက်ဆည်၊ မုံရွာ၊ မိုးကုတ်ဈေးကွက်သို့ တင်ပို့နေကြောင်း၊ ဈေးနှုန်းအနေဖြင့် ကုန်ကြမ်း တစ်ကီလိုလျှင်ကျပ် ၂၉၀၀ ဝန်းကျင်၊ ကီလို ၃၀၀ မှ ၅၀၀ အထိ ဝယ်ယူပါက ကျပ် ၂၈၀၀ ဖြင့် ရောင်းဝယ်နေကြောင်း ဆွေးနွေးပြောကြားပါသည်။

အမရပူရမြို့နယ်၊ ကြယ်ပဲစိုက်ပျိုးထုတ်လုပ်သူမှ တောင်သူများအနေဖြင့် နည်းပညာလိုအပ်၍ အစေ့အဆန် မအောင်သဖြင့် ပြည်တွင်းဈေးကွက်မှာသာ ရောင်းဝယ်မှုဖြစ်နေကြောင်း ပြောကြားပါသည်။

ကြယ်ပဲစိုက်စရိတ်မှာ တစ်ဧကလျှင်ကျပ် ၁၂ သိန်း ဝန်းကျင်ရှိကြောင်း၊ ကြယ်ပဲပင်၏သက်တမ်းမှာ နှစ်(၃၀)ရှိပြီး၊ အညွန့်၊ အရွက်၊ အသီး တစ်ပင်လုံး အသုံးဝင်ကြောင်း၊ ဆေးဖက်ဝင် အပင်တစ်မျိုးလည်း ဖြစ်ကြောင်း၊ ကြယ်ပဲဆီကို မြန်မာပြည်၏ လူတန်းစားတစ်ရပ်လုံး သုံးနိုင်စားနိုင်အောင် ရည်ရွယ်ပြီး ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ အာဟာရ ပြည့်ဝစွာစားသုံးစေလို၍ဖြစ်ကြောင်း မျှစ်ချိုစိုက်ပျိုးထုတ်လုပ်သူက ပြောကြားပါသည်။

ကုန်သွယ်မှုနှင့်ပတ်သက်သည့်ဥပဒေ၊ အသင်းအဖွဲ့နှင့်ပတ်သက်သည့်ဥပဒေများကို သိရှိရန် လိုအပ်ကြောင်း၊ သတင်းအချက်အလက် ခိုင်မာရန် လိုအပ်ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေသည့် စံချိန်စံညွှန်းများကိုလည်း သိရှိရန်လိုအပ်ကြောင်း၊ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖွဲ့၍သော်လည်းကောင်း၊ ကုမ္ပဏီဖွဲ့စည်း၍သော်လည်းကောင်း တင်ပို့နိုင်ရန်လိုကြောင်း တိုင်းဒေသကြီး ဦးစီးမှူးက ပြောကြားခဲ့သည်။ **တင်ဇာမျိုး (မန္တလေး)**

# ချောင်းဦးမြို့နယ် ရွှေဒါးကျကျေးရွာတွင် ဖွင့်လှစ်လျက်ရှိသည့် တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့် ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအား ဆွေးနွေးပို့ချ

ချောင်းဦးမြို့နယ်၊ ရွှေဒါးကျကျေးရွာတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းတွင် တက်ရောက်လျက်ရှိသည့် သင်တန်းသူ သင်တန်းသားများအား မုံရွာခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးနှင့်ချောင်းဦးမြို့နယ်တာဝန်ခံတို့သည် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့် ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအား ဆွေးနွေးပို့ချခဲ့သည်။

ဆွေးနွေးပွဲတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဆွေးနွေးရာတွင် ထုတ်လုပ်သူများအဖြစ် ရည်ရွယ်ထားသည့် သင်တန်းသားများဖြစ်သဖြင့် စားသုံးသူအနေဖြင့်ရော လုပ်ငန်းရှင်အနေဖြင့်ပါ သိရှိထားရမည့် အခွင့်အရေးများ၊ လိုက်နာဆောင်ရွက်ရမည့်တာဝန်များကို လက်ကမ်းစာစောင်များ ဝေငှကာ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့ပြင် ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပံ့ပိုးချိတ်ဆက်ဆောင်ရွက် ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

အဆိုပါသင်တန်းကို အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ပြီး ချောင်းဦးမြို့နယ်ညောင်ပင်သာ ကျေးရွာအုပ်စု၊ ရွှေဒါးကျကျေးရွာရှိ KOICA အထောက်အပံ့ဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ ပူးပေါင်း အကောင်အထည်ဖော်ခဲ့သည့် မြန်မာဆယ်မာအူးလ် အွန်ဒုန် ခန်းမတွင် ဩဂုတ်လ ၂၉ ရက်မှ စက်တင်ဘာလ ၈ ရက်အထိ ဖွင့်လှစ်ကာ သင်ကြား ပို့ချလျက်ရှိသည်။

အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်မှတ်ပုံတင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းပေးဆောင်ရွက်ပေးလျက်ရှိပါသည်။ အသေးစား စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းသစ်များ ပေါ်ထွန်းလာစေရန်အတွက် လူသုံးကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်း၊ ရက်ကန်း နည်းပညာပေးသင်တန်း၊ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာပေး သင်တန်းများကို ကျေးရွာအရောက် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

**ရီလင်းထွန်း(မုံရွာ)**

# ဝမ်းတွင်းမြို့တွင် သဖန်းကျေးရွာတွင် အထည်ချုပ်လုပ်ငန်း တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိ

မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်အတွင်းရှိ သဖန်းကျေးရွာတွင် စက်ချုပ်လုပ်ငန်းဖြင့် လူသုံးကုန် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။ သဖန်းအထည်ချုပ် လုပ်ငန်းမှာ ယခင်က လူအင်အားကို အသုံးပြုပြီး ချုပ်လုပ်ခဲ့တဲ့ လက်မှုလုပ်ငန်းဖြစ်ပါတယ်။

ယခုအခါ လျှပ်စစ်မီးများရရှိ နေပြီဖြစ်သဖြင့် မော်တာစက်များကိုအသုံးပြုချုပ်လုပ်ကြတာကြောင့် လက်မှုလုပ်ငန်းမှ စက်မှုလုပ်ငန်းသို့ ကူးပြောင်းလာပြီလို့လည်း ဆိုနိုင်ပါတယ်။ သဖန်းကျေးရွာမှာ အထည်ချုပ် လုပ်ငန်းရှင် ပေါင်း ၁၀၀ ရှိပြီး အပ်ချုပ်စက်လုံးရေ ၁၀၆၀ ရှိကြောင်း သိရှိရပါတယ်။ လုပ်သားဦးရေ ၁၂၀၀ ကျော် လုပ်ကိုင်လျက်ရှိပြီး၊ ယခင်ကလုပ်သားများမှာ တစ်နေ့လုပ်ခကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ ထိ ရရှိခဲ့သော်လည်း ယခုအခါ ကျပ် ၃၀၀၀ မှ ကျပ် ၄၀၀၀ ထိရရှိကြောင်း သိရပါတယ်။

ထုတ်လုပ်သော ပစ္စည်းများမှာ အားကစားဝတ်စုံများ၊ အနွေးထည် အမျိုးမျိုး၊ မိုးကာအင်္ကျီအမျိုးမျိုး၊ (ကျား/မ)ရှပ်အင်္ကျီအမျိုးမျိုး၊ ကျောင်းစိမ်းဝတ်စုံများ ချုပ်လုပ်ကြတာ ဖြစ်ပါတယ်။ ဒါ့အပြင် စက်ပန်းထိုး လုပ်ငန်းလည်း စတင်လုပ်ကိုင်နေပြီဖြစ်ပါတယ်။ သဖန်းကျေးရွာမှာ ကိုယ်ပိုင်အရင်းအနှီးနှင့် လုပ်ကိုင်နေသူများ၊ ကုန်ကြမ်းယူ၊ ကုန်ချောသွင်းစနစ်ဖြင့် လုပ်ငန်းဆောင် ရွက်သူများလည်းရှိကြောင်း သိရပါတယ်။ ကုန်ကြမ်းများကို မူဆယ်၊ မန္တလေး၊ ရန်ကုန်များမှ ဝယ်ယူပြီး၊ ကုန်ချောများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ လားရှိုး၊ မြစ်ကြီးနား၊ တမူး၊ နမ္မဆန်စသည့်မြို့များသို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရပါတယ်။

**တင်တင်ဌေး (မိတ္ထီလာ)**

# ကုန်သွယ်ရေးစခန်းများမှ ရော်ဘာပိုမိုတင်ပို့ပြီး ပင်လယ်ရေကြောင်းမှ တင်ပို့မှုလျော့ကျ

မြန်မာ-တရုတ်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများမှ ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁၉ သန်း တန်ဖိုးရှိ ရော်ဘာ ၁၁၇၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစား ၂၂၉ တန်၊ RSS-5 အမျိုးအစား ၄၈၅ တန်နဲ့ MSR -20 အမျိုးအစား ၁၇၄ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS -3 အမျိုးအစား ၁၆၆ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၃၅ တန် တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး တန်ချိန် ၉၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၈၇၅ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ရော်ဘာ ၃၀၄ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ် ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS-3 အမျိုးအစား တစ်တန်ကို ကျပ် ၁၉ ဒသမ ၉၆ သန်းရှိပြီး ယခင်တစ်ပတ် ဈေးနှုန်း အတိုင်း မပြောင်းလဲဘဲ အတက်အကျသိပ်မရှိကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၇၃၄ သန်း တန်ဖိုးရှိ ရော်ဘာ ၄၇၈ တန်ကျော် တင်ပို့ခဲ့ရာ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၁၉၆ တန်၊ တရုတ်နိုင်ငံသို့ MSR-20 အမျိုးအစား ၈၁ တန်နဲ့ MSR-10 အမျိုးအစား ၂၀၁ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၉၆ တန် တင်ပို့ ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၂၁၈ တန် လျော့ကျခဲ့ပါတယ်။ ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေး အတက်အကျ အနည်းငယ်သာ ရှိတဲ့အတွက် မြန်မာ့ရော်ဘာ FOB ဈေးလည်း ယခင်တစ်ပတ်အတိုင်း ပြောင်းလဲခြင်းမရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဈေးနှုန်းထုတ်ပြန်ထားပါတယ်။ **ယဉ်ယဉ်အေး**

# ပြည်တွင်းသို့ ဆိုင်ကယ်များ ပိုမိုတင်သွင်း

ကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၉၉ သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၀၅၁၅ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၈၀၉ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၇၀၆ စီးပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်၊ မြဝတီ၊ ကန်ပိုက်တီ၊ တမူး ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များ ပိုမိုတင်သွင်းနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း စခန်းသတင်းများအရ သိရပါတယ်။

တင်သွင်းမှုကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၈ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၉၀၉၉ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၂ ဒသမ ၀၄၈ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၂၈၃ စီး ၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၄ သန်းတန်ဖိုးရှိဆိုင်ကယ်အစီး ၁၀၀၊ တမူး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၇ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၃၃ စီး ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **ခင်မိုးသူ**

# အိန္ဒိယမှ ကွမ်းသီးများ ပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၂၅ သန်း တန်ဖိုးရှိ ကွမ်းသီး ၆၀၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၈၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၂၂၀ ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးနယ်စပ်ရော ရိဒ်နယ်စပ်ပါ ကွမ်းသီးများ ပိုမိုတင်ပို့နိုင်တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၃၉ သန်းတန်ဖိုးရှိ ကွမ်းသီး ၄၉၈ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၆ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၀၆ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၄ သန်း တန်ဖိုးရှိ နန့်ဖာလုံအမယ်စုံ ၊ စီးကရက်၊ ငရုတ်ကောင်း တို့ကို ၅၉ တန်နဲ့ ရိဒ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၄၈ သန်းတန်ဖိုးရှိ ငရုတ်ကောင်း ၊ မ၀တ်တီရှပ်၊ မစီးဖိနပ်တို့ကို ၉၅ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

**Commerce ကာတွန်း**




# မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရောတန်ဖိုးပါပိုမိုတင်ပို့

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇၂ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၁၅၆ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၁၄ တန်နဲ့ နှိုင်းယှဉ်ပါက ၄၄၂ တန် ပိုမိုတင်ပို့ခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၈၇၄ သန်းပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ငါးရှဉ့်၊ ငါးမှုန့်၊ ငါးစီဖောင်း၊ ငါးမျိုးစုံနဲ့ အခြားရေထွက်ပစ္စည်းမျိုးစုံ ပိုမိုတင်ပို့လာနိုင်ခြင်းကြောင့် တန်ချိန်ရော တန်ဖိုးပါပိုမိုရခြင်းဖြစ်ပါတယ်။ **မော်မော်အောင်**

# မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈၄ သန်း တန်ဖိုးရှိ ရေထွက်ကုန်ငါးမျိုးစုံ၊ ငါးမှုန့်၊ ရေငန်ပုစွန်၊ အေးခဲကဏန်းပျော့၊ အေးခဲ ပုစွန်၊ ကင်းမွန်၊ ကင်းမွန်(လိပ်)၊ မွေးပုစွန်၊ ငါးခြောက်၊ သဲကဏန်းတို့ကို ၂၅၄၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၁၀၃ တန် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ တန် ၄၄၀ ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယခုကဲ့သို့ ပိုမိုရခြင်းမှာ မြိတ်ကုန်သွယ်ရေးစခန်းမှ အေးခဲကဏန်းပျော့၊ အေးခဲပုစွန်၊ မွေးပုစွန်၊ ငါးခြောက်တို့ ပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၆၅ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၁၃၂ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၃၉၆ တန်ဖိုးရှိ လက်ဖက်ခြောက်တန် ၂၀ ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ လက်ဖက်ခြောက်တင်ပို့မှုမရှိဘဲ ဩဂုတ်လဆန်းပိုင်းက တစ်တန်သာတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူမြန်မာ-ထိုင်းနယ်စပ်ရှိတာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၅၆၈၅ တန်ဖိုးရှိ လက်ဖက်ခြောက်တန် ၄၀ ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့တစ်တန်နဲ့ နှိုင်းယှဉ်ပါက ၃၉ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

လက်ဖက်ကို ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာများမှာ စိုက်ပျိုးပြီး လက်ဖက်အဓိကစိုက်ပျိုးတဲ့ ကျေးရွာတွေမှာ လက်ဖက်ခြောက်စက်ရုံများ တည်ထောင်မည်ဖြစ်ကြောင်း လက်ဖက်လုပ်ငန်းတစ်ခုမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# မူဆယ်မှတရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်းပိုမိုတင်ပို့

ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၀၁ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၀ မျိုး၊ တန်ချိန်အားဖြင့် ၃၆၈ တန် ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၂၁ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၂၄၇ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းစားဂမုန်း၊ နနွင်းတက်၊ တောချင်း၊ မာလာဥခေါင်း၊ ဆီးဆန်၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်လျှာစေ့နဲ့ ဒရင်ကောက်မြစ်တို့ဖြစ်ပါတယ်။ ယခုတစ်ပတ်တွင် ယခင်တစ်ပတ်က တင်ပို့မှုမရှိတဲ့ ကွမ်းစားဂမုန်း၊ တောချင်း၊ ကြောင်လျှာစေ့နဲ့ ဒရင်ကောက်မြစ်တို့ တင်ပို့ခဲ့တဲ့အတွက် ပရဆေးတင်ပို့မှုပိုမိုရခြင်းဖြစ်ပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၂၈၈ တန်ဖိုးရှိဒရင်ကောက်မြစ် ၁၆ တန် တင်ပို့ခဲ့ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၁၀၄ တန်ဖိုးရှိ ဆောင်းမေခါး တစ်တန် နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၂ သန်းတန်ဖိုးရှိ တောင်လုံးကျော်တန်ဝက်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ဂျပန်နိုင်ငံဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲငယ်ကျင်းပ

မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဂျပန်နိုင်ငံဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (How to enter Japanese market: Export of agro products)ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲငယ်တစ်ခုကို ဩဂုတ်လ ၃၀ ရက်က ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းရုံး၊ ဒုတိယထပ်ရှိ မြန်မာကုန်သွယ်မှုဗဟိုဌာနတွင် ကျင်းပခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှုဗဟိုဌာန ဒုတိယညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအလုပ်ရုံဆွေးနွေးပွဲကို ဂျပန်နိုင်ငံဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရန် ရည်ရွယ်ထားသည့် မြန်မာစိုက်ပျိုးရေးနှင့် စားသောက်ကုန်လုပ်ငန်းရှင်များအတွက် လိုအပ်သောဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို သိရှိနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်းနှင့် ဆွေးနွေးပွဲတွင် မိမိတို့သိလိုသည်များကို မေးမြန်းဆွေးနွေးနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် JICA Project Team မှ Mr. Kazuo Mishima က ဂျပန်ဈေးကွက်၏ နောက်ခံအကြောင်းအရာများကိုဆွေးနွေးပြောကြားခဲ့ရာ ဂျပန်နိုင်ငံသည် လက်ရှိအချိန်တွင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့ပြီးပါက စီးပွားရေးကြီးထွားမှု တတိယအကြီးဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်တရားဝင်စာရင်းဇယားများအရ ကမ္ဘာ့သွင်းကုန်၏ လေးရာခိုင်နှုန်းခန့်ကို ဝယ်ယူတင်သွင်းလျက်ရှိကြောင်း၊ တရုတ်၊ အမေရိကန်၊ ဩစတြေးလျနှင့် တောင်ကိုရီးယားနိုင်ငံတို့ထံမှ သွင်းကုန်များကို အများဆုံး ဝယ်ယူလျက်ရှိကြောင်း၊ အရှေ့တောင်အာရှတွင် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှ အများဆုံး ဝယ်ယူတင်သွင်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ၅၁ နိုင်ငံမြောက် သွင်းကုန်အများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်ပါကြောင်း၊ ထုတ်ကုန်အလိုက်သွင်းကုန်အပေါ် မှီခိုမှုအခြေအနေတွင် ဆန်မှာပြည်တွင်းထုတ်လုပ်မှုဖူလုံမှုရှိကြောင်း၊ ဟင်းသီးဟင်းရွက်မှာ ၈၀ ရာခိုင်နှုန်း ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ၂၀ ရာခိုင်နှုန်းကိုပြည်ပမှတင်သွင်းရကြောင်း၊ အသား၊ ငါးနှင့် သစ်သီးများကို ၅၀ ရာခိုင်နှုန်း ဝယ်ယူတင်သွင်းရကြောင်း၊ အဓိကမှာ ဂျုံနှင့် ပဲအမျိုးမျိုးကို နိုင်ငံခြားမှဝယ်ယူတင်သွင်းနေရကြောင်း ပြောကြားခဲ့သည်။ အဓိကသွင်းကုန်များကို နိုင်ငံအလိုက် ဝယ်ယူတင်သွင်းမှုတွင် တရုတ်၊ ဗီယက်နမ်နိုင်ငံတို့ပြီးလျှင် မြန်မာနိုင်ငံမှ တတိယအများဆုံး ဝယ်ယူတင်သွင်းလျက်ရှိကြောင်း စသည်ဖြင့် ဂျပန်နိုင်ငံဈေးကွက်အခြေအနေနှင့် အလားအလာ၊ စားသုံးသူတို့၏ကြိုက်နှစ်သက်ပုံ ပြောင်းလဲမှု၊ သွင်းကုန်ဖြန့်ချိရေး လမ်းကြောင်းများ၊ သွင်းကုန်ဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေး ပြောကြား ခဲ့ပါသည်။

ထို့နောက် ဂျပန်ထရိတ်ဒင်းကုမ္ပဏီတစ်ခုတွင် နှစ်ပေါင်းလေးဆယ်ကျော်လုပ်ကိုင်လာခဲ့သော ဈေးကွက်ဆိုင်ရာကျွမ်းကျင်သူ Mr. Hayashi က မြန်မာနိုင်ငံ၏ အလားအလာကောင်းသော သွင်းကုန်များကို ဂျပန်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်နှင့် နှိုင်းယှဉ်၍ အကြံပြုဆွေးနွေးခဲ့ပါသည်။ ဂျပန်နိုင်ငံသည်မြန်မာနိုင်ငံမှပုစွန်၊ နှမ်း၊ ပဲတီစိမ်း၊ ပုလဲနှင့် သဘာဝရော်ဘာစသည့် သွင်းကုန် ငါးမျိုးကို အဓိကဝယ်ယူလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အရည်အသွေးကောင်းမွန်သော သဘာဝအလျှောက် ဖမ်းယူရရှိသည့်ပုစွန်မျိုးကွဲမျိုးစိတ်များကို ဂျပန်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချလျက်ရှိသည့် အချိန်တွင် အခြားနိုင်ငံများက မွေးမြူရေးပုစွန်မျိုးစိတ်များကို အဓိကရောင်းချလျက်ရှိပါကြောင်း၊ နှမ်းတင်သွင်းမှုတွင် အာဖရိကတိုင်းပြည်များမှ အများဆုံးတင်သွင်းပြီး အစားအစာများနှင့် အနံ့အရသာအတွက် အသုံးပြုရန် အာရှတိုင်းပြည်များမှ နှမ်းကိုဒုတိယအများဆုံးဝယ်ယူနေကြောင်း၊ အစားအစာများအတွက် နှမ်းနက်ကို မြန်မာနိုင်ငံမှ တင်သွင်းကြောင်းနှင့် နှမ်းနက်ကိုမြန်မာနိုင်ငံတစ်ခုတည်းကသာ တင်သွင်းနိုင်ကြောင်း ပြောကြားခဲ့သည်။ ပဲတီစိမ်းကို ဂျပန်နိုင်ငံတွင် ပဲပင်ပေါက်ဟု အဓိပ္ပာယ်ရသည့်ဂျပန်လို မိုယရှိဟု ခေါ်ကြောင်းနှင့် ယခင်က ၁၀၀ ရာခိုင်နှုန်းလောက်ကို တရုတ်နိုင်ငံမှဝယ်ယူကြောင်းနှင့် ယခုအခါ တရုတ်နိုင်ငံမှရောင်းချမှု လျော့နည်းလာပြီး မြန်မာနိုင်ငံသည်ပဲနှမ်းကို အဓိကစိုက်ပျိုးသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နောက်ပိုင်းတွင် ပဲတီစိမ်းကို ဂျပန်နိုင်ငံသို့ တစ်သမတ်တည်း ရောင်းချနိုင်သည့်နိုင်ငံ ဖြစ်လာဖွယ်ရှိကြောင်း၊ ပုလဲကိုမူ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကဲ့သို့ မွေးပုလဲများ ထုတ်လုပ်တင်ပို့ရောင်းချနိုင်သည့် နိုင်ငံအနည်းငယ်ကသာ တင်ပို့ရောင်းချနိုင်သည်ကိုတွေ့ရကြောင်း၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့ကဲ့သို့ သဘာဝရော်ဘာကို အဓိကတင်ပို့ရောင်းချလျက်ရှိသည့်နိုင်ငံများတွင် ရော်ဘာထုတ်လုပ်မှုများ ကျဆင်းလာနေပြီး မကြာသေးမီ ကာလအတွင်းတွင် ရော်ဘာထုတ်လုပ်မှု တိုးတက်လာသည့် မြန်မာနိုင်ငံအနေဖြင့် ပို့ကုန် တိုးမြှင့်နိုင်မည့် အလားအလာကောင်းများ ရှိနေကြောင်း၊ အထက်ပါသွင်းကုန် ငါးမျိုးတွင် မြန်မာနိုင်ငံအနေဖြင့် ဂျပန်ဈေးကွက်သို့ တိုးချဲ့တင်ပို့နိုင်မည့် အလားအလာကောင်းများ ပိုင်ဆိုင်ထားသည်ကို တွေ့ရပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပုစွန်တင်ပို့မှုနှင့်ပတ်သက်၍အကြံပြုပြောကြားလိုသည်မှာ မြန်မာနိုင်ငံတွင် ပုစွန်ကိုသဘာဝအလျောက်ဖမ်းဆီးခြင်းနှင့် သမားရိုးကျမွေးမြူရေးနည်းလမ်းများသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်သော်လည်း ထုတ်လုပ်နိုင်စွမ်းတွင် အကန့်အသတ်ရှိနေကြောင်း၊ ထို့ကြောင့် စူးစိုက်မွေးမြူရေးလုပ်ငန်း (Intensive Farming) သို့မဟုတ် အလုံးစုံထိန်းချုပ်လုပ်ကိုင်ခြင်း (Total controlled Farming) နည်းလမ်းကို ရွေးချယ်အသုံးပြုရန် စဉ်းစားစေလိုကြောင်း အဆိုပါနည်းလမ်းဖြင့် လုပ်ကိုင်ပါက သမားရိုးကျ မွေးမြူရေးနည်းလမ်းများထက် ၁၀ ဆခန့်ထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ကြောင်း၊ သို့သော် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်ခြင်းနှင့် ယခုနည်းလမ်းကို အသုံးပြုပြီး လက်ရှိပုစွန်ထုတ်လုပ်တင်ပို့ ရောင်းချလျက်ရှိသည့် ဗီယက်နမ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့နှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမရှိ ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ နှမ်းတင်ပို့မှုတွင်လည်း မြန်မာနိုင်ငံသည် အလားအလာကောင်းရှိသည်ဆိုသော်လည်း နိုင်ငံတကာစံချိန်စံညွှန်း နှင့်အညီ ဓာတ်ခွဲစစ်ဆေးပေးနိုင်မည့် ဓာတ်ခွဲခန်းများရှိရန် လိုအပ်နေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါ ဧရိယာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကူညီထောက်ပံ့မှုများ လုပ်ကိုင်ပေးစေလိုကြောင်း၊ သို့မှသာ ထိုင်းနိုင်ငံရှိ OMIC ကဲ့သို့ ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးစေခြင်းမျိုးတွင် အချိန်နှင့် ကုန်ကျစရိတ် များခြင်းမျိုးကို သက်သာစေနိုင်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးတင်ပြခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ ပဲနှမ်း၊ စားသောက်ကုန်နှင့် ရေထွက်ကုန်ကဏ္ဍတွင်လုပ်ကိုင်လျက်ရှိသည့်လုပ်ငန်းများမှ ကိုယ်စားလှယ် ၂၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

ကောင်းထွဋ်အောင်(MTC)

■

# ဂန့်ဂေါခရိုင် ဆောမြို့နယ် သီးကုန်းကျေးရွာတွင် ကြက်သွန်ဖြူ၊ စားတော်ပဲ၊ မြေပဲစိုက်သောတောင်သူများအား အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးသန်းဦးနှင့် ဂန့်ဂေါခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ သည် ဩဂုတ် ၂၆ ရက်က ဂန့်ဂေါခရိုင် ဆောမြို့နယ် သီးကုန်းကျေးရွာတွင် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကြက်သွန်ဖြူ စားတော်ပဲ၊ မြေပဲစိုက်သောတောင်သူများအား အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ရာ တောင်သူ ၉၅ ဦးတက်ရောက်ခဲ့ပါသည်။

ခရိုင်ဦးစီးမှူးက စတင်ဆွေးနွေးရာတွင် သီးကုန်းကျေးရွာရှိ တောင်သူများစိုက်ပျိုးထုတ်လုပ်လျက်ရှိသော ဒေသထွက်ကုန်များဖြစ်သည့် ကြက်သွန်ဖြူနှင့်စားတော်ပဲများသည် ပြည်တွင်းစားသုံးရန်အတွက်သာဖြစ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိသေးသည့်အတွက် နိုင်ငံတကာ အရည်အသွေးစံချိန်စံညွှန်းနှင့်အညီ စိုက်ပျိုးနိုင်ရန်နှင့် ပြည်တွင်းစားသုံးမှု ပိုလျှံစေရေးအတွက် အကူအညီများပေးမည်ဖြစ်ကြောင်း၊ ကြက်သွန်ဖြူနှင့်စားတော်ပဲကို သမားရိုးကျမစိုက်ဘဲ နည်းစနစ်ကောင်းများနှင့်စိုက်ပျိုးရန်လိုအပ်ပါကြောင်း၊ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စားတော်ပဲကိုလည်း ပြည်ပမှတင်သွင်းလျက်ရှိသည့်အတွက် နည်းစနစ်မှန်ကန်စွာဖြင့် တိုးချဲ့စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ဒေသတွင်း စိုက်ပျိုးနေသော စပါးမျိုးများမှာ မနောသုခ၊ ဆင်းသုခ၊ ပုလဲသွယ်ဟု သိရှိရပါကြောင်း၊ ရှေးယခင်က ဧရာဝတီပေါ်ဆန်းဆန်သည် ပြည်တွင်းသာမက ပြည်ပသို့ နာမည်ကျော်ကြားခဲ့ကြောင်း၊ ယခုအချိန်တွင် စစ်ကိုင်းတိုင်းမှရွှေဘိုပေါ်ဆန်းဆန်သည် ဧရာဝတီပေါ်ဆန်းဆန်ထက် ဈေးကောင်းရရှိပြီး ဈေးကွက်ရရှိနေသည်ကို သိရှိစေလိုကြောင်း၊ စပါးစိုက်ပျိုးရာတွင် စပါးသီးနှံတစ်မျိုးတည်းသာ တစ်ဆက်တည်းစိုက်ပျိုးစေလိုကြောင်း၊ ဒါမှသာ အထွက်နှုန်းကောင်းပြီး အရည်အသွေးမီမှာဖြစ်ကြောင်း၊ မိမိဒေသရှိတောတောင်များတွင် သဘာဝအလျောက်ပေါက်ရောက်နေသော နနွင်း၊ မာလာဥ၊ ဖျံဥ (ခေါ်) ဝဥတို့ကို ပြည်ပမှဝယ်ယူလျက်ရှိသည့်အတွက် မိမိတို့၏ မြေလွတ်နေရာများတွင် စီးပွားဖြစ်အစုအဖွဲ့လိုက် စိုက်ကွက်အဖြစ် ပြောင်းရွှေ့၍ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးစေလိုကြောင်း၊ နှစ်ရှည်ပင်ဖြစ်သည့် လျှော်ဖြူ (သို့မဟုတ်) ဆေးကုလားမဟုခေါ်သည့် အစေးကိုပြည်ပမှ ဝယ်ယူလျက်ရှိကြောင်း၊ လျှော်ဖြူမှာအရောင်သုံးမျိုးရှိပြီး အညို၊ အဝါ၊ အဖြူဟု အဆင့်သုံးဆင့်သတ်မှတ်ထားရှိပြီး ဈေးနှုန်းအနေဖြင့် အညိုတစ်ပိဿာကို ကျပ် ၃၀၀၀၀၊ အဝါတစ်ပိဿာကိုကျပ် ၄၀၀၀၀၊ အဖြူတစ်ပိဿာကို ကျပ် ၆၀၀၀၀ ထိရောင်းရကြောင်း၊ စိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင် ၁၂ ပေကွာ စိုက်ပျိုးရကြောင်း၊ ကြားညှပ်သီးနှံအဖြစ် စိုက်ပျိုးလိုပါက ပေ ၂၀ ခွာ၍ စိုက်ပျိုးရကြောင်း၊ အလားတူကြယ်ပဲကိုလည်း စိုက်ပျိုးစေလိုကြောင်း ရှင်းလင်းပြောကြားပြီး လိုအပ်သည့်အကူအညီများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက်တက်ရောက်လာကြသည့် တောင်သူများက ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ပတ်သက်၍ အတုအစစ်ကိုခွဲခြားသိရှိလိုကြောင်း မေးမြန်းခဲ့ရာ ခရိုင်ဦးစီးမှူးကဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးများဝယ်ယူရာတွင် စိုက်ပျိုးရေးဌာန၏ ထောက်ခံချက်နှင့်အညီ သုံးစွဲပုံအညွှန်းကိုလည်း မြန်မာစာဖြင့်ဖော်ပြထားသော ပစ္စည်းများကိုသာ ရွေးချယ်ဝယ်ယူရန်နှင့် အသုံးပြုရာတွင်လည်း အညွှန်းပါအတိုင်း စနစ်တကျအသုံးပြုရန် သို့မှသာ သီးနှံတွင် ဆေးကြွင်းဆေးကျန်များ ရှိမည်မဟုတ်ကြောင်း၊ ပိုးသတ်ဆေးသည် အဆိပ်ဖြစ်သည့်အတွက် စနစ်တကျ ကိုင်တွယ်အသုံးပြုရန် လိုအပ်ပြီး အသုံးပြုပြီးပစ္စည်းများကိုလည်း မြေတူးပြီးစွန့်ပစ်ရန်နှင့် တက်ရောက်လာသော တောင်သူများနှင့် ၎င်းတို့၏သားသမီးများ စားသောက်နေသော အစားအစာများနှင့်ပတ်သက်၍ စားသုံးရန်မသင့်သော အစားအစာများအကြောင်းကို အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည် မဟုတ်ပါ။

# jrefrmhyJavmu &ifqdkifaeonhf ပြည်ပဈေးကွက်စိန်ခေါ်မှုများ


ဓာတ်ပုံ-မြန်မာ့ဩဘာ Facebook

မယ်သီတာ

နှစ်ပေါင်း ၃၀ ကျော်ကြာ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တဲ့ အိန္ဒိယနဲ့မြန်မာ နှစ်နိုင်ငံ ပဲအရောင်းအဝယ်ကိစ္စဟာ ဩဂုတ်လ ၅ရက်က တစ်ကြိမ်၊ ဩဂုတ်လ ၂၁ ရက်ကတစ်ကြိမ် နှစ်ကြိမ်တိုင် ထုတ်ပြန်ခဲ့တဲ့ အိန္ဒိယအစိုးရရဲ့သွင်းကုန်ကန့်သတ်ချက်တွေကြောင့် မြန်မာ့ပဲကုန်သည်တွေဟာ အကျပ်အတည်းတွေ ကျရောက်ခဲ့ရပါတယ်။

အိန္ဒိယနိုင်ငံဟာ ကမ္ဘာပေါ်မှာ ပဲအများဆုံးစိုက်ပျိုးတဲ့နိုင်ငံဖြစ်သလို ပဲအများဆုံးစားသုံးတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ လူဦးရေအချိုးနဲ့ ပဲထွက်ရှိမှုအချိုး မညီမျှတာကြောင့် ပြည်ပမှ ပဲတန်ချိန်ပေါင်းများစွာကို တင်သွင်းနေရတာဖြစ်ပါတယ်။

အယ်လ်နီညို၊ လာနီညာ စတဲ့ရာသီဥတုဖောက်ပြန်မှုတွေကြောင့် စိုက်ပျိုးမှုကိုထိခိုက်ခဲ့သလို ပဲအထွက်ကိုလည်းထိခိုက်ခဲ့တာကြောင့် အိန္ဒိယနိုင်ငံရဲ့ပဲစိုက်တောင်သူတွေဟာ ပဲအစားအခြားသောသီးနှံတွေကို ပြောင်းလဲစိုက်ပျိုးခဲ့ကြပါတယ်။ ဒါ့အပြင် ပြည်ပမှ တင်သွင်းလာတဲ့ ပဲအမျိုးမျိုး (အထူးသဖြင့် မတ်ပဲနဲ့ပဲစင်းငုံ)ရဲ့ ဈေးနှုန်းတွေဟာ ပြည်တွင်းကထွက်ရှိတဲ့ ပဲဈေးနှုန်းတွေထက် နိမ့်ကျတာကြောင့် စားသုံးသူတွေဟာ ပြည်ပကတင်သွင်းလာတဲ့ပဲကိုသာ ဝယ်ယူစားသုံးခဲ့ကြပါတယ်။ ဒါကြောင့် ပြည်တွင်းကထုတ်လုပ်တဲ့ ပဲဈေးတွေ အဆမတန်ကျဆင်းသွားခဲ့ရပြီး ပဲစိုက်တောင်သူတွေ အရှုံးနဲ့ရင်ဆိုင်နေခဲ့ကြရပါတယ်။

အဲဒီလိုအခြေအနေတွေကြောင့် အိန္ဒိယနိုင်ငံအစိုးရဟာ ပြည်တွင်းက ပဲစိုက်တောင်သူများရဲ့ အခက်အခဲကို ဖြေရှင်းတဲ့အနေနဲ့ ပဲတင်သွင်းမှုတန်ချိန်ကို ကန့်သတ်ခဲ့ရတာဖြစ်တယ်လို့ အိန္ဒိယတိုင်းမ်သတင်းမှာ ဖော်ပြထားချက်အရ သိရပါတယ်။ ပဲတင်သွင်းမှုကို ကန့်သတ်လိုက်တဲ့ပဲတွေအနက် မတ်ပဲ၊ ပဲစင်းငုံနဲ့ ပဲတီစိမ်းတို့ဟာ မြန်မာနိုင်ငံက အများဆုံးတင်သွင်းလျက်ရှိနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံဟာ ကမ္ဘာ့ပဲတင်ပို့မှု အများဆုံး နိုင်ငံများအနက် တတိယနေရာမှာ ရှိနေတာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ပဲလိုအပ်ချက်ကြောင့် မြန်မာတောင်သူတွေဟာ ယခင်က စိုက်ပျိုးခဲ့တဲ့သီးနှံအစား မတ်ပဲနဲ့ပဲစင်းငုံကိုအဓိကထားပြီး စိုက်ပျိုးခဲ့ကြပါတယ်။

> အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ် ပဲတင်သွင်းမှုနဲ့ ပတ်သက်ပြီး ပဲဈေးနှုန်း မှန်ကန်တည်ငြိမ်မှုမရှိဘူးလို့ ထောက်ပြလာတာကြောင့်

မြန်မာနိုင်ငံဟာ၂၀၁၅-၁၆ ခုနှစ်က မတ်ပဲ ၁ ဒသမ ၁၃ သန်းဟက်တာ စိုက်ပျိုးပြီး မက်ထရစ်တန်ချိန် ၁ ဒသမ ၆၇ သန်း ထွက်ရှိခဲ့ပါတယ်။ ၂၀၁၅-၁၆ ခုနှစ်က ပဲတီစိမ်း ၁ ဒသမ ၂၁ သန်းဟက်တာ စိုက်ပျိုးခဲ့ပြီး မက်ထရစ်တန်ချိန် ၁ ဒသမ ၆ သန်း ထွက်ရှိခဲ့ပါတယ်။ ထွက်ရှိတဲ့ပဲမျိုးစုံထဲမှ နှစ်စဉ် အိန္ဒိယကို မက်ထရစ်တန်ချိန် ၁၀ သိန်းကျော်တင်ပို့ခဲ့ပါတယ်။ အဲဒီအထဲမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံမက်ထရစ်တန်ချိန် ကိုးသိန်းတင်ပို့ခဲ့ပြီး မြန်မာငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်ခန့် နိုင်ငံခြားငွေရရှိခဲ့ကြောင်း သိရပါတယ်။

(မြန်မာ့ဩဘာ၏ စာရင်းအရ)

အဲဒီလို နိုင်ငံခြားဝင်ငွေရရှိနေတာကြောင့် တောင်သူတွေဟာ တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးပြီး အထွက်နှုန်းတွေတိုးအောင်လည်း ပြုပြင်ဖန်တီးပြီး စိုက်ပျိုးထုတ်လုပ်ခဲ့ကြ ပါတယ်။ ပဲတင်ပို့သူ ကုန်သည်တွေကလည်း ပဲများများတင်ပို့နိုင်ဖို့အတွက် တောင်သူနဲ့ပူးပေါင်းပြီး အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းတဲ့ ပဲမျိုးတွေကို ရွေးချယ်စိုက်ပျိုးခဲ့ကြတဲ့အတွက် တစ်နှစ်ထက်တစ်နှစ် ပဲထွက်ရှိမှုတွေ ပိုမိုလာခဲ့ပါတယ်။

ဒါပေမယ့်လည်း အခုအချိန်မှာ အိန္ဒိယနိုင်ငံရဲ့ သွင်းကုန်ကန့်သတ်ချက်တွေကြောင့် မြန်မာ့ပဲတောင်သူတွေသာမက မြန်မာ့ပဲတင်ပို့သူကုန်သည်များပါ ထိခိုက်မှုတွေရှိလာခဲ့ပြီး မြန်မာ့ပို့ကုန်တိုးမြှင့်ရေးရည်ရွယ်ချက်ကိုပါ ထိခိုက်လာခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် မြန်မာ့ပဲကုန်သည်များနဲ့ နိုင်ငံတော်မှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနဲ့ တာဝန်ရှိသူများဟာ ပဲပြန်လည်တင်ပို့ခွင့်ရရှိရေးအတွက် နှစ်နိုင်ငံ သံတမန်နည်းလမ်းအရ ညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

အဲဒီလို ညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့တဲ့အတွက် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးက ဩဂုတ်လ ၃၀ ရက် ရက်စွဲနဲ့ သတင်းကြေညာချက်တစ်စောင်ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အဲဒီသတင်းထုတ်ပြန်ချက်မှာ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့အကြား ဆက်ဆံရေးကိုရှေးရှု၍ နိုင်ငံခြားကုန်သွယ်မှုမူဝါဒ၏အပိုဒ် ၁-၀၅ ပြဋ္ဌာန်းချက်များကို ဖြေလျှော့ပေးခြင်းအဖြစ် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၅ ရက်မတိုင်မီ ကြိုတင်ငွေပေးချေထားတဲ့ ပဲစင်းငုံတင်သွင်းမှု စာချုပ်များ၊ မြန်မာနိုင်ငံအစိုးရက အသိအမှတ်ပြုထားတဲ့ ငွေလွှဲပြေစာများ၊ စာချုပ်များနဲ့ သက်ဆိုင်ရာဘဏ်များက တရားဝင်လက်ခံထားတဲ့ SWIFT စာရွက်စာတမ်းမိတ္တူများကို မှတ်ပုံတင်ရန် ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ ယခုဖြေလျှော့ပေးမှုဟာ လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း၊ ဖြေလျှော့ပေးမှုကြောင့် ပဲအရောင်းစာချုပ် ချုပ်ဆို၍ ကြိုတင်ငွေပေးချေမှုများဆောင်ရွက်ပြီးတဲ့ စာချုပ်များအနေဖြင့် အိန္ဒိယနိုင်ငံနဲ့ ချုပ်ဆိုထားတဲ့စာချုပ်ပါ ပမာဏအတိုင်း တင်ပို့နိုင်ပြီဖြစ်ကြောင်း ဖော်ပြထားပါတယ်။

အိန္ဒိယနိုင်ငံရဲ့ကြေညာချက် ထုတ်ပြန်ပြီးချိန်မှာ မြန်မာ့ပဲကုန်သည်တွေအနေနဲ့ အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းရာမှာ ပဲစင်းငုံအတွက် ကြိုတင်ငွေပေးချေပြီး ကုမ္ပဏီပေါင်း ၂၂ ခုရှိနေပြီး စာချုပ်ပေါင်း ၆၅စောင်၊အမေရိကန်ဒေါ်လာ ၆၃၃၀၈၆၆၇ ဒသမ ၀၁ တန်ဖိုးရှိ ပဲစင်းငုံတန်ချိန် ၁၂၇၅၂ဒသမ ၂၇ နှင့် ကြိုတင်ငွေပေးချေဖို့ ကျန်တဲ့ကုမ္ပဏီ ၂၀၊ စာချုပ်စောင်ရေ ၄၀ရှိပြီး အမေရိကန်ဒေါ်လာ ၅၂၉၆၂၀၀ တန်ဖိုးရှိ ပဲစင်းငုံတန်ချိန် ၁၁၉၂၈ တင်သွင်းဖို့ ကျန်နေသေးတယ်လို့ မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်များအသင်းမှ သိရပါတယ်။

ဒါ့အပြင် မတ်ပဲမှာလည်း ကြိုတင်ငွေပေးချေထားတဲ့ ကုမ္ပဏီပေါင်း ခြောက်ခုရှိနေပြီး စာချုပ် ၁၇ စောင်၊ အမေရိကန်ဒေါ်လာ ၃၀၅၀၀၆၇ ဒသမ ၆၁ တန်ဖိုးရှိ မတ်ပဲ ၄၅၆၂ ဒသမ ၄၈ တန်ရှိနေပြီး ကြိုတင်ငွေပေးချေရန်ကျန်ရှိသည့် ကုမ္ပဏီပေါင်း သုံးခု၊ စာချုပ် ခုနစ်စောင်၊ အမေရိကန်ဒေါ်လာ ၆၆၁၅၁၂ တန်ဖိုးရှိ မတ်ပဲတန်ချိန် ၉၆၀ ရှိနေကြောင်း သိရပါတယ်။

ဒါ့အပြင် ယခုကာလဟာ ပဲစင်းငုံစိုက်ပျိုးတဲ့ရာသီဖြစ်သလို မကြာခင်ကာလမှာလည်း မတ်ပဲနဲ့ပဲတီစိမ်းတို့ကို စတင်စိုက်ပျိုးတော့မှာဖြစ်ပါတယ်။

အခုလို မြန်မာ့ပဲလောက အကျပ်အတည်းနဲ့ ရင်ဆိုင်ရတာဟာ တစ်နိုင်ငံတည်းသာရှိတဲ့ ဈေးကွက်တစ်ခုတည်းကြောင့် ဖြစ်တယ်လို့ ဈေးကွက်ဆိုင်ရာ ကျွမ်းကျင်သူတွေက သုံးသပ်လျက်ရှိပါတယ်။ ဒါကြောင့် ပဲတင်ပို့သူ ကုန်သည်များနဲ့ ပဲစိုက်ပျိုးသူတောင်သူများအနေနဲ့ လာမယ့်ပဲစိုက်ရာသီသာမက နောက်နှစ်များမှာလည်း ဈေးကွက်တစ်ခုတည်းကို ဦးတည်တဲ့သီးနှံကို စိုက်ပျိုးခြင်းထက် အခြားသောဈေးကွက်သစ်များမှာ လိုအပ်တဲ့သီးနှံတွေကို တိုးချဲ့စိုက်ပျိုးရမှာဖြစ်ပါတယ်။

ပဲတင်ပို့သူကုန်သည်တွေအနေနဲ့လည်း ပဲတင်ပို့နိုင်မယ့် ဈေးကွက်သစ်တွေကို ထပ်မံရှာဖွေဖို့လိုအပ်သလို ဈေးကွက်က လိုအပ်တဲ့ပဲတွေစိုက်ပျိုးနိုင်ဖို့ မျိုးကောင်းမျိုးသန့်တွေ၊ မျိုးစိတ်သစ်တွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒါ့အပြင် ကန်ထရိုက်လယ်ယာစနစ်ကို ဆောင်ရွက်နိုင်ဖို့ တောင်သူတွေကို အသိပညာပေးဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ကန်ထရိုက်လယ်ယာစနစ် ထူထောင်ခြင်းရဲ့ အားသာချက်တွေကို တောင်သူတွေသိရှိအောင်၊ နားလည်သဘောပေါက်အောင် စည်းရုံးဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

တောင်သူတွေအနေနဲ့လည်း မိမိတို့လယ်ယာမြေမှာ အခုလက်ရှိစိုက်ပျိုးတဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံအစား အခြားသောမိမိလယ်မြေနဲ့ အံဝင်ခွင်ကျဖြစ်မယ့်၊ ပြည်ပဈေးကွက်ဝင်မယ့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးကြဖို့ တိုက်တွန်းလိုပါတယ်။ အခု အိန္ဒိယနိုင်ငံကို တင်သွင်းနေတဲ့ပဲသုံးမျိုးဟာ မြန်မာနိုင်ငံတွင်းမှာ စားသုံးမှုအနည်းဆုံးပဲတွေဖြစ်ပါတယ်။ ပဲစားသုံးမှုပုံစံကို ပြောင်းလဲပေးမယ့်လည်း မြန်မာနိုင်ငံမှာ ပဲစားသုံးသူဦးရေဟာ အိန္ဒိယနိုင်ငံရဲ့ ဆယ်ပုံပုံတစ်ပုံတောင် မရှိတာမို့ ပဲစားသုံးမှုပုံစံကို ပြောင်းလဲဖို့ ဆိုတာကလည်း ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဒါ့အပြင် ပြည်တွင်းကို ကနေဒါနိုင်ငံက တင်သွင်းနေတဲ့ Yellow Peas လို့ခေါ်တဲ့စားတော်ပဲ တင်သွင်းမှုကို ကန့်သတ်ဖို့လည်း လိုအပ်လှပါတယ်။ ပြည်ပက တင်သွင်းလာတဲ့စားတော်ပဲဟာ ပြည်တွင်းက ထွက်ရှိတဲ့ ကုလားပဲထက် ဈေးသက်သာတာမို့ စားတော်ပဲကို ခွဲခြမ်းလုပ်ပြီး စစ်တပ်ရိက္ခာအဖြစ် ပေးသွင်းနေခြင်းကို အဆုံးသတ်ရမှာဖြစ်ပါတယ်။

ဒါဟာ မကြာခင်မှာ ထွက်ရှိလာတော့မယ့် ပဲစင်းငုံအတွက်ရည်ရွယ်ပြီး လုပ်ဆောင်ရမယ့် သဘောပါ။ အိန္ဒိယနိုင်ငံဟာ အခုလက်ရှိမှာ စာချုပ် ချုပ်ထားပြီး၊

စာမျက်နှာ - ၁၉ ➤



# ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ လေးဘီလီယံနီးပါးစီးဝင်

၂၀၁၇-၁၈ ဘဏ္ဍာနှစ်၊ ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ လေးဘီလီယံနီးပါးစီးဝင်ခဲ့ကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး အမှတ်စဉ် ၁၂/၂၀၁၇ ကို ဩဂုတ် ၂၉ ရက်တွင် ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ရှစ်ခု ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၁၉၀ ဒသမ ၇၁၀ သန်းနှင့် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၃၀၃ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

ခွင့်ပြုလုပ်ငန်းရှစ်ခုမှာ စက်မှုလုပ်ငန်း သုံးခု၊ လယ်ယာကဏ္ဍလုပ်ငန်းတစ်ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ လုပ်ငန်း နှစ်ခုနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍလုပ်ငန်းနှစ်ခုတို့ကို ခွင့်ပြုပေးခဲ့သည်။

ထို့ပြင် အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းငါးခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၅၃ သန်းအပါအဝင် မြန်မာကျပ်ငွေ ၂၁၄၆၇ ဒသမ ၅၆၀ သန်းရှိပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၉၈ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

၂၀၁၇-၁၈ဘဏ္ဍာနှစ် ဩဂုတ်လအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးခဲ့သည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၄ ဘီလီယံရှိပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်းရင်းနှီး မြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၉ ဘီလီယံစီးဝင်ခဲ့သည်။ ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၉ ဒသမ ၆၀၀ သန်းခွင့်ပြုပေးခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၉ ဘီလီယံ စီးဝင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၇-၁၈ဘဏ္ဍာနှစ် ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၅ ခု၊ အမေရိကန်ဒေါ်လာ ၄၈၆ ဒသမ ၄၂၃ သန်းအပါအဝင် ကျပ် ၁ ဒသမ ၂ ထရီလီယံရှိကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၅၀ ဒသမ ၈၇၄ သန်းနှင့်မြန်မာကျပ်ငွေ ၁ ဒသမ ၄ ထရီလီယံရှိကြောင်း သိရသည်။

**မယ်သီတာ**

**စာမျက်နှာ - ၁၈ မှအဆက်**

ငွေသွင်းထားပြီးတဲ့ပဲတွေကိုသာ တင်သွင်းခွင့်ပြုခဲ့တာဖြစ်ပါတယ်။ မကြာခင်ထွက်ရှိလာမယ့်ပဲတွေအတွက် အထူးသဖြင့် ပဲစင်းငုံအတွက် လုပ်ဆောင်ပေးရဦးမှာဖြစ်ပါတယ်။ ဒါကြောင့် ပဲစိုက်တောင်သူတွေရော၊ ပဲကုန်သည်တွေရော၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အသင်းအဖွဲ့တွေ အားလုံးစုပေါင်းပြီး အဖြေရှာနေကြပြီဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရသစ်ရဲ့ ပို့ကုန်သုံးဆမြှင့်တင်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ပြည်ပဈေးကွက်ရှာဖွေရာမှာ တစ်နိုင်ငံတည်းကိုသာအားကိုးပြီး ကုန်ပစ္စည်းတင်ပို့နေတာကို အဆုံးသတ်ဖို့အချိန်အခါကို ရောက်နေပြီဖြစ်ပါတယ်။

အိန္ဒိယရဲ့ အရှေ့မျှော်မူဝါဒကြောင့် မြန်မာ့ပဲဈေးကွက် ပြန်လည်ရှင်သန်လာမလား၊ အေအီးစီးကို အကောင်အထည်ဖော်နေတဲ့အချိန်ဖြစ်လို့ အာဆီယံဒေသတွင်းနိုင်ငံတွေရဲ့ တွန်းအားပေးမှုနဲ့အခြားသော ပြည်ပဈေးကွက်ဝင် သီးနှံတွေကိုပဲ တိုးချဲ့စိုက်ပျိုးနိုင်မလားဆိုတာကိုတော့ ဆက်လက်စောင့်ကြည့်ကြရမှာ ဖြစ်ပါတယ်။ လောလောဆယ် အစားထိုးသီးနှံစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စီမံဆောင်ရွက်လျက်ရှိပြီး အစားထိုးသီးနှံအပြင် လယ်ယာထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်ရာမှာ ဈေးကွက်ဝင်သီးနှံဖြစ်ဖို့လည်း လိုအပ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံများဟာ နိုင်ငံတကာသတ်မှတ်ချက်တွေနဲ့အညီ အမျိုးအစား၊ အရည်အသွေး ကောင်းမွန်ရန် လိုအပ်သလို Value Added အဖြစ် ထုတ်လုပ်နိုင်ဖို့လည်း လိုအပ်ပါတယ်။

နိုင်ငံတကာ ဈေးကွက်ပေါက်ဈေးအတိုင်း ရောင်းချနိုင်ဖို့ ထုတ်လုပ်မှုကုန်ကျစရိတ်၊ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်တွေ လျှော့ချဖို့လိုအပ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံများဟာ နိုင်ငံတကာက လက်ခံနိုင်တဲ့ ပိုးမွှားဓာတ်ကြွင်းသတ်မှတ်ချက်အတိုင်း ထုတ်လုပ်တင်ပို့နိုင်ဖို့လိုတယ်။ ဒါမှသာ နိုင်ငံတကာဈေးကွက်မှာ ရောင်းချနိုင်မှာဖြစ်သလို ဈေးကွက်အသစ် တင်ပို့နိုင်မှာဖြစ်တယ်။

ပဲလောကရဲ့ လတ်တလော အခြေအနေကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းတို့မှ အရေးကြီးကိစ္စအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမဲ့ သက်ဆိုင်ရာဌာနအသီးသီးနဲ့ အဖွဲ့အစည်းအသီးသီးက ဆောင်ရွက်ပေးမယ့်လည်း Supply Chain တစ်လျှောက်လုံးမှာ ရှိနေတဲ့ ပါဝင်ပတ်သက်သူအားလုံးအနေနဲ့လည်း လိုက်ပါပူးပေါင်းဆောင်ရွက်ပေးဖို့လိုပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ် ပဲတင်သွင်းမှုနဲ့ ပတ်သက်ပြီး ပဲဈေးနှုန်း မှန်ကန်တည်ငြိမ်မှုမရှိဘူးလို့ ထောက်ပြလာတာကြောင့် ဈေးနှုန်းမှန်ကန်တည်ငြိမ်မှုရှိဖို့ လိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

# Mini Thai Week 2017, Taunggyi

# ကုန်စည်ပြပွဲ ကျင်းပ

ထိုင်းနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (DITP)၊ Modern Myanmar Synergy Co., Ltd. နှင့် OSV Air & Sea Ltd. တို့က ကြီးမှူးကျင်းပသည့် Mini Thai Week 2017, Taunggyi ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက်တွင် တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ Minister Counselor (Commercial) ဖြစ်သူ Mr. Pakainay Leng-EE၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။

အဆိုပါပြပွဲတွင် ထိုင်းနိုင်ငံထုတ် အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အစားအသောက်များ၊ Fork-lift အပိုပစ္စည်းများ စသည်တို့ကိုပြခန်းပေါင်း ၃၀ ဖြင့် ခင်းကျင်းပြသလျက်ရှိပါသည်။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနမှလည်း ရိုးရာလက်မှုပစ္စည်းများ၊ အစားအသောက်များကိုပါဝင်ခင်းကျင်းပြသပါသည်။ ပြပွဲကို စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ ဖွင့်လှစ်ပြသခဲ့ကြောင်း သတင်းရရှိပါသည်။

**စောဝင်းကျော် (ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန)**

**စာမျက်နှာ - ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ....မှအဆက်**


ထို့နောက် မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ ဂျာမနီသံရုံး၊ Head of Development Cooperation မှ Dr. Katharina Spiess နှင့် Department for International Development (DFID) မှ Ms. Liz Patterson တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ Medium Term Program အကျဉ်းချုပ်နှင့် သစ်သီးဝလံ ဟင်းရွက်ကဏ္ဍ၊ National Export Strategy တွင် ဟင်းသီးဟင်းရွက်ကဏ္ဍဆိုင်ရာ ဆောင်ရွက်မည့်အချက်များ၊ ယခင်နှစ်က ကျင်းပပြုလုပ်ခဲ့သော သစ်သီးဝလံ ပြည်ပပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲဆုံးဖြတ်ချက်များနှင့် Action Plan များအား အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုတို့အား တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိက ကဏ္ဍအသင်းအဖွဲ့များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သော လုပ်ငန်းရှင်များ စုစုပေါင်း ၂၅၀ ဦးခန့်တက်ရောက်ခဲ့ကြပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲအား ဩဂုတ် ၃၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## Commerce ကာတွန်း



# ငါးဆယ်ကျပ်တန် ကင်ဆာ

“မေမေ နေ့ခင်းကျောင်းတက်ရင် ဟောပြောပွဲရှိတယ်။ မိဘအုပ်ထိန်းသူကိုယ်တိုင်လိုက်ခဲ့ရမယ်လို့ ဆရာကြီးက မှာတယ်မေမေ”

“အေးပါသမီးရယ် မေမေကိုယ်တိုင်လိုက်မှာပေါ့”။

“ဘာဟောပြောပွဲတဲ့တုန်း”

“ဒါတော့သမီးလည်း မသိဘူး၊ ဆရာကြီးကမှာလိုက်လို့ပါ ”

“အေးပါ. . . အေးပါ. . . ”။

နေ့ခင်းထမင်းစားကျောင်းဆင်းလာတဲ့သမီးက ကျွန်မကို ပြောနေတာပါ။ သမီးလေးက ဒီနှစ် ဒုတိယတန်း တက်နေတာပါ။ ကျွန်မတို့မှာ ဒီသမီးလေးတစ်ဦးထဲရှိတာဆိုတော့ ချစ်လိုက်ရတာ တုန်လို့ပါ၊ သူ့အဖေဆိုရင်လည်း အလုပ်ကပြန်လာရင် သူ့သမီးကို အရင်မတွေ့ရင် မေးလို့မဆုံးပါ၊ သမီးကိုတွေ့တော့မှ သူ့မျက်နှာဟာ ပြုံးပြီး သမီး. . . သမီး. . . နဲ့ ပွေ့လိုက်၊ ဖက်လိုက် နမ်းရှုပ်လိုက်၊ သမီးကျောင်းမှာပျော်ရဲ့လား၊ ဒီနေ့ဘာစာ၊ ဘာကဗျာတွေ သင်လိုက်တုန်း ဖေဖေ့ကိုပြန်ပြောပြပါဦးနဲ့ စုံလို့မေးမြန်းနေလိုက်တာ၊ ဘေးကကြည့်နေတဲ့အမေဖြစ်တဲ့ကျွန်မ သူတို့တစ်တွေကိုကြည့်ရင်း ကျွန်မမျက်နှာကြီးလည်း ပြုံးနေမယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်။

ဒါထက်စကားမစပ် ကျွန်မတို့ မိသားစုအကြောင်း ပြောရဦးမယ်။ ပြောမယ့်သာ ပြောရတာပါ၊ ကျွန်မတို့ မိသားစုက စာတစ်တန်၊ ပေတစ်တန်ဖွဲ့ရမယ့်အထဲမှာ မပါပါဘူး။ သိတယ်ဆိုတာလောက်ပေါ့။ ကျွန်မယောကျ်ားက (၁၀)တန်းနှစ်ခါကျ ပွဲရုံမှာအလုပ်သမား လုပ်ရတယ်။ ထမ်းရပိုးရတာပေါ့။ ဒါပေမဲ့ (၁၀)တန်း နှစ်ခါကျဆိုတဲ့ ဂုဏ်ကလေးက ရှိလေတော့ ပွဲစားကအားကိုးပါတယ်။ အလုပ်သမားကောင်း၊ အလုပ်သမားခေါင်းပေါ့။ ဝင်ငွေလားမဆိုးပါဘူး၊ လူပင်ပန်းသလောက်ရပါတယ်။ တစ်နေ့ကို ကျပ် ၂၅၀၀ - ကျပ် ၃၀၀၀ လောက် အနည်းဆုံးဝင်ပြီး ကျပ် ၇၀၀၀-၈၀၀၀ ရတဲ့နေ့တွေဆိုတာလည်း ရှိပါတယ်။ သူ့အကြောင်းပြောသလို ကျုပ်အကြောင်းလည်း ပြောရဦးမယ်တော့။ ကျုပ်လား အတန်းပညာ(၄)တန်းလောက်ပဲသင်ဖူးတာ၊ အလုပ်လား အကုန်လုပ်တယ်။ ဆေးလိပ်လည်း လိပ်တယ်၊ ကျုပ်ဝင်ငွေတစ်နေ့ ကျပ် ၁၀၀၀ - ၂၀၀၀ ဝင်ပါတယ်တော့။ ကျုပ်ယောကျ်ားဝင်ငွေ၊ ကျုပ်ဝင်ငွေပေါင်း မချမ်းသာတောင် လူတန်းစေ့တော့ စားနိုင်၊ သောက်နိုင်၊ ဝတ်နိုင်ပါတယ်။ လင်မယားနှစ်ယောက် ရတာလေးစုဆောင်း ကျစ်ကျစ်လျစ်လျစ်နဲ့ ဒီသမီးလေးနောင်ရေး၊ သူ့ဘဝကောင်းစားရေး ကြိုးစားနေရတာပါ။ ရင်သွေးဟူက ချစ်မဝ၊ သားဦးအရှုးဆိုတဲ့ စာတွေ အရင်တုန်းကတော့ ဖတ်ဖူးရုံ၊ ကြားဖူးရုံပါ။ အခုမှ ကိုယ်တွေ့ ချစ်လို့ကိုမဝနိုင်သလို သားဦးအရူးဆိုတာ သားဦးက မရူးဘဲ မိဘကရူးကြတာဆိုတာကို အခုတော့ လက်တွေ့ပါပဲ။ ကလေးအဖေကပြောတယ် ပညာမတတ်သူ ဝန်ထမ်းတဲ့။ ငါ့ကိုသာ လက်တွေ့ကြည့် ငါ့သမီးလေးကျတော့ တို့လိုမဖြစ်အောင် ဘယ်လိုလုပ်မယ်၊ ဘယ်လိုကြိုးစားမယ် ဆိုတာတွေစုံလို့ပါပဲ။ ဒါနဲ့ သမီးလေးကို ရေချိုးပေး၊ သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းပေး၊ ခေါင်းကဆံပင်ကိုဖြီးသင် အုန်းဆီမွှေးကလေးလိမ်း။ ဒီနေရာမှာပြောရဦးမယ် သမီးက ဒုတိယတန်းဆိုပေသည့် သူ့အဖေဆန္ဒအရ ဆံပင်ရှည်ထားပါတယ်။ ကျောလယ်အောက်ရောက်နေပါပြီ။ ယောကျ်ားတို့ဘုန်းလက်ရုံး၊ အမျိုးသမီးတို့ဘုန်းဆံထုံးဆိုပြီး ငယ်ငယ်ကတည်းက ဆံပင်ရှည်ထားပါတယ်။ ရေမိုးချိုး ထမင်းကျွေးပြီး (၁၂း၃၀) နာရီမှာ တက်တဲ့ကျောင်းကို သမီးလေးလက်ဆွဲလို့ ထွက်လာခဲ့ပါတယ်။ ကျောင်းကလည်း ကိုယ့်ရပ်ကွက်ထဲမှာဆိုတော့ အိမ်နဲ့နီးပါတယ်။ သမီးလက်ကိုဆွဲ ကျောင်းကိုထွက်လာခဲ့တာ (၁၀)မိနစ်လောက် လျှောက်ရုံနဲ့ ကျောင်းကိုရောက်ပါတယ်။

ကျောင်းရောက်ရင်ပဲ သမီးကပြောပါတယ်။ မေမေ မုန့်ဝယ်ပေး။ ဟုတ်တာပေါ့။ သမီးလေးရယ် လာ. . . လာ. . . ဆိုပြီး မုန့်ဆိုင်ကိုသွား သမီးကြိုက်တဲ့ ငါးဆယ်တန်မုန့် အချိုရည်တစ်ဗူး၊ မုန့်တစ်ထုပ်နဲ့ ဝယ်ပေးရင်း ရင်းနှီးတဲ့ ကျောင်းမုန့်ရောင်းသူတို့ ကျောင်းမှာ ဘာဟောပြောပွဲရှိတာလဲ ဆိုတော့ “စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲဆိုလား ကြားမိတယ်”လို့ပြောပါတယ်။ ကလေးကို သူ့စာသင်ခန်းထဲပို့ ဒီကျောင်းဈေးသည်ဆီမှာပဲ စကား

|| မြင့်ဦး(ပခုက္ကူ) ||



ပြောရင်း စောင့်နေမိပါတယ်။ အခြားသော မိဘတွေလည်း ကိုယ်စီကိုယ်စီ ရောက်လာကြပါတယ်။ တစ်နာရီလည်းထိုးရော ဟောပြောပွဲလုပ်မယ့် ဆရာ၊ ဆရာမတွေ ရောက်လာပါတယ်။ ရောက်လာပြီး ကျောင်းအုပ်ဆရာကြီးနဲ့ စကားပြောရင်း ဈေးဆိုင်ရှိတဲ့ဘက်ကိုလာပြီး မုန့်တွေကို စစ်ဆေးပါတယ်။ ထုတ်ကုန်လုံခြုံစိတ်ချရတဲ့ အစားအစာဆိုတာ အချက်(၁၀)ချက်ပါရမယ်။ ဒါတွေ မရောင်းပါနဲ့။ ဒီလိုပစ္စည်းနဲ့ မုန့်တွေကို ရောင်းပါ။ နောက်ဆိုရင် ပစ္စည်းတွေ၊ မုန့်တွေသိမ်းမယ်ဆိုပြီး စာရွက်စာတမ်းတွေဝေ၊ ကျောင်းဈေးသည်ကို လက်မှတ်ထိုး စတာတွေလုပ်ပါတယ်။ ဒီကိစ္စ ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့ ဘေးက အသာကြည့်နေမိပါတယ်။ ဒါနဲ့ ဟောပြောပွဲ စတော့မယ်ဆိုတော့ အခန်းထဲဝင်နားထောင်ရတာပေါ့။ ဟောပြောနေတဲ့ ဆရာ၊ ဆရာမတွေက တော်တော်အဟောအပြော ကောင်းပါတယ်။ နေ့စဉ်စားနေရတဲ့ အစားအသောက်တွေမှာ မသိမှု၊ နားမလည်မှုတွေအကြောင်း၊ ပိုးသတ်ဆေးကြွင်းတွေများနေတဲ့ကြောင်း၊ ဆန်နှင့်ပဲမှာ ပိုးသတ်ဆေးကြွင်းများတယ်။ ဆီကမသန့်ဘူး၊ ငါးပိမှာ ယူရီးယားတွေ ထည့်ကြောင်း၊ ဟင်းချိုမှုန့်၊ ကြက်သားမှုန့်တွေမှာ လူတွေကို ဘယ်လိုရောဂါရစေကြောင်း၊ ငရုတ်သီးတွေမှာ အသည်းကင်ဆာ ဖြစ်စေတဲ့ မှိုဆိပ်တွေအကြောင်း၊ ပြီးမှ သူတို့ကျောင်းဈေးတန်းတွေက ဝယ်လာတဲ့ငါးဆယ်တန်မုန့်တွေကိုပြ ကျောင်းသားတွေကိုမေး၊ စားဖူးလား စားဖူးတယ်. . . ၊ ဘယ်လောက်စားပြီးပြီလဲ. . ၊ အများကြီးစားပြီးပြီ. . . ၊ ဘယ်လောက်ပေးရလဲ. . . ၊ ငါးဆယ်ကျပ်။ မိဘတွေရှေ့မှာ သားသမီးတွေကို သက်သေနှင့်တကွဖော်ပြနေတဲ့ ရှေ့နေတစ်ယောက်လိုကို မေးလိုက်. . . ဖြေလိုက် လုပ်နေပါတယ်။ ဒီအခြေအနေအထိ ကျုပ်အေးအေးဆေးဆေးပါပဲ။ နားတော့ထောင်နေတယ်။

နောက်ဆုံးကျမှ ဒီလိုလာရောက်ဟောပြောနေတာဟာ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ ကင်ဆာ ရောဂါအဖြစ်ဆုံး ပထမရတဲ့နိုင်ငံ၊ ကမ္ဘာမှာ ကင်ဆာအဖြစ်ဆုံး(၁၀)နိုင်ငံထဲမှာ ပါသလို အဆင့်အရဆိုရင် ကမ္ဘာမှာ ဒုတိယရတဲ့အကြောင်း၊ ဒီလိုရောဂါတွေ ရနေရတာဟာ နေ့စဉ်စားသုံးနေကြတဲ့ အစားအသောက်တွေကြောင့် ဖြစ်ကြောင်း၊ အခုပြုလုပ်တဲ့ စားသုံးသူအကာအကွယ်ပေးရေးဆိုတာ စားသုံးသူတွေရှေ့က တုတ်ခါး၊ လက်နက်တွေနဲ့ ကာကွယ်ပေးမှာ မဟုတ်ကြောင်း၊ အသိပညာပေးတာဖြစ်ကြောင်း၊ အစားအသောက်အသုံးအဆောင်တွေကိုဝယ်ရင် အသိနဲ့ သတိထား ဝယ်ယူစားသုံးဖို့ လိုကြောင်း ပြောပါတယ်။ တစ်ဆက်တည်းမှာ မိဘတွေကို မေးပါတယ်။ ကိုယ့်သားသမီးကို တကယ်ချစ်ရဲ့လားဆိုတာကိုပါပဲ။ ဘယ့်နှယ့်ပြောလိုက်သလဲမသိဘူး ကိုယ်မွေးထားတဲ့ ကိုယ့်သားသမီးကို ဘယ်မိဘက မချစ်ဘဲနေမလဲတော် စဉ်းစဉ်းစားစားမေးပါဦး။ ထပ်မေးပါတယ် “တကယ်ချစ်ရဲ့လား ” “အသည်းထဲက ချစ်သလား. . . ” “နှလုံးသားထဲက ပါရဲ့လား. . . ” မိဘအားလုံးက ဖြေကြပါတယ်။ တကယ်ချစ်ပါတယ်။ ရင်ထဲ၊ အသည်းထဲ၊ နှလုံးသားထဲက ပါပါတယ်လို့ပြောတော့ ဒါဆိုရင်ကိုယ်သားသမီးကို တကယ်ချစ်ရင် ငါးဆယ်ကျပ်တန်နဲ့ မနှစ်ပါနဲ့တော့၊ ဒီ ငါးဆယ်ကျပ်တန်မုန့်တွေဟာ များသောအားဖြင့် ၈၀ ရာခိုင်နှုန်း၊ ၉၀ ရာခိုင်နှုန်းက စားသုံးရန်မသင့်တဲ့ ပစ္စည်းတွေပါ။ ဒီပစ္စည်းတွေကိုစားရင် မသန့်ရှင်းဘူး၊ လှပအောင် ဆိုးထားတဲ့ဆေးတွေက ကင်ဆာကိုဖြစ်စေတယ်၊ မှတ်ဉာဏ်ကို ထုံထိုင်းစေတယ်. . ၊ အစာအိမ်လမ်းကြောင်း ရောဂါရစေတယ်၊ အောင်မယ်လေး ကျုပ်တကယ်လန့်သွားတယ်။ ကြောက်လည်း ကြောက်လာတယ်။ ဟောပြောပွဲပြီးတော့ ဟောပြောတဲ့ ဆရာ၊ ဆရာမတွေကို နှုတ်မဆက်နိုင်ဘဲ သမီးလေးစာသင်ခန်းထဲအရင်သွား မကြာခင်ကမှ ဝယ်ပေးထားတဲ့ အချိုရည်ဘူးရယ်၊ မုန့်ထုပ်ရယ်ကို အပြေးအလွှားသွားကြည့်မိပါတယ်။

ဘုရား. . . . ဘုရား. . . သမီးလေး မစားရသေးလို့ တော်ပါသေးရဲ့။ မုန့်ထုပ်နဲ့ အချိုရည်ဘူးကိုယူ သွန်ပစ်ဖျက်ပစ်လို့ ကျောင်းခန်းထဲဝင်လာတဲ့ သမီးလေးကို ချော့ပြောလို့ အခုလေးတင် စားသုံးသူရေးရာဦးစီးဌာနက ဆရာတွေ၊ ဆရာမတွေကပြောသွားတယ်။ ဒါတွေမစားနဲ့နော်သမီးလေး။ နောက်ထပ်စားလို့ရတဲ့မုန့် မေမေလာကျွေးမယ်နော်သမီး ဆိုတော့။ ရပါတယ်မေမေရယ် စားသုံးသူရေးရာဦးစီးဌာနက ဆရာတွေ၊ ဆရာမတွေ ပြောသလို သမီးကို မြန်မာမုန့်တွေကျွေးပါ မေမေရယ်တဲ့။ လိမ္မာလိုက်တဲ့သမီးလေး။ ကျောင်းပြန်တက်လို့ ပြန်ရင်း ကျောင်းဈေးဆိုင်ကပစ္စည်းတွေ လှမ်းကြည့်ရင်း(အမှန်တော့မျက်စောင်းထိုးတာပါ)။ ဒီ ငါးဆယ်ကျပ်တန်မုန့်တွေဟာ ကျွန်မ သမီးလေးအတွက် အာဟာရမဖြစ်ဘဲ ရောဂါရစေတာကို သိသွားတော့ ဟင်း. . . . ဟင်း. . . . ငါးဆယ်တန်ကင်ဆာတွေလို့ ကိုယ့်စိတ်ကူးထဲ ထင်သလိုနာမည်ပေးလိုက်မိပါတယ်။ ညနေစောင်းမိုးလည်းချုပ်တော့ အိမ်ကကိုအဝှာ အလုပ်ကပြန်လာပါပြီ။ လက်ထဲအထုပ်တစ်ထုပ်ဆွဲလို့ ဘယ်မှာတုန်းငါ့သမီး။ ရှိပါတယ်လက်ထဲက ဘာတွေလဲ။ “ဈေးထဲရောက်လို့သမီးလေးကြိုက်တဲ့အချိုရည်ဘူးရောင်စုံ (ဝါ၊ စိမ်း၊ နီ)ဆယ်ဘူးတစ်တွဲဝယ်လာတယ် လာဟော့။ သမီးရော့ဆိုပေးတော့။ သမီးငယ်က မအေကိုကြည့်လိုက် ဖအေကိုကြည့်လိုက် ကြည့်ရင်း . . ဖေကြီး နေ့ခင်းက ကျောင်းမှာ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း လာဟောတယ်၊ မေကြီးလည်း လာနားထောင်ပါတယ်၊ ဒီအချိုရည်ထဲမှာပါတဲ့ရေ သန့်မသန့်မသိရဘူး၊ အရောင်တွေက ကင်ဆာ ဖြစ်စေတယ်၊ အဲဒီအချိုကဆီးချိုဆို လား၊ သွေးချိုဆိုလား၊ အဝလွန်တာတွေဖြစ်တယ်တဲ့ . . ဖေကြီးရဲ့။ ဟုတ်တယ်နော် . . မေကြီး . သမီးပြောတာ။ ဖအေကို သူသိသလိုပြောရင်း မအေကိုပါ စစ်ကူတောင်း အတည်ပြုချက်ယူပါတယ်။ ဒီတော့ ကျုပ်ကလည်း . . ဟုတ်ပ့ါတော် တော့်သမီးပြောတာ ဒီလိုတော်ရေဆိုပြီး၊ နေ့ခင်းက ကျောင်းကိုလိုက်သွားရတဲ့အကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲပြုလုပ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနက ဆရာ၊ ဆရာမတွေ ဟောပြောခဲ့တာ စုံလို့။ ဘာတွေစားရမယ်၊ ဘယ်လိုဟာတွေမစားရဘူး။ အသိနဲ့သတိ ထားစားဖို့၊ အစားအစာ၊ မုန့်တွေအကြောင်းစုံလို့ ကလေးတွေအတွက် ပုံပြင်၊ လူကြီးတွေအတွက် ဇာတ်လမ်းတွေလည်းပါကြောင်း၊ ကိုယ်ယူလာတဲ့ မုန့်၊ အချိုရည်တွေကိုတော့ ကျုပ်သမီးကို မကျွေးနိုင်ကြောင်း၊ ဖြစ်နိုင်ရင်ဆရာ၊ ဆရာမတွေပြောသလို မြန်မာပီပီ မြန်မာမုန့်တွေကိုပဲ ကျွေးတော့မယ့်အကြောင်း ဖြစ်ကြောင်းရယ် ကုန်စင်စုံလင်အောင်နတ်သံနှောလို့ပြောတော့ အိမ်ကကိုအဝှာက ပြောပြတယ်။ ဈေးထောင့်မှာ ကုန်ချရင်း စားသုံးသူရေးရာဌာနဆိုတဲ့ ဆိုင်းဘုတ်တွေ့ခဲ့လို့တောင် ဖတ်ခဲ့သေးတော့ ဘာပဲပြောပြော အခုလို ဟောပြောပွဲနားထောင်ခဲ့တဲ့ ငါ့မိန်းမ ငါ့ထက်တောင် ဗဟုသုတ ပိုသိနေပ့ါလားဟော့။ ဒါတင်ဘယ်ကမလဲတော့ . . အသိဦး လို့သာပေါ့ နို့မဟုတ်ရင် ကျုပ်တို့သမီးလေး ရောဂါရမှာတော့၊ ဟောပြောတဲ့ ဆရာတွေပြောသလို မသိလို့စား၊ မရှိလို့စား၊ ရွေးချယ်စရာမရှိလို့ စားဆိုတာနဲ့ ဆက်စား၊ ဆက်ကျွေးလို့ သမီးလေးရောဂါရရင် ရင်ကျိုးရချည်ရဲ့တော်။ ဖအေနဲ့ မအေကြားက ဆံပင်ရှည်လေးတခါခါနဲ့ ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက်နဲ့ ချစ်စရာသမီးလေး ဆံပင်ရှည်ရှည်၊ ချိုးမျက်လုံး၊ မျက်နှာဝိုင်းဝိုင်း၊ ပါးဖောင်းဖောင်းနဲ့သမီးလေး သက်ရှည်ကျန်းမာဖို့ စားသုံးသူရေးရာဦးစီးဌာနရဲ့ ဟောပြောမှုကြောင့် အသိစောလို့ ငါးဆယ်တန်ကင်ဆာဘေးမှ ကင်းဝေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဘာပဲပြောပြော သက်ရှည်ကျန်းမာဖို့အရေး ဟောပြောပေးကြတဲ့ မောင်မင်းကြီးသား၊ မယ်မင်းကြီးသမီး ဆရာ၊ ဆရာမတွေ ကျန်းမာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သမီးလေးအဖေ ဝယ်လာတဲ့ ငါးဆယ်တန်ကင်ဆာတွေ ဖျက်ဆီးရပါဦးမယ်. . . . .

ဩော်. . ငါးဆယ်တန်ကင်ဆာ. . . ငါးဆယ်တန်ကင်ဆာ. . .

(ကျောင်းသားမိဘတစ်ဦးကိုယ်တိုင် ပြောပြသည်ကို ခံစားရေးဖွဲ့ပါသည်။)

# လိုနေတဲ့ Venue
## “ကုန်သွယ်မှုမြှင့်တင်ရန်၊ ကုန်စည်ပြပွဲ အခြေခံ”

‖ ဝင်းသန်းကျော် (ကုန်သွယ်မြှင့်) ‖

နိုင်ငံတော်အစိုးရသစ်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ (Myanmar Trade Promotion Organization-MYANTRADE) ဌာနသစ်ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ၌ စတင်ဖွဲ့စည်းပြီး ကုန်သွယ်မှုမြှင့်တင်ရေး ကိစ္စများကို အဓိက တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုဆိုလျှင် သက်တမ်းတစ်နှစ်နှင့် လေးလသာ ရှိသေးသော်လည်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ရှိသည့် အင်အားနှင့် ကျစ်ကျစ်လျစ်လျစ် ဆောင်ရွက်လျက်ရှိရာ ထိုက်သင့်သော အောင်မြင်မှုများရရှိနေပြီဖြစ်ပါတယ်။

မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ ဌာနခွဲတစ်ခုဖြစ်သော ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲအနေဖြင့် ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများကို စနစ်တကျနှင့် အောင်မြင်စွာ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

‘ကုန်သွယ်မှု မြှင့်တင်ရန်၊ ကုန်စည်ပြပွဲ အခြေခံ’ ဆိုတဲ့စကားနှင့်အညီ စာရေးသူအနေနှင့် ယခုတစ်ပတ်မှာ လိုနေတဲ့ Venue ခေါင်းစဉ်နှင့် ဗဟုသုတဖြစ်ဖွယ် ဝေမျှချင်ပါတယ်။ Venue လို့ဆိုရာမှာ မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ နိုင်ငံတကာအဆင့်မီ ပြပွဲခန်းမတစ်ခု လိုအပ်နေကြောင်း တင်ပြလိုပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံများအနေနဲ့ စီးပွားရေးနှင့် ကုန်သွယ်ရေးတိုးမြှင့်ဆောင်ရွက်နိုင်ရန် နည်းလမ်းပေါင်းစုံ အသုံးချလျက်ရှိကြောင်း သိရှိရပါတယ်။ သက်ဆိုင်ရာ နိုင်ငံများအလိုက် အစိုးရဝန်ကြီးဌာနများမှာ နိုင်ငံတကာဈေးကွက် ထိုးဖောက်နိုင်ရေး၊ ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး၊ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့အစည်းများကို စနစ်တကျဖွဲ့စည်းတည်ထောင်ပြီး စဉ်ဆက်မပြတ် လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ၎င်းကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့အစည်းများအနေနှင့် နိုင်ငံတကာကုန်စည်ပြပွဲများ၊ ဒေသဆိုင်ရာကုန်စည်ပြပွဲများ၊ ပြည်တွင်း ကုန်စည်ပြပွဲများ စသည်တို့တွင် လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေး စည်းရုံးဆောင်ရွက်၍ ဈေးကွက်ဝေစုပိုမိုရရှိနိုင်ရေးတွန်းအားပေးဆောင်ရွက်လျက်ရှိပါတယ်။

ထိုလုပ်ငန်းများဆောင်ရွက်ရာမှာ ဖွံ့ဖြိုးပြီးခေတ်မီတိုးတက်နေသော နိုင်ငံကြီးများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများကပါ နိုင်ငံတော်အဆင့် စီးပွားရေးမူဝါဒများချမှတ်ပြီး နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် နိုင်ငံတွင်းအလားအလာကောင်းသည့် ဒေသကို ရွေးချယ်ပြီး ကုန်စည်ပြပွဲများ (Expo, Exhibition, Trade Fair, Trade Show, Road Show, Show Case Business)၊ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများ (Business Matching)၊ သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဆွေးနွေးပွဲများ (Forum, Workshop, Seminar) စသည်တို့ကို သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်းပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိပါတယ်။

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်းက အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများမှာ အထက်ပါ ကုန်စည်ပြပွဲများ၊ ဆွေးနွေးပွဲများ၊ စုပေါင်းကျင်းပနိုင်သော ဘက်စုံသုံးခန်းမ (Venue) ကြီးများကို စီးပွားရေး ကောင်းမွန်သည့် မြို့ကြီးများ၏ အချက်အခြာနေရာများတွင် တည်ဆောက်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အောင်မြင်တိုးတက်မှုများ ရရှိနေကြောင်း သိရှိရပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် နိုင်ငံတကာအဆင့်မီ ကုန်စည်ပြပွဲခန်းမ (Bangkok International Trade and Exhibition Centre -BITEC)၊ ဗီယက်နမ်နိုင်ငံတွင် Vietnam Exhibition Fair Center -VEFAC နှင့် Saigon Exhibition & Convention Center -SECC) ကိုလည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင်လည်း Korea International Exhibition Center(KINTEX) နှင့် Convention & Exhibition Center (COEX) ကိုလည်းကောင်း၊ အလားတူ တရုတ်နိုင်ငံ နန်နင်းမြို့ရှိ Nanning International Convention and Exhibition Center (NICEC) နှင့် တရုတ်နိုင်ငံ ကူမင်းမြို့ရှိ Kunming Dianchi International Convention & Exhibition Center တို့ကို တည်ဆောက်ကာ နိုင်ငံတကာကုန်စည်ပြပွဲများ၊ တရုတ်-အာဆီယံ ကုန်စည်ပြပွဲ China-ASEAN EXPO (CAEXPO) ကဲ့သို့သော ပြပွဲကြီးများကို နှစ်စဉ်ကျင်းပကာ ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်နေကြပါတယ်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့၌ ဦးဝိစာရလမ်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်က တာဝန်ယူ ဆောင်ရွက်သည့် တပ်မတော်ခန်းမ၊ မရမ်းကုန်းမြို့နယ်ရှိမင်းဓမ္မလမ်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)က တာဝန်ယူ ဆောင်ရွက်သည့် Myanmar Convention Center (MCC) ခန်းမတို့သာ လက်ရှိပြည်တွင်းပြည်ပကုန်စည်ပြပွဲများ ကျင်းပနိုင်သဖြင့် Supply & Demand သဘောတရားအရ ဝယ်လိုအားများပြားသဖြင့် ခန်းမနေရာ အခက်အခဲလွန်စွာ တွေ့ကြုံ နေရပါသည်။ Forever Group မှ တာဝန်ယူ ဆောင်ရွက်သည့် Myanmar Event Park (MEP) ခန်းမမှာလည်း မြေနေရာအခက်အခဲကြောင့် အသစ်ပြောင်းရွှေ့တည်ဆောက်နေပြီး မကြာခင် လုပ်ငန်းများ ဆောင်ရွက်မည်ဟု သိရှိရပါတယ်။ ထို့ကြောင့် အသေးစားကုန်စည်ပြပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ Business Matching များကို Novotel Hotel၊ Mecasa Hotel၊ Gandamar Wholesale Market တို့တွင်လည်းကောင်း၊ မိုးလေကင်းလွတ်သည့် ပွင့်လင်းရာသီတွင် မိုင်ဒါကွင်း၊ ပြည်သူ့ရင်ပြင် စသည့်နေရာများ၌ အကယ်ဒမီဆုပေးပွဲ၊ ဈေးရောင်းပွဲတော်တို့ကိုလည်းကောင်း ရသည့်နေရာတွင် ဖြစ်သလိုဆောင်ရွက်နေရကြောင်း သိရှိရပါတယ်။

အုပ်ချုပ်ရေးမြို့တော်ဖြစ်သည့် နေပြည်တော်တွင်မူ အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းစင်တာ (MICC I) တွင် နိုင်ငံတော်အဆင့်ပွဲကြီးများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းစင်တာ (MICC II) တွင် ဝန်ကြီးဌာနအဆင့် အစည်းအဝေးများ၊ ကုန်စည်ပြပွဲများ ကျင်းပလျက်ရှိပါသည်။ သို့ရာတွင် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များအနေနှင့် စီးပွားရေးတွက်ခြေမကိုက်သည့်အတွက် ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ရန် စိတ်ဝင်စားမှုနည်းကြောင်း သိရှိရပါတယ်။

ဒုတိယ စီးပွားရေးမြို့တော်ဖြစ်သည့် မန္တလေးမြို့တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (MCDC) မှ တာဝန်ယူဆောင်ရွက်သည့် မြို့တော်ခန်းမတွင်လည်းကောင်း၊ မန္တလေး အမျိုးသားကဇာတ်ရုံတွင် လည်းကောင်း၊ Diamond Plaza တွင်လည်းကောင်း၊ ကုန်စည်ပြပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အစည်းအဝေးများ ကျင်းပကြောင်း သိရှိရပါတယ်။ ယခုအခါ မင်္ဂလာမန္တလေး ကွန်ဗင်းရှင်းစင်တာ ပြပွဲခန်းမသစ်ကြီး ပြီးစီးပြီဟု သိရှိရသဖြင့် နောင်ကျင်းပမည့် ပြည်တွင်း ပြည်ပ ကုန်စည်ပြပွဲများ ဆောင်ရွက်နိုင်ရန် Venue နေရာအတွက် အခက်အခဲ အတန်အသင့် ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါ တယ်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများတွင် မြို့တော်ခန်းမများ၊ အားကစားကွင်းများ၊ ပန်းခြံများစသည့် Venue နေရာများတွင် ဈေးရောင်းပွဲတော်များ ဒေသထွက်ကုန် ကုန်စည်ပြပွဲများ၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများစသည်တို့ကို အဆင်ပြေသလို ဆောင်ရွက်နေကြကြောင်း သိရှိရပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အနေနှင့်လည်း ပြခန်း (Venue) နေရာ အခက်အခဲတွေ့ကြုံနေရကြောင်း၊ ပြည်ပနိုင်ငံခြား ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်းကောင်း၊ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင်လည်းကောင်း မကြာခဏတင်ပြနေကြောင်း သိရှိရပါတယ်။ UMFCCI ၏ ညီနောင်အသင်းတစ်ခုအနေဖြင့် မြန်မာနိုင်ငံကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းအသင်း Myanmar Exhibition & Convention Association (MECA) ကို မကြာမီက ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ၎င်းအသင်း၏ ရည်ရွယ်ချက်မှာ Exhibition Industries ဖွံ့ဖြိုး တိုးတက်လာစေရန်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများကို လက်တွေ့လုပ်ကိုင်နေသည့် Organizer လုပ်ငန်းရှင်များ စုဖွဲ့တည်ထောင်ထားတာဖြစ်ပါတယ်။ ၎င်းအသင်း၏ အဓိကတွေ့ကြုံနေရသည့်ပြဿနာမှာ ကုန်စည်ပြပွဲလုပ်ရန် နိုင်ငံတကာ အဆင့်မီ ခန်းမ (Venue) လိုအပ်နေခြင်း ဖြစ်ကြောင်း၊ တကယ့်ပြပွဲကြီးများကို နိုင်ငံခြားကဲ့သို့ စတုရန်း မီတာ ၁၀,၀၀၀ ခန့်ရှိတဲ့ ခန်းမကြီးများရှိမှ အဆင်ပြေမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့ရှိလက်ရှိ တပ်မတော်ခန်းမ၊ MCC ခန်းမနှစ်ခုတို့နှင့် လုံးဝ လုံလောက်မှုမရှိပါကြောင်း အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောကြားကြောင်း သိရှိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) အနေနှင့်လည်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရှိ ယခင်ကုန်သွယ်လယ်ယာဂိုဒေါင်နေရာ၌လည်းကောင်း၊ မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူရှိ ယခင်ကုန်သွယ်လယ်ယာ ဂိုဒေါင်နေရာ၌ လည်းကောင်း၊ လှိုင်သာယာ မြို့နယ် ယခင်ကုန်သွယ်လယ်ယာဘောလုံးကွင်း နေရာ၌လည်းကောင်း ကုန်စည်ပြပွဲများ၊ Business Matching များ ဆောင်ရွက်နိုင်မည့် နိုင်ငံတကာအဆင့် မီခန်းမ (Venue) ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံခြားကုမ္ပဏီများ၊ မြန်မာလုပ်ငန်းရှင်ကြီးများနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိရာ မကြာမီ အကောင်အထည်ပေါ်လာမည်ဟု ယုံကြည်ပါတယ်။

ဒါကြောင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးကို အထောက်အကူပြုနိုင်သည့် နိုင်ငံတကာအဆင့်မီ ကုန်စည်ပြပွဲကြီးကျင်းပနိုင်ရန်ဘက်စုံသုံးခန်းမ (Venue) တစ်ခု ရန်ကုန်မြို့တွင် အမြန်ဆုံးဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

❑

## ထားဝယ်ခရိုင် ထားဝယ်မြို့ရှိ အ. ထ. က (၅)နှင့် မူလတန်းလွန်ကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဩဂုတ်လ ၁၈ ရက်တွင် ထားဝယ်မြို့နယ်၊ သပြေ ချောင်းရွာရှိ အခြေခံပညာ မူလတန်းလွန် ကျောင်း၌လည်းကောင်း၊ ဩဂုတ်လ ၁၉ ရက်ကတိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများသည် ညောင်ရမ်းတောင် အ. ထ. က(၅) အခြေခံပညာ အထက်တန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

ဟောပြော ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထွန်းက စားသုံးသူရေးရာဦးစီးဌာန စတင်ပေါ်ပေါက် လာပုံ၊ဌာန၏မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ အကြောင်းကိုလည်းကောင်း၊ အစားအသောက်များအား ရွေးချယ်ဝယ်ယူ စားသောက်တတ်စေရန် ဆီ၊ ဆိုးဆေး၊ ပိုးသတ်ဆေးများ ပါဝင်သော အစားအသောက်များ၊ တာရှည်ခံဆေးများ အသုံး ပြုထားသော အစားအစာများအကြောင်းကို လည်းကောင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ အကြောင်းကို လည်းကောင်း၊ စားသုံးသူများ နစ်နာမှုရှိလျှင် တိုင်ကြားနိုင်မည့် အခြေအနေ ကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ပြီး အဆိုပါ ဟောပြောပွဲများသို့ ဆရာ/ဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၂၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ရွှေဝယ်သား

# ရေကြည်မြို့နယ်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်နိုင်ရေး ဆွေးနွေးပွဲကျင်းပ

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတောင်သူများ၊ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်၍ ကန်ထရိုက် လယ်ယာစနစ်ဖော်ဆောင်ပြီး အရည်အသွေးမြင့် ဆန်စပါးများ စိုက်ပျိုးထုတ်လုပ်၍ တောင်သူများဝင်ငွေတိုးကာ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သောကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်၊ ပုသိမ်ခရိုင်ဦးစီးမှူး ဦးစိုးဦးတို့နှင့်အတူ ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ရေကြည်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအေးသိန်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အပါအဝင် ဒေသခံတောင်သူများနှင့် ဩဂုတ် ၂၉ ရက်တွင် တွေ့ဆုံခဲ့ပါသည်။

ထိုသို့ တွေ့ဆုံရာတွင် ရေကြည်မြို့နယ်တွင် ဆန်စပါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဧရာပုသိမ်ဖွံ့ဖြိုးမှု အများပိုင်ကုမ္ပဏီနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်နိုင်ရေး၊ အရည်အသွေးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဒေသအာဏာပိုင်၊ ဧရာပုသိမ်ကုမ္ပဏီ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။ စားသုံးသူရေးရာဦးစီးဌာန ဒုတိယ တိုင်းဦးစီးမှူး ဦးသိန်းနိုင်က ပြည်တွင်းကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပိုလျှံဆန်များကို အရည်အသွေးမီ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မိမိတို့မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်လာမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

**အေးသိန်း၊ မင်းမင်းဦး(ပုသိမ်)**

## လှိုင်ကော်ခရိုင်နှင့် ဘော်လခဲခရိုင်များရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် တက္ကသိုလ်များတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများဆောင်ရွက်

ကယားပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ပြည်နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၂၃ ရက်တွင် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် အင်းကုန်း အ. ထ. က ၌လည်းကောင်း၊ မထောခူကျေးရွာ၌လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် ငွေတောင် အ. ထ. က ၌လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် ဘော်လခဲခရိုင် မယ်စဲ့မြို့ အ. ထ. က ၌ လည်းကောင်း၊ ဩဂုတ်လ ၂၆ ရက်တွင် ဖားဆောင်းမြို့ အခြေခံ ပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် လွိုင်ကော်မြို့ လွိုင်ကော် တက္ကသိုလ်၌ လည်းကောင်း စုစုပေါင်း ဆရာ/ ဆရာမနှင့်ကျောင်းသား /သူ ၃၂၉၁ ဦးကို စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပခဲ့ပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူအခွင့်အရေးများနှင့် တာဝန်များ၊ ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းမပြုမီ သတိပြုရမည့် အချက်များ၊ နေ့စဉ် ဝယ်ယူသုံးစွဲတဲ့ ကုန်ပစ္စည်းများအပေါ် ပေးထားသော ဝန်ဆောင်မှုများ အပြည့်အဝရရှိရေး များကိုလည်းကောင်း၊ တီဗွီများတွင် ကလေးများ အတုယူမမှားသင့်သော အလွန်အကြူး ချဲ့ကားကြော်ငြာနေသော ကြော်ငြာများနှင့်ပတ်သက်၍ လည်းကောင်း၊ ဝန်ဆောင်မှုကြောင့် နစ်နာဆုံးရှုံးမှုများကို တိုင်ကြားလာသည့်အပေါ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ခဲ့မှုများကို လည်းကောင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအား ဝယ်ယူရာတွင် နစ်နာဆုံးရှုံးမှု ရှိပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး ဌာန (CICC)သို့ ဆက်သွယ် တိုင်ကြားနိုင်ကြောင်း အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

## ပုသိမ်မြို့ ကင်မလင်းကျွန်း စက်မှုဇုန်ရှိ Dong Long Pathein Garment Co.,Ltd.တွင် အနည်းဆုံးအခကြေးငွေနှုန်းထား အထောက်အကူပြု ဆွေးနွေးပွဲကျင်းပ

ပုသိမ်မြို့ ကင်မလင်းကျွန်း စက်မှုဇုန်ရှိ Dong Long Pathein Garment Co.,Ltd. တွင် အနည်းဆုံးအခကြေးငွေနှုန်းထား ပြန်လည်သုံးသပ်ပြင်ဆင်ရေး အတွက် အထောက်အကူပြုဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက်တွင် ကျင်းပရာ ကော်မတီ အဖွဲ့ဝင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူ များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများမှ လုပ်ငန်းရှင်များ၊ လုပ်ငန်းရှင် ကိုယ်စားလှယ်နှင့် လုပ်သားကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပြုအနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်တွင် ပြုလုပ်မည့် အမျိုးသား ကော်မတီ ညှိနှိုင်းအစည်းအဝေး၌ ဧရာဝတီတိုင်းဒေသကြီးမှ အဆိုပြုတင်ပြနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ အလုပ်ရှင်နှင့် အလုပ်သမားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အထောက်အကူပြု ဆွေးနွေးပွဲများကို ခရိုင်မြို့များမှာ ဩဂုတ်လအတွင်း ကျင်းပခဲ့ကြောင်း၊ စက်တင်ဘာလ ပထမပတ်၌ အမျိုးသားကော်မတီတွင် ပါဝင်သည့် ပညာရှင်ဆရာကြီးတစ်ဦးကို ဖိတ်ကြားပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများပါဝင်သည့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲရလဒ်များ၊ ဆန်းစစ်ချက်များအပေါ် အခြေခံပြီး အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားကို အမျိုးသားကော်မတီသို့ တင်ပြရမည်ဖြစ်သည့်အတွက် မိမိတို့တိုင်းဒေသကြီးအတွင်းရှိ အလုပ်သမားများ အကျိုးအတွက် အပြုသဘောဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း အလုပ်သမားညွှန်ကြားရေးမှူး ဒေါ်မိုးမိုးအေးက ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး(ပုသိမ်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၂) | ယာယီ | ၁၆၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ရက်ဖိုး (၂၀၀၆) | I | ၃၆၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | အာလ်ဖတ် (၂၀၀၃) | J | ၃၈၀ သိန်း | 2 .4 ဓာတ်ဆီ |
| ၄။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၁၉၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ကလူဂျာ (၂၀၀၆) | ယာယီ | ၄၅၀ သိန်း | 2 .4 ဓာတ်ဆီ |
| ၆။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၇၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ဖစ်/ရှပ်တဲလ် (၂၀၁၂) | ယာယီ | ၂၆၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ဟိုက်အေ့စ် (၂၀၀၉) | ယာယီ | ၄၁၅ သိန်း | 3.0 ဒီဇယ်၊ နယ်လိုင်စင် |
| ၉။ | ဗစ်ဇ် (၂၀၁၁) | ယာယီ | ၁၇၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | ကွန်ဒို | အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း | ၁၈၀၀ စ/ပေ | MB (၂) | ၃၂၀၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၂။ | မြေ | သာကေတမြို့နယ်၊ ရတနာအိမ်ရာ | ၆၄၀၀ စ/ ပေ | | ၃၅၀၀ သိန်း | မြေသီးသန့် | ၀၉/၉၇၆၂၁၁၁၂၃ |
| ၃။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၃ x ၄၅)ပေ | (၃) လွှာ၊ အခန်းဖွဲ့ | ၆၀၀ သိန်း | လမ်းမကြီးနီး | ၀၉/၂၅၀၃၇၂၁၅၈ |
| ၄။ | လုံးချင်းအိမ် | သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | မြေ (၆၄၀၀) စ/ပေ အိမ် (၃၀ x ၃၅)ပေ | RC (၂) ထပ် | ၂၃ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၅။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၀ x ၇၂)ပေ | | ၁၄ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၆။ | မီနီကွန်ဒို | တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းမနီး | (၁၀၀၀) စ/ပေ | MB (၁)၊ SB (၁) | ၉၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၇။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | (၁၁၀၀) စ/ပေ | MB (၁)၊ SB (၁) | ၁၅၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၈။ | လုံးချင်းအိမ် | ဒဂုံမြို့သစ်(မြောက်)၊ (၄၁) ရပ်ကွက် | မြေ (၂၄၀၀) စ/ပေ အိမ် (၃၀ x ၃၀)ပေ | RC (၂) ထပ်၊MB (၅) ခန်း | ၁၅ သိန်း | လမ်းမကြီးနီး/ ဦးဝိစာရ | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ရကက (၆) | (၇၀ x ၈၀)ပေ | | ၁၁၀၀ သိန်း | ကန်တော်ကြီးနီး၊ လမ်းသန့်၊ ရပ်ကွက်သန့် | ၀၉/၅၁၁၇၂၆၂ |

# ပုသိမ်မြို့တွင် စီးပွားရေးနှင့်သက်ဆိုင်သည့် ဥပဒေ လုပ်ထုံးလုပ်နည်း တိုးတက် ကောင်းမွန်စေရေး ဆွေးနွေးဟောပြောပွဲကျင်းပ

ပုသိမ်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးနှင့် ပတ်သက်သည့် ဥပဒေ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး ဆွေးနွေး ဟောပြောပွဲကို ဩဂုတ်လ ၂၆ ရက်က စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေး ခန်းမ(၁) တွင် ကျင်းပရာ ဧရာဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးဌေးဝင်းက အဖွင့်အမှာစကား ပြောကြား၍ဧရာဝတီတိုင်း ဒေသကြီး ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များ အသင်း(ARCCI) ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော် စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူး၊ စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်၊ ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်နှင့် လက်ထောက် ညွှန်ကြား ရေးမှူးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဧရာဝတီ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း(ARCCI)ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ ဒုတိယ ဥက္ကဋ္ဌ၊ အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင် များ၊ ခရိုင်အဖွဲ့ဝင်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဟောပြောပွဲတွင် ဥပဒေလုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်ကောင်းမွန် စေရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်က စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် ဥပဒေနှင့်သက်ဆိုင်သော အမိန့်ကြော်ငြာစာ ၊ လုပ်ထုံးလုပ်နည်း ဌာနဆိုင်ရာ ဥပဒေများ၊ စီးပွားရေး လုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးဆိုင်ရာ ဥပဒေများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)မှ အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်စိုးက စီးပွားရေး လုပ်ငန်းရှင်များကို တည်ဆဲဥပဒေနှင့် မူဘောင်အတွင်းမှ လုပ်ဆောင်ရန်နှင့် တာဝန်ယူမှု တာဝန်ခံမှုရှိစေရန်၊ ပြည်ပဈေးကွက် ယှဉ်ပြိုင်နိုင်ရေး ဥပဒေအရ အခက်အခဲများရှိလျှင်လည်း ARCCI မှ UMFCCI သို့ပေးပို့၍ ဥပဒေချုပ်ရုံးသို့ ဆက်လက်ပေးပို့မှာ ဖြစ်ကြောင်း အသေးစိတ် ရှင်းလင်း ဆွေးနွေး ခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆွေတင့်ကြူးက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာကိစ္စများ၊ ဧရာဝတီတိုင်း ဒေသကြီး (FDA) မှ အစားအသောက် ကြီးကြပ်ရေးဆိုင်ရာ ကိစ္စများ၊ ပြည်တွင်းအခွန်မှ အခွန်ဆိုင်ရာ ကိစ္စများ၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လယ်ယာမြေ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# မြိုင်မြို့နယ်ရှိ ကျေးရွာများတွင် တောင်သူများအား ပဲစင်းငုံ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး

ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြိုင်မြို့နယ် တာဝန်ခံ ဦးဇော်ထွန်းဦးသည် ဩဂုတ်လ ၂၅ ရက်တွင် မြိုင်မြို့နယ်အတွင်းရှိ ရွှေလင်းဆွဲကျေးရွာ၊ ကန်နီကျေးရွာ၊ ထန်းဘုန်းတောကျေးရွာများရှိ တောင်သူများ၏ ပဲစင်းငုံ စိုက်ပျိုးထားရှိမှု အခြေအနေနှင့် ပဲဈေးကွက်အခြေအနေများကို စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရရှိမှု အခြေအနေမှာ (ကဆုန်၊ နယုန်မှ) စတင်စိုက်ပျိုးခဲ့ပြီး ယခုအချိန်တွင် လေးလကျော် သက်တမ်းရှိနေပြီဖြစ်ကြောင်း၊ အချို့အပင်များမှာ ခါးလည် ကျော်လောက်ရှိနေပြီး လာမည့်စက်တင်ဘာ (သီတင်းကျွတ်၊ တန်ဆောင်မုန်း)မှာ အပွင့်များ ဖူးပွင့်တော့မည် ဖြစ်ကြောင်း၊ ဒီဇင်ဘာ (နတ်တော်၊ ပြာသို) တွင် ရိတ်သိမ်းကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိဈေးကွက် သတင်းများအရ အိန္ဒိယနိုင်ငံမှ ကန့်သတ်ဝယ်ယူမည်ဖြစ်သောကြောင့် ပဲဈေးကွက် ပျက်နေသည်ဟု ကြားသိရကြောင်း၊ တောင်သူများမှလည်း သတင်းများကြား သိရသော်လည်း ပဲစင်းငုံမှာ တိရစ္ဆာန် အစားအစာရသည့် အပြင် ဆောင်းတွင်းမှာလည်း မီးလှုံရ၍ပင်စည်ရိုးကို ခြံစည်းရိုးကာသည့်နေရာတွင် အသုံးပြုရသည့်အတွက် ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် ပဲစင်းငုံသည် သီးညှပ်သီးနှံဖြစ်သည့်အတွက် မျိုးဖိုးသာ အထူးကုန်ကျသည့်အတွက် လည်းကောင်း၊ ဆေးသုံး စွဲမှု နည်းပါးခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ခြင်း တို့ကြောင့် တောင်သူများအနေဖြင့် ဆုံးရှုံးနစ်နာမှု နည်းကြောင်း ပြောကြားခဲ့ပါသည်။

အချို့တောင်သူများသည် ရှင်သန်ဖြစ်ထွန်းမှု အားနည်းသော ပဲစင်းငုံအပင်များကို ဖယ်ရှား၍ ဆောင်းသီးနှံ နှမ်းကို စိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ ကြည်တက်မိုး(ကန်ဆင်းမိုး) အလွန် စက်တင်ဘာ ဒုတိယပတ်မတိုင်မီ ဆောင်းသီးနှံ နှမ်းနက်ကို စိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ ယခင်က ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဝန်းကျင်ရှိရာမှာ ယခုအခါ ကျပ် ၁၅၀၀၀ ဝန်းကျင်ခန့်သာ ရှိတော့သည်ဟု ကြားသိရသောကြောင့် ပဲစင်းငုံအခင်းကို ရှင်သန်သည့်အပင်များ ထားရှိပြီး မဖြစ်ထွန်းသည့် အပင်များကို အနည်းငယ်သာ ဖယ်ရှားရန်လိုကြောင်း၊ ဆောင်းသီးနှံနှမ်းနက်ကို စိုက်ပျိုးမည်ဖြစ်ကြောင်း နှမ်းနက်သည် သက်တမ်းတိုအပင်ဖြစ်သောကြောင့် အစားထိုးစိုက်ပျိုးခြင်းဖြစ်ကြောင်း ပြောကြားပါသည်။

အချို့တောင်သူများမှာ မိရိုးဖလာအတိုင်း ဆက်လက်စိုက်ပျိုးသည့်တောင်သူများကို တွေ့ရှိရသလို ခေတ်စနစ်နှင့်အညီ လိုက်ပါ၍ပြောင်းလဲလာသော တောင်သူအချို့အား တွေ့ရှိရသည့်အတွက် မိမိမြို့နယ်အနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ ကြားသီးနှံအနေဖြင့် တစ်မြောင်းခြားစိုက်ပျိုးသင့်ပါကြောင်း၊ ပဲဈေးကွက်အခြေအနေမှာ လတ်တလောအခြေအနေဖြစ်သော်လည်း သီးနှံထွက်သည့်အချိန်တွင် ပြောင်းလဲနိုင်ကြောင်း၊ ပဲစင်းငုံ ဝယ်ယူသည့် အချိန်တွင် ပြောင်းလဲနိုင်ကြောင်း၊ ပဲစင်းငုံ ဝယ်ယူသည့် ပြည်ပနိုင်ငံမှာ လူဦးရေများသည့်အတွက် စိုက်ပျိုးထွက်ရှိမှုနှင့် မလုံလောက်သောကြောင့် ဈေးကွက်ပြန်လည် ဖြစ်ထွန်းလာနိုင်ကြောင်း၊ နိုင်ငံတော်အကြီးအကဲများကလည်း ပဲဈေးကွက်ကို တောင်သူများ ထိခိုက်နစ်နာမှု မရှိစေရေး အဆင်ပြေအောင် ဆောင်ရွက်လျက်ရှိကြောင်း မြိုင်မြို့နယ် တာဝန်ခံက အကြံပြု ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

# မြောင်းမြခရိုင်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အဌမအကြိမ်မြောက်အစည်းအဝေးကျင်းပ



မြောင်းမြခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ်လ ၂၉ ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေး ခန်းမတွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် မြောင်းမြခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ(ခရိုင်အုပ်ချုပ်ရေးမှူး)ကိုယ်စား အတွင်းရေးမှူး ဦးတိုးလွင်(ခရိုင်ဦးစီးမှူး)က အဖွင့် အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြရာ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေသိကောင်းစရာ အချို့ကိုထုတ်နုတ်ဆွေးနွေးခြင်း၊ CICC ရုံးတွင် လာရောက် တိုင်ကြားမှုများအား စေ့စပ် ဖျန်ဖြေပေးခဲ့မှုများနှင့် Market Surveillance ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၂၉ဦးတက်ရောက်ကြောင်း သတင်းရရှိပါသည်။

**တိုးလွင်(မြောင်းမြ)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်
# စီးပွားရေး အကြံပေး ဟောကိန်း
## ၄-၉-၂၀၁၇ မှ ၁၀-၉-၂၀၁၇ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အရောင်းအဝယ်လုပ်ငန်းကိစ္စများအောင်မြင်မည်။ ခရီးယာယီသွားလာနေရတတ်သည်။ ငွေကုန်ကြေးကျများနေတတ်သည်။ မကြာခဏခိုက်ရန်ဒေါသဖြစ်ရခြင်း၊ ရန်အနှောင့်အယှက်များကြောင့် စိတ်သောကရောက်ရတတ်ပါသည်။ ပညာရေးတွင်အခက်အခဲများနှင့် ကြုံတွေ့ရတတ်သည်။ အချစ်ရေးသာယာဖြောင့်ဖြူးနေမည်။ ကျန်းမာရေးတွင် အာရုံကြောနှင့်ဆိုင်သော ရောဂါဖြစ်ပွားတတ်သည်။ **ယတြာ။ ။အရှေ့မြောက်ထောင့်တွင်ရှိသော ဘုရားတွင် သစ်သီးဆွမ်းကပ်လှူ၍ လိုရာဆုတောင်းပါ။**



**တနင်္လာသားသမီးများအတွက်** အလုပ်အကိုင်နေရာထိုင်ခင်းပြောင်းရွှေ့ရတတ်သည်။ စိတ်လိုက်မာန်ပါ လုပ်မိပါကပြဿနာနှင့်ရင်ဆိုင်ရတတ်သည်။ ပညာရေးကောင်းမည်။ အခက် အခဲရှိသော်လည်းကျော်လွှားနိုင်မည်။ ကျန်းမာရေးအထူးဂရုစိုက်ပါ။ စိတ်ဖိစီး မှုများကြောင့် ရောဂါဝင်လာတတ်သည်။ အစာအိမ်ရောဂါဖြစ်တတ်သည်။ ခွဲစိတ်မှုကြုံတတ်သည်။

**ယတြာ။ ။အရှေ့ထောင့်တွင်ရှိသော မြတ်စွာဘုရားအား ရည်စူး၍ သောက်တော်ရေကြည်ကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင်အကြံအစည်များအောင်မြင်နေမည်။ ပညာရေးတွင် ထူးချွန်မည်။ ဘွဲ့ထူးဂုဏ်ထူးရရှိမည်။ ခရီး ယာယီများနေမည်။ ချစ်သူနှင့်ဝေး နေရတတ်သည်။ အိမ်ထောင်ရေးတွင် သားသမီး၊ ဇနီးမယားအတွက် စိတ်သောကဖြစ်ရတတ်သည်။ ကျန်းမာရေးတွင် မျက်စိကိုဂရုစိုက်ပါ။ ဥပဒ်အန္တရာယ်ဖြစ်တတ်သည်။

**ယတြာ။ ။အရှေ့တောင်ထောင့်အရပ်တွင်ရှိသော မြတ်စွာဘုရားအား သာကူလှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်အကိုင်အရောင်းအဝယ်ဆက်လက်ကောင်းမွန်နေမည်။ အတတ်နိုင်ဆုံးဒေါသကို ထိန်းချုပ်ပါ။ အောင်မြင်မှုများရရှိမည် ဖြစ်ပါသည်။ ပညာရေးတွင် ဝေးမြေရပ်ခြား၌ ပညာသင်ခွင့်ရတတ်သည်။ အချစ်ရေးတွင် ချစ်သူများဝိုင်းဝိုင်းလည်နေပြီး ရွေးချယ်ရခက်နေတတ်သည်။ ကျန်းမာရေးတွင်ဝမ်းဗိုက်နှင့် ပတ်သက်သောရောဂါများ ဖြစ်တတ်သည်။

**ယတြာ။ ။မြောင်းကူးတံတားလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အလုပ်အကိုင် အရောင်းအဝယ် အကြံအစည်များအောင်မြင်နေမည်။ ဝင်ငွေအထူးတိုးတက်ကောင်းမွန်နေမည်။ ဇွဲ၊ လုံ့လဝီရိယ အကျိုးခံစားရမည်။ အချစ်ရေးတွင် ပျော်စရာများကြုံတွေ့ခိုက် ပြိုင်ဘက်ပေါ်သဖြင့် စိတ်အနှောင့်အယှက်ဖြစ်ရတတ်သည်။ ကျန်းမာရေးတွင် မျက်စိ၊ နှလုံးနှင့် အစာအိမ်တို့ကိုဂရုစိုက်ပါ။ ဝေဒနာများဖြစ်ပေါ်တတ်သည်။

**ယတြာ။ ။ဘုရားတွင်ပေါက်ပေါက်ဆွမ်းလှူပါ။**



**သောကြာသားသမီးများအတွက်** အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်မည်။ ခရီး ယာယီများနေတတ်သည်။ ဝန်ထမ်းဖြစ်လျှင် အပြောင်းအရွှေ့ဖြစ်တတ်သည်။ ပညာရေးတွင် အထူးအောင်မြင်မှုရရှိလိမ့်မည်။ မိမိ၏စိတ်ကူးများအကောင်အထည်ဖော်ဖြစ်လိမ့်မည်။ ချစ်သူနှင့် တစ်နယ်စီခြားနေရတတ်သည်။ ကျန်းမာရေးတွင် အကြောနှင့်ပတ်သက်သောဝေဒနာခံစားရမှုရှိလာတတ်ပါသည်။ စိတ်ဖိစီးမှုများခြင်းကြောင့် ရောဂါလည်းရရှိတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူ၍ ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** ယခုကာလတွင် အပျော်အပါးအသုံးအစွဲများနေသဖြင့် လုပ်ငန်းစီးပွားရေး ထိခိုက်မှုများဖြစ်တတ်သည်။ ပြည်ပထွက်ကုန်ပစ္စည်းထက် မိမိပြည်တွင်းထွက်ကုန်ပစ္စည်းများပို၍ အကျိုးပေးကောင်းလိမ့်မည်။ ပညာရေးကောင်းမည်။ အချစ်ရေးတွင် ပြိုင်ဘက်များပေါ်လာတတ်သည်။ ကျန်းမာရေးတွင် ခန္ဓာကိုယ် ယားယံသော ဝေဒနာဖြစ်ပေါ်တတ်ပါသည်။ အရေပြားပွိုင်စင်ဖြစ်တတ်သည်။ **ယတြာ။ ။နဂါးရုံဘုရားတွင် နို့ဆွမ်းကပ်လှူပါ။**

# ဟသ်ာတမြို့ ပဒေသာဈေးနှင့် ဌေးဝင်းဈေးတို့မှ ဈေးစားသုံးသူရေးရာ အဖွဲ့ဝင်များအား စားသုံးသူအကာအကွယ်ပေးရေး သင်တန်းပို့ချ

ဟသ်ာတခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကြည်ဟန်နှင့်အဖွဲ့၊ ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာတင်ထွဋ်ဝေ၊ ဟသ်ာတခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒေါ်နှင်းမာလာဝင်းတို့သည် ဩဂုတ်လ ၃၀ ရက်တွင် ဟသ်ာတမြို့၊ ပဒေသာဈေး၊ ဈေးခေါင်းရုံးတွင် ပဒေသာဈေးနှင့် ဌေးဝင်းဈေးတို့မှ ဈေးစားသုံးသူရေးရာအဖွဲ့ဝင်များအား စားသုံးသူအကာအကွယ်ပေးရေးသင်တန်း ဖွင့်လှစ်ပို့ချခဲ့ပါသည်။ သင်တန်းကိုပဒေသာဈေးနှင့် ဌေးဝင်းဈေးတို့မှ ဈေးစားသုံးသူရေးရာ အဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါ သင်တန်းတွင် ခရိုင်ဦးစီးမှူး ဦးကြည်ဟန်က ဈေးစားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်းရသည့် အကြောင်းနှင့် ဈေး/ဈေးတန်း စားသုံးသူရေးရာအဖွဲ့ဝင်များ လိုက်နာရမည့် မူငါးချက်နှင့် တားမြစ်ထားသော ကုန်စည်များမရောင်းချရေး၊ စားသုံးသူများ နစ်နာမှုရှိပါက ဟသ်ာတခရိုင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာနသို့ တိုင်ကြားနိုင်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်း ဆွေးနွေးခဲ့ပြီး ဇရာဝတီတိုင်းဒေသကြီး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီမှ ထုတ်ပြန်သော ကြော်ငြာစာ(၁/၂၀၁၇) ပါ တားမြစ်ကုန်စည်စာရင်းကိုလည်း ဈေးစားသုံးသူရေးရာအဖွဲ့များသို့ ပေးအပ်ခဲ့ပါသည်။ ၎င်းအပြင် ဈေးစားသုံးသူရေးရာ အဖွဲ့ဝင်များ၏ သိရှိလိုသော အချက်များ၊ မေးမြန်းမှုများကို ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ တင်ထွဋ်ဝေနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဒေါ်နှင်းမာလာဝင်းတို့က ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။ **မောင်မောင်မြတ်ခိုင်**

# မကွေးခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၇) အစည်းအဝေးကျင်းပ

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို မကွေးမြို့ အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၊ အစည်းအဝေးခန်းမတွင် ဩဂုတ်လ ၂၉ ရက်က ကျင်းပခဲ့ရာ မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်အေးအေးမိုးက ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ရန်ပယ်ဈေးတွင် ကွင်းဆင်းစစ်ဆေးပြီးနောက် ဆွေမွန်ဦး မုန့်လုပ်ငန်းရှင်က အသေးစားစက်မှုလုပ်ငန်း လိုင်စင်လုပ်ဖို့အတွက် စုံစမ်းလာပါကြောင်း၊ လက်ဖက်ရည်ဆိုင်လုပ်ငန်းရှင်များ ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး၏ ဝိုင်းဝန်းဆောင်ရွက်ပေးမှုကြောင့် လုပ်ငန်းရှင်များ တက်ရောက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ချောက်မြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်ရှိ မြို့မဈေးများအား ကွင်းဆင်းစစ်ဆေးရာတွင် သက်တမ်းလွန်မုန့် လေးသောင်းကျော်ဖိုးကို သိမ်းယူခဲ့ပါကြောင်း၊ ကျောင်းများ၊ ကျေးရွာများသာမက မရောက်နိုင်သေးသည့် နေရာများသို့ ဗီနိုင်းများဖြင့် ရွှေ့လျားပြခန်းများ ဖွင့်လှစ်ပြီး အသိပညာပေးမှုကို တစ်နေရာပြီးတစ်နေရာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ တောင်တွင်း၊ မင်းဘူး၊ ပွင့်ဖြူ၊ သရက်၊ အောင်လံ၊ ပခုက္ကူ၊ ဂန့်ဂေါ၊ ဆောမြို့များတွင် တိုင်ကြားနိုင်သည့် စာတိုက်ပုံးများထားရှိပြီး CICC ရုံးများ ဖွင့်လှစ်သွားရန်စီစဉ် ထားရှိပါကြောင်း၊ ထုတ်ကုန်များတွင် ပါဝင်ရမည့် အချက်အလက်များအား ဗီနိုင်းများ ပြုလုပ်ပြီး ဈေးများတွင် ချိတ်ဆွဲနိုင်ပါက ထိရောက်မှုရှိမည်ဟု ယူဆပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များမှ ဝိုင်းဝန်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**

# တိုက်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများရှိ ကျောင်းအုပ်ဆရာ/ဆရာမကြီးများအား စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများသည် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဩဂုတ် ၃၁ ရက်တွင် တိုက်ကြီးမြို့နယ်၊ အ. ထ. က (အနော်ရထာခန်းမ)တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် တိုက်ကြီးမြို့နယ်၊ ပညာရေးမှူး ဒေါ်သိန်းကြည်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများပေါ်ပေါက်လာပုံ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ အကြောင်းအရာများ၊ ဆုံးရှုံးနစ်နာမှုရှိပါက လူကိုယ်တိုင်၊ စာ၊ ဖုန်း၊ Viber တို့ဖြင့် တိုင်ကြားနိုင်ပုံ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီ(၂)ရပ်တို့ဖွဲ့စည်းထားရှိမှု၊ စားသုံးသူပြည်သူများ၏ နေထိုင်မှုပုံစံပြောင်းလဲရန် လိုအပ်ပုံ၊ ရွေးချယ်ဝယ်ယူသုံးစွဲသည့် အလေ့အထ၊ အမှတ်တံဆိပ်အညွှန်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပုံ၊ စားသုံးသူများကို ဘေးဥပဒ်အန္တရာယ်ဖြစ်စေမည့် ကုန်စည်များကို တွေ့ရှိလျှင် သက်ဆိုင်ရာဌာနများကို သတင်းပေးပို့တိုင်ကြားသည့် အလေ့အထကောင်းများကို လုပ်ဆောင်သွားရန်လိုအပ်ပုံ၊ ဆရာ/ဆရာမများအနေဖြင့် New Generation ဖြစ်သည့် ကျောင်းသား/သူများအတွက် ရေရှည်မျှော်မှန်း၍ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း အသိပညာပေးရန်လိုအပ်ပုံ၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားလာသည့် ကုန်စည်/ ဝန်ဆောင်မှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပါတယ်။


ဆက်လက်၍ တိုက်ကြီးမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူး ဒေါက်တာ သန်းမြင့်က ကျန်းမာရေးနှင့် အစားအသောက်တို့ ဆက်စပ်နေမှုများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း/အမှုထမ်းများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ တိုက်ကြီးမြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ/ဆရာမများ စုစုပေါင်း ၃၅၀ ဦး တက်ရောက်ခဲ့ကြပါတယ်။

အလားတူ ဩဂုတ်လစတုတ္ထပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင်ကိုးနေရာ၊ အနောက်ပိုင်းခရိုင်တွင် ရှစ်နေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၆ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ရှစ်နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**အေးအေးခိုင် (စားသုံးသူ)ရန်ကုန်**

# pm;oHk;olrsm;tm; rawmf,mOfjyKjyifjcif;0efaqmifrI pD;yGm;a&;0efaqmifrIvkyfief;&Sifrsm; uif;&Sif;aomjcif;jzifh pm;oHk;olrsm;\ av;xm;yg



| နိုင်ဦး၊ မြင့်မြင့်ချို |

မြန်မာနိုင်ငံသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ရုပ်ပိုင်းဆိုင်ရာများ ဖြစ်သည့် လမ်း၊ တံတားများ ကောင်းလာသည်။ မိုဘိုင်း တယ်လီဖုန်းများကို နေရာအနှံ့ သုံးစွဲလျက်ရှိသည်။ ခေတ်မီ မော်တော်ကား အမျိုးမျိုးကို ဝယ်ယူသုံးစွဲလျက်ရှိကြသည်။ လမ်းတံတားများ ကောင်းလာ၍ ခရီးလမ်းများသွားလာမှု မြန်ဆန်လာသည်။ အချိန်အခါမရွေး၊ ရာသီဥတုမရွေး သွားလာနိုင်ပြီ ဖြစ်သည်။ လူတိုင်းနီးပါး တယ်လီဖုန်းများ ကိုင်လာနိုင်၍ သတင်းအချက်အလက်များ လျင်မြန်လာသည်။ သတင်းထူး၊ သတင်းဦးများကို သိလာရသည်။ မော်တော်ကားများလည်း ထို့အတူပင် ပြောင်းလဲသောစနစ်များကြောင့် လူများစွာတို့သည် မော်တော်ယာဉ်များကို ဝယ်ယူစီးနင်းလာကြသည်။ သူ့ထက်ငါ အပြိုင်အဆိုင်ပင် ပိုမို ကောင်းမွန်သောကားများကို အပြိုင်အဆိုင် ဝယ်ယူသုံးစွဲရန် အိပ်မက်မက်နေကြသည်။

ထိုသို့ အချိန်အတော်ကြာ မက်ခဲ့ရသော အိပ်မက်များသည် ခေတ်စနစ် အပြောင်းအလဲများကြောင့် မော်တော်ယာဉ်တစ်စီး ဝယ်ယူရရှိရေးအတွက် လမ်းပွင့်လာကြသည်။ စိတ်သွားတိုင်း ကိုယ်ပါပြီး ငွေရှိပါက ကောင်းပေ့၊ ခေတ်မီပေ့၊ နောက်ဆုံးပေါ် မော်တော်ကားများအထိ အလွယ်တကူ ဝယ်ယူလာနိုင်သည်။ လွတ်လပ် ဖွံ့ဖြိုးမှု၏ ပြယုဂ်အဖြစ်လမ်း၊ တံတားပေါင်းများစွာကို မြင်တွေ့နေရသည်။ ကားများသည် စက်ပစ္စည်းများဖြစ်၍ အချိန်ကြာလာသည်နှင့်အမျှ ပျက်စီးချို့ယွင်းမည်မှာ ဓမ္မတာပင် ဖြစ်သည်။

ထို့ကြောင့်ပင် ဝန်ဆောင်မှု လုပ်ငန်းရှင်များက မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ တစ်နည်းအားဖြင့် ကားဝပ်ရှော့များကို အပြိုင်အဆိုင် ဆောင်ရွက်လာကြသည်။ ဝန်ဆောင်မှု အမျိုးမျိုးကို လက်ကမ်းကြော်ငြာ များနှင့် မီဒီယာနည်းလမ်းပေါင်းစုံမှ အလုအယက် ကြေညာ၍ ဈေးကွက် ထိုးဖောက်နိုင်ရေးအတွက် ကြိုးစားလာကြသည်။ လုပ်ငန်းရှင် အများစုသည် စီးပွားရေး ကျင့်စဉ်များနှင့်အညီ မိမိဖောက်သည်များအား စိတ်ကျေနပ်သည်အထိ စေတနာပါပါ ဆောင်ရွက်ပေးလျက်ရှိနေသလို အချို့မှာမူ 'ဘယ်သူသေသေ ငတေမာလျှင်ပြီးရော' သဘောဖြင့် ဘနဖူးသိုက်တူးမည့် လုပ်ငန်းရှင်များလည်း ရှိနေသည်ကို မီဒီယာများ၊ ယာဉ်ပိုင်ရှင်များထံမှ ကြားသိနေရပါသည်။

အချို့ ကားဝပ်ရှော့များကတော့ စိတ်ချမ်းသာစရာ ဝန်ဆောင်မှုကို စားသုံးသူ စိတ်ကျေနပ်အောင် ဆောင်ရွက်ပေးသည်ကို တွေ့ရသည်။ ဆရာဝန်၏ လူနာဆေးမှတ်တမ်းကဲ့သို့ ကားကိုလည်း မှတ်တမ်းထားပြီး မည်သည့်နေရာတွင် မည်သည့်ပစ္စည်း အမျိုးအစားကို လဲလှယ်ပြီး (လဲလှယ်သည့်ပစ္စည်းပေါ်တွင်လည်း ကော်မရှင်ခ ထပ်မံ ကောက်ခံခြင်းမရှိ) မည်သည့် ပြင်ဆင်မှုပြုလုပ်ထားသည်၊ ကျသင့်ငွေမည်မျှကျသည် စသည်ဖြင့် ဖော်ပြထားပေးခြင်းဖြင့် နောက်တစ်ကြိမ်သွားရောက်ပြင်ဆင်ပါက ယခင်က မည်သို့ဆောင်ရွက်ထားသည်ကို ဝပ်ရှော့ဆရာကလည်း အလွယ်တကူသိရှိပြီး ပြဿနာကို အလွယ်တကူ ဖြေရှင်းနိုင်မည် ဖြစ်သည်။ ထိုဝန်ဆောင်မှုမျိုးကို ရန်ကုန်မြို့ သုဝဏ္ဏ မြို့နယ်ရှိ ကားဝပ်ရှော့တစ်ခုတွင် ဆောင်ရွက်ပေးလျက် ရှိသည်။ အခြား ကားဝပ်ရှော့များတွင် ပြင်ဆင်မည့် ကားမရှိဘဲ ယင်းကားဝပ်ရှော့မှာမူ ပြင်ဆင်မည့်ကားများ အမြဲပြည့်နေခြင်းသည် အလုပ်အပေါ် သစ္စာရှိခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်သည်။

ယနေ့ခေတ် မြန်မာနိုင်ငံတွင် မော်တော်ယာဉ်အစီးရေ များပြားလာပြီး ကွန်ပျူတာစနစ်သုံး မော်တော်ယာဉ်များလည်း ပါဝင်လာသည်။ သို့သော် မော်တော်ယာဉ် ပြုပြင် ထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်း တစ်နည်း အားဖြင့် ကားဝပ်ရှော့အများစုသည် ခေတ်မီသော လုပ်ငန်းသုံးပစ္စည်းများ မရှိသလောက် ရှားပါးခြင်း၊ လုပ်ငန်းရှင်များမှလည်း သတင်းအချက်အလက်များအား ရှင်းလင်းစွာ ဖော်ပြထားမှု မရှိခြင်း၊ စားသုံးသူမှ သတင်းအချက်အလက်ရယူရန် အားနည်းခြင်းကြောင့် စားသုံးသူများအနေဖြင့် အောက်ပါ ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ရလျက်ရှိပါသည်-

(က)လုပ်ငန်းရှင်များသည် ကတိကဝတ်ပြုထားသည့်အတိုင်း တာဝန်ယူ ဆောင်ရွက်ပေးမှု မရှိခြင်း။

( ခ )ခေတ်ဟောင်း ပြုပြင်ထိန်းသိမ်းရေး ကိရိယာများသာရှိ၍ ခေတ်မီယာဉ်များကို ပြင်ဆင်နိုင်မှု မရှိခြင်း။

( ဂ )ခေတ်မီ မော်တော်ယာဉ်များအား ပြင်ဆင်ပေးနိုင်သည့် ကျွမ်းကျင်လုပ်သား ရှားပါးခြင်း။

(ဃ) ပေးအပ်ထားသော ဝန်ဆောင်ခနှင့် အညီ ထိုက်တန်သော ဝန်ဆောင်မှုကို မရရှိခြင်း။

( င ) ခေတ်မီပြုပြင်ထိန်းသိမ်းရေး စက်ကိရိယာများ ရှားပါး၍ 'ခုတ်ရာတခြား၊ ရှရာတခြား' လက်ပူတိုက် ပြင်ဆင်ပေးနေ၍ ပိုမို ငွေကြေး ကုန်ကျခြင်း၊ စိတ်ဆင်းရဲရခြင်း။

( စ )ခေတ်မီ ယာဉ်အပိုပစ္စည်းများ ရှားပါးသဖြင့် မူရင်းကုမ္ပဏီ သတ်မှတ် ဈေးနှုန်းများထက် ပိုမိုဈေးကြီးပေး ဝယ်ယူရခြင်း။

(ဆ)ပြီးစီးရမည့် သတ်မှတ်ရက်ချိန်းအတိုင်း ပြီးစီးမှု မရှိခြင်း၊ ရက်ချိန်းမမှန်ခြင်း။

စားသုံးသူများသည် အထက်ပါ အတိုင်း ကြုံတွေ့ရလျက်ရှိသော်လည်း မြန်မာ့စိတ်ရင်းအတိုင်း သည်းခံကြသည်။ တိုင်တန်း၍ လုပ်ငန်းရှင်များ စီးပွားပျက်မည်ကို မလိုလားပေ။ သို့သော် စီးပွားရေး ကျင့်ဝတ်နှင့်အညီ မဆောင်ရွက်သော လုပ်ငန်းရှင်တစ်ဦးကြောင့် အခြားသမာသမတ်ကျသော၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော လုပ်ငန်းရှင်များ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်မှာ စိုးရိမ်မိပါသည်။

မကြာသော အချိန်ကလည်း မိတ်ဆွေများထံမှ အောက်ပါဖြစ်စဉ်များ ဖြစ်ခဲ့ကြောင်း စိတ်မကောင်းဖွယ် သိရှိခဲ့ရပါသည်-

(က) စားသုံးသူတစ်ဦးသည်၎င်း၏ ကုန်တင်ယာဉ်အောက်ပိုင်းမှ ပွတ်တိုက်သံကြားရ၍ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေး စင်တာတစ်ခုထံ ပြသခဲ့သည်။ ၎င်းကသန့်ရှင်းရေးလုပ်၊ ချောဆီထည့်ကာ ဘရိတ်အုံကို ထိန်းညှိပေးခဲ့သည်။ စားသုံးသူက ဝန်ဆောင်ခ ကျပ် ၇၀၀၀၀ ပေးခဲ့ရသည်။ သို့သော် ကားသည် ကောင်းမလာဘဲ ပွတ်တိုက်သံ ကြားရရုံမက ဒရွတ်တိုက်ဆွဲသလို ဖြစ်နေ၍ အခြားပြုပြင် ထိန်းသိမ်းရေးစင်တာသို့ သွားပြခဲ့သည်။ ၎င်းကဘရိတ်နှင့် ပတ်သက်၍ ပြင်ဆင်မှုများ ပြုလုပ်ခဲ့ခြင်း ရှိ/မရှိကို မေးမြန်း၍ မူလစင်တာသို့ ပြန်ပြရန်ပြောသဖြင့် မူလစင်တာတွင် ဘရိတ်အုံလဲလှယ်တပ်ဆင်ခြင်းကို ဆောင်ရွက်ခဲ့ရာ ကျပ် ၂၅၀၀၀၀ ထပ်မံပေးခဲ့ရသည်။ ပထမအကြိမ် ပြင်ဆင်စဉ်က သေချာစွာ ပြင်ဆင်မပေး၍ ဒုတိယ အကြိမ်ပြင်ဆင်ခကို မပေးသင့်ကြောင်း (သို့မဟုတ်) လျှော့ဈေးဖြင့် ပေးလိုကြောင်း မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးစင်တာမှ ကြော်ငြာထားသော အာမခံချက်၊ ပထမနှင့် ဒုတိယပြင်ဆင်ကုန်ကျငွေ ဖြတ်ပိုင်းများနှင့်အတူ စားသုံးသူက တောင်းဆိုသောအခါ လုပ်ငန်းရှင်က ပထမပြင်ဆင်ပေးခဲ့ကြောင်း၊ နောက်ပိုင်းမှသာ ပျက်သွားကြောင်း အကြောင်းပြသည်။ စားသုံးသူ စိတ်အနှောင့်အယှက်ဖြစ်မှုအတွက် တောင်းပန်ခဲ့ပြီး ဒုတိယအကြိမ်အတွက် ပြင်ဆင်မှုတွင် ဝန်ဆောင်ခ မယူဘဲ ပစ္စည်းအတွက် ကုန်ကျစရိတ်ကိုသာ စားသုံးသူထံမှ ရယူခဲ့သည်။ စားသုံးသူအနေဖြင့် မိမိသွားရောက်ပြုပြင်သည့် စင်တာ၏ ဝန်ဆောင်မှုအား သေချာစွာ နားလည်သဘောပေါက်ရန်၊ လေ့လာထားရန် လိုအပ်ပါသည်။

( ခ )နောက်ထပ် စားသုံးသူတစ်ဦးသည် ၎င်း၏ မော်တော်ယာဉ်ကို ဆေးသုတ်ခြင်း၊ ကိုယ်ထည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် ကုန်ကျငွေကျပ် ၁၂ သိန်းပေးခဲ့သည်။ ငွေပေး ဖြတ်ပိုင်းတွင် နောက်တစ်ကြိမ် လာရောက် ပြုပြင်ပါက ဝန်ဆောင်ခ ၂၀ ရာခိုင်နှုန်း လျှော့၍ ဝန်ဆောင်မှုပေးမည်ဟု ရေးသားထားသော်လည်း နောက်တစ်လခန့်အကြာတွင် အင်ဂျင်ပိုင်း ချို့ယွင်း၍ ပြင်ဆင်ရာ ကျပ်လေးသိန်း ကုန်ကျသည်။ ယခင်ငွေပေး ဖြတ်ပိုင်းကိုပြ၍ ၂၀ ရာခိုင်နှုန်းလျှော့ပေးရန် တောင်းဆိုရာ လုပ်ငန်းရှင်က ဝန်ဆောင်မှုအတွက် ၂၀ ရာခိုင်နှုန်း လျှော့ပေးခြင်းသည် ကိုယ်ထည်ပိုင်း ပြင်ဆင်မှုအတွက်သာဖြစ်ပြီး စက်ပစ္စည်းပိုင်း ပြင်ဆင်မှုအတွက် အကျုံးမဝင်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ထို့ကြောင့် စားသုံးသူအနေဖြင့် မည်သည့် ဝန်ဆောင်မှုမျိုးကိုမဆို ရရှိပါကအဆိုပါ ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား အပြည့်အဝရယူရန် လိုအပ်ပါသည်။

အထက်ပါ ဖြစ်စဉ်များသည် အဖြစ်အပျက်ပေါင်း မြောက်များစွာထဲမှ အချို့ကိုသာ တင်ပြခြင်း ဖြစ်ပါသည်။ လုပ်ငန်းရှင်နှင့် စားသုံးသူများသည် တစ်ဦးနှင့်တစ်ဦး အမှီသဟဲပြုနေကြသူများဖြစ်ကြသည်။ လုပ်ငန်းရှင်များဘက်မှ ကြော်ငြာထားသော ကတိကဝတ်ပြုထားသော အချက်အလက်များနှင့်အညီ စေတနာအပြည့်ထား၍ ရရှိသော ဝန်ဆောင်ခနှင့်အညီ ထိုက်တန်သော ဝန်ဆောင်မှုကို အပြည့်အဝပေးအပ်ရန် လိုသလို စားသုံးသူများဘက်မှလည်း သတိထား စုံစမ်းမေးမြန်းပြီးမှသာ လုပ်ငန်းများ အပ်နှံသင့်ပါသည်။

စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းပေးရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄)ကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ စားသုံးသူများအနေဖြင့် စားသုံးသူ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကိုကုစားဖြေရှင်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်များတွင် ပညာပေးဟောပြောဆွေးနွေးခြင်း၊ စစ်ဆေးပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍လည်း တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်များရှိ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များထံ ဖြစ်စေ၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) များသို့ဖြစ်စေ အလွယ်တကူ တိုင်ကြားနိုင်ရန် ရင်းနှီးဖော်ရွေစွာ ဖိတ်ခေါ် အပ်ပါသည်။ တိုင်ကြားလာမှုများနှင့် ပတ်သက်၍ အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ် ပြုပြင် ထိန်းသိမ်းရေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်သော လုပ်ငန်းရှင်များသည် ကြော်ငြာအရောင်း မြှင့်တင်ရေးတို့တွင် ဖော်ပြထားသော အာမခံချက်များ အတိုင်း၊ ကတိကဝတ်များအတိုင်း၊ သတင်းအချက်အလက်များအတိုင်း စားသုံးသူများအား အပြည့်အဝဝန်ဆောင်မှုပေးခြင်းဖြင့် စားသုံးသူ ဖောက်သည်များ၏ ယုံကြည်စိတ်ချရမှုကို ရယူကာ တစ်ခါဆက်ဆံ ရာသက်ပန်ဆိုသကဲ့သို့ မှန်ကန်သော၊ မျှတသော၊ ကျင့်ဝတ်နှင့်ညီညွတ်သော ဝန်ဆောင်မှု လုပ်ငန်းဖြစ်အောင် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကန့်သတ်ချက်များ ဖြေလျှော့ခြင်းမရှိဘဲ ဘဏ်နှင့် အစုရှယ်ယာရှင်များအတွက် အကျိုးမရှိပါက YSX မှ ပထမပုဂ္ဂလိကဘဏ် နုတ်ထွက်မည်

ကန့်သတ်ချက်များ ဖြေလျှော့ခြင်းမရှိဘဲ ဘဏ်နှင့် အစုရှယ်ယာရှင်များအတွက် အကျိုးမရှိပါက ပထမပုဂ္ဂလိကဘဏ်အနေဖြင့်YSX မှ နုတ်ထွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပထမပုဂ္ဂလိကဘဏ်အနေဖြင့် YSX သို့ စတင်ဝင်ရောက်ပြီးချိန်တွင် ရှယ်ယာဈေးတည်ငြိမ်ရန်အတွက် ပြန်လည်ဝယ်ယူလိုသော်လည်း share buy back ပြုလုပ်၍ မရကြောင်း၊ ထို့အပြင် စတော့အိတ်ချိန်းမှ ဝယ်ယူထားသည့် ရှယ်ယာကို စပယ်ရှယ်အကောင့်ရှယ်ယာထံသို့ လွှဲပြောင်းရန်အတွက် YSX ၏ကန့်သတ်ချက်များအရ ပြုလုပ်၍မရကြောင်း သိရသည်။

"YSX ကိုဝင်ရတာက ရည်ရွယ်ချက်နှစ်ခုရှိတယ်။ တစ်ခုက အစုရှယ်ယာရှင်တွေ ငွေလိုတဲ့အခါ ငွေဖော်နိုင်အောင်နဲ့ နောက်တစ်ခုက ရန်ကုန်စတော့အိတ်ချိန်းတိုးတက်ဖွံ့ဖြိုးလာအောင် ရည်ရွယ်ပြီးဝင်ခဲ့တာ။ အဲဒီ့အတွက် ကောင်းကျိုးအနေနဲ့ YSX က သတ်မှတ်တဲ့စံနှုန်းပြည့်မှဝင်ရတာ ဖြစ်တဲ့အတွက် စံမီတဲ့ဘဏ်တော့ဖြစ်သွားတယ်။ ဒါပေမယ့် ရှယ်ယာဈေးကို မထိန်းချုပ်နိုင်ဘူးဖြစ်သွားတယ်။ အဲဒီလိုရှယ်ယာဈေးကွက်ကို မထိန်းချုပ်နိုင်မှာစိုးလို့ ဘဏ်အနေနဲ့ ရှယ်ယာပြန်ဝယ်တာ၊ YSX မှာဝင်ထားတဲ့ ရှယ်ယာကို စတော့အိတ်ချိန်းမဝင်တဲ့ စပယ်ရှယ်အကောင့်ရှယ်ယာသမားဆီ ပြန်လွှဲတာတွေ လုပ်လို့မရဘူးဖြစ်နေတယ်။အဲဒါကလည်း YSX ရဲ့ စည်းကမ်းသတ်မှတ်ချက်တွေကြောင့်ပါ။ တကယ်လို့ အဲဒီစည်းကမ်းသတ်မှတ်ချက်တွေကို ဖြေလျှော့မပေးဘဲ ဘဏ်အတွက်ရော အစုရှယ်ယာရှင်တွေအတွက်ပါ ဆက်ပြီး နစ်နာမှုတွေရှိနေမယ်ဆိုရင်တော့ YSX ကနေ Delist လုပ်သွားမှာပါ။ အခုချက်ချင်းကြီး Delist လုပ်မယ်ဆိုတဲ့ သဘောမဟုတ်ပါဘူး။ သူတို့ဘက်က တင်းကျပ်ထားတာတချို့ ဖြေလျှော့ပေးတယ်ဆိုရင် ဆက်ရှိနေဦးမှာပါ"ဟု ပထမပုဂ္ဂလိကဘဏ် ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်က ပြောသည်။

ပထမပုဂ္ဂလိကဘဏ်၏ ရှယ်ယာအမြတ်ဝေစုမှာ ပြီးခဲ့သည့်နှစ်ကထက် လျော့နည်းသွားပြီး ယခုနှစ်အတွက် ရှယ်ယာအမြတ်ဝေစုခွဲဝေရာတွင် ယခင်နှစ်ထက် လျော့နည်းမှုမရှိစေရန် သီးသန့်ဖယ်ထားသည့်ရံပုံငွေမှ စိုက်ထုတ်ရကြောင်း သိရသည်။

လက်ရှိတွင် YSX သို့ဝင်သည့် ရှယ်ယာရှင်မှာ ၂၁ ဒသမ ၀၇ ရာခိုင်နှုန်းသာရှိကြောင်း၊ ယင်းအတွက်ကြောင့် နှစ်ဦးနှစ်ဖက် (ဘဏ်နှင့်ရှယ် ယာရှင်များအတွက်) အကျိုးမရှိပါက YSX မှ Delist လုပ်ခွင့်နှင့် ဥပဒေတစ်ရပ်ဖြစ်ပေါ်လာပါက ဘဏ်မှတရားဝင် Share Buy Back ပြုလုပ်ခွင့် တို့ ရရှိစေရန် အစုရှယ်ယာရှင်များထံမှ ကြိုတင်သဘော တူညီချက်တောင်းခံခဲ့ကြောင်း သိရသည်။

**ချောစု**

# ဟီတာချီက အိန္ဒိယ၊ အာရှနှင့် အရှေ့အလယ်ပိုင်းဒေသများအတွက် TX TX TX စီးရီး စက်လှေကားအသစ်များကို မိတ်ဆက်

ဟီတာချီလီမိတက်နှင့် ဟီတာချီဆောက်လုပ်ရေးစနစ် ကုမ္ပဏီတို့က အိန္ဒိယ၊ အာရှနှင့်အရှေ့ အလယ်ပိုင်းတို့အတွက် TX TX TX စီးရီး စက်လှေကားအသစ်များကို မိတ်ဆက်လိုက်ပြီဖြစ်သည်။

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ဟီတာချီသည် ၎င်း၏စက်လှေကား လုပ်ငန်းများကို ပြီးပြည့်စုံစေရန်အတွက် ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ အရင်းအမြစ်များကို စုစည်းပြီး အဆိုပါ နှစ်နိုင်ငံစလုံးတွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ စီမံကိန်းများကိုတိုးမြှင့်ခဲ့ကာ တရုတ်နိုင်ငံ၊ ကွမ်ကျိုးဒေသကို အဓိကနေရာအဖြစ် အခြေပြုခဲ့ပါသည်။

ဟီတာချီက မိတ်ဆက်လိုက်သော TX TX TX စီးရီးစက်လှေကားအသစ်သည်တရုတ်၊ အိန္ဒိယ၊ အာရှနှင့် အရှေ့ အလယ်ပိုင်းဒေသများ၏ သတ်မှတ်ချက်အမျိုးမျိုးကို ပြည့်မီနိုင်မည့် ပုံစံအသစ်ဖြစ်ပါသည်။ အဆိုပါပုံစံသည် ၂၀၁၆ခုနှစ် စက်တင်ဘာလက စတင်မိတ်ဆက်ခဲ့သော အာရှနှင့် အရှေ့ အလယ်ပိုင်းအတွက် ထိန်းချုပ်ခန်းမဲ့ ဓာတ်လှေကားနှင့် အခြေခံအချက်များ အလားသဏ္ဍာန်တူညီသည်။

စက်လှေကားသုံး ကိရိယာများအတွက် တရုတ်နိုင်ငံ၏ လုံခြုံရေးနှင့် အရည်အသွေး သတ်မှတ်ချက်များနှင့် ကိုက်ညီနိုင်စေရန် TX TX TX စီးရီးများကို ဟီတာချီ၏ကိုယ်ပိုင် တင်းကျပ်သော လုံခြုံရေးနှင့်အရည်အသွေးသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်သွားမည်ဖြစ်ပြီး အခြားဒေသများ၏ လုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် လည်းပြည့်မီစေမည်ဖြစ်ပါသည်။ အသုံးပြုသူများ သက်သောင့်သက်သာရှိစေရန်နှင့် အမြဲတမ်းသတိရစေနိုင်မည့် စက်လှေကား ဖြစ်လာစေမည့်ပုံစံကို အခြေခံ၍ အဆိုပါစက်လှေကားများကို ပုံစံရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။

TX TX TX စီးရီးများကို အမျိုးမျိုးသော ထုတ်ကုန်အရည်အသွေးများနှင့် အတူ ဝယ်ယူသူ၏မတူညီသောလိုအပ်ချက်များအပေါ် မူတည်၍ ရောင်းချပေးနိုင်ရန်ပုံစံရေးဆွဲထားသော အကောင်းဆုံးဒီဇိုင်းနှင့် လုံခြုံရေးဆိုင်ရာ အချက်အလက်များဖြင့် ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စက်လှေကားများသည် လက်ရှိအသုံးပြုနေသော စက်လှေကားများနှင့် နှိုင်းယှဉ်လျှင် နေရာအနည်းငယ်သာ လိုအပ်သဖြင့် အသုံးပြုသူများ အကြိုက်တွေ့စေမည်ဖြစ်ကြောင်း ဟီတာချီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**မယ်သီတာ**

လက်ခတ်သံ မြန်မာ



BRITISH COUNCIL

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC

# မြန်မာ့ရိုးရာ ရက်ကန်းထည်ဆိုင်ရာ လက်ခတ်သံ ပြပွဲကျင်းပမည်

ဗြိတိသျှကောင်စီနှင့် Swiss Agency for Development and Cooperation, Embassy of Switzerland တို့ပူးပေါင်း၍ "လက်ခတ်သံ" ပြပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကျင်းပရခြင်းမှာ မြန်မာ့ရိုးရာရက်ကန်းထည်များ၏ အခန်းကဏ္ဍကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထင်ရှားစေရန်၊ အမျိုးသမီး ရက်ကန်းပညာရှင်များအတွက် ဆန်းသစ်သော စီးပွားရေးလုပ်ငန်းပုံစံသစ်များ ဆွေးနွေးရှာဖွေကြရန်နှင့် မြန်မာ့ရိုးရာရက်ကန်းထည်ကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ပိုမိုကောင်းမွန်သောအဖြေများ ရှာဖွေကြရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်သည်။

ထို့အပြင် ဗြိတိသျှကောင်စီနှင့် Swiss Agency for Development and Cooperation, the Embassy of Switzerland တို့၏ ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သော "လက်ခတ်သံ"ဟု အမည်ပေးထားသည့် သုံးနှစ်တာ မြန်မာ့ရိုးရာရက်ကန်းထည်ဆိုင်ရာစီမံချက်ကို စတင်မိတ်ဆက်သည့် အခမ်းအနားတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသည်မြန်မာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် Royal College of Art (UK) မှ ကျောင်းသားများနှင့်ဒေသခံ သုတေသီတို့ ကွင်းဆင်းလေ့လာမှုမှ စုဆောင်းခဲ့သော ဒေသဆိုင်ရာရက်ကန်းထည်များနှင့် အရှေ့တောင်အာရှရှိ လက်မှုပညာရှင် အမျိုးသမီးများအတွက် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို တင်ပြခြင်းတို့ပါဝင်ခဲ့သော လန်ဒန်ပြပွဲ (မေလ၌ လန်ဒန်တွင် ကျင်းပခဲ့သော "On the Line: New perspectives on craft in Southeast Asia exhibition in London")၏ နောက်ဆက်တွဲ ပြပွဲတစ်ခုလည်းဖြစ်သည်။

ပြပွဲ၏ ပထမနှစ်ရက်တွင် မြန်မာ့အထည်အလိပ်နှင့် ယဉ်ကျေးမှုရိုးရာ ဝိသေသများ၊ ရိုးရာအထည်အလိပ်များအတွက် ဈေးကွက်အသစ်များ၊ အမျိုးသမီးများ စွမ်းရည်မြှင့်တင်ခြင်းနှင့် စွန့်ဦးတီထွင်ခြင်းများကိုသက်ဆိုင်ရာ ပညာရှင်များက ဆွေးနွေးသွားမည်ဖြစ်ပြီး လာရောက်ကြည့်ရှုလိုသူများအတွက် မနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# သီတင်းကျွတ်ရုံးပိတ်ရက်ကာလများတွင် ရပ်ဝေးမှ မိသားစုနှင့် ဆုံဆည်းရန်အတွက် အိမ်ပြန်မည့်သူ ၁၀၀၀ အား အိုဗာတင်းက အခမဲ့ခရီးစဉ်များစီစဉ်ပေးမည်

သီတင်းကျွတ်ရုံးပိတ်ရက်ကာလများတွင် ရပ်ဝေးမှ မိသားစုနှင့် ဆုံဆည်းရန်အတွက် အိမ်ပြန်မည့်သူ ၁၀၀၀ အား အိုဗာတင်းက အခမဲ့ခရီးစဉ်များ စီစဉ်ပေးမည်ဖြစ်ကြောင်း စက်တင်ဘာ ၁ ရက်က လှည်းတန်းစင်တာတွင် ကျင်းပခဲ့သည့် အခမ်းအနားမှသိရသည်။

အဆိုပါအစီအစဉ်ကို "အိုဗာတင်း၏ ဝါကျွတ်အိမ်ပြန်ခရီးစဉ်" ဟု အမည်ပေးထားပြီး ဇာတိမြေသို့ပြန်ရန် အခမဲ့ကားလက်မှတ်များ ရရှိနိုင်သည့်ကံစမ်းမဲ အစီအစဉ်ကို စက်တင်ဘာ ၁ ရက်မှ ၂၄ ရက်အထိ ပြုလုပ်ပေးမည်ဖြစ်သည်။

အဆိုပါအစီအစဉ်မှာ အိုဗာတင်းမှ သတ်မှတ်ထားသည့် မြို့များသို့ ပြန်မည့်သူများအတွက် အသွားအပြန် ကားလက်မှတ်များကို အိုဗာတင်းရဲ့ မေတ္တာလက်ဆောင် ဝါကျွတ်အိမ်ပြန်ခရီးစဉ်အဖြစ် မဲနှိုက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်က ဇာတိမြေပြန်ချင်ပေမယ့် အခက်အခဲဖြစ်နေမဲ့သူတွေအတွက် ကံစမ်းပေးတာပါပဲ။ ခရီးစဉ် တစ်လျှောက်မှာလည်း အစားအသောက်အတွက်ပါ တာဝန်ယူပေးမှာပါ။ သတ်မှတ်ထားတဲ့ မြို့ကြီးတောက်လျှောက်မှာရှိတဲ့ မြို့တွေကိုပါ ပို့ပေးမှာပါ။ ကားလက်မှတ်ကလည်း အသွားအပြန်စီစဉ်ပေးတာပါ။ ဒီအစီအစဉ်မှာ ပါဝင်ဖို့အတွက်လည်း ဘာပစ္စည်းမှဝယ်စရာ မလိုပါဘူး"ဟု အိုဗာတင်းမြန်မာ၏ Consumer Marketing Manager Mr.Win Suthirachartku က ပြောသည်။

အိမ်အပြန်ခရီးစဉ် ကံစမ်းရန်အတွက် စက်တင်ဘာ ၁ ရက်တွင် လှည်းတန်းစင်တာ၊ ၂ ရက်နှင့် ၃ ရက်တွင် စံရိပ်ငြိမ်ဝမုန်းပွင့်၊ ၉ ရက်နှင့် ၁၀ ရက်တွင် လှည်းတန်းစိန်ဂေဟာ၊ ၁၆ ရက်နှင့် ၁၇ ရက်တွင် Junction Square၊ ၂၃ ရက်နှင့် ၂၄ ရက်တွင် သာကေတ Capital Hypermarket တို့တွင်ပြုလုပ်မည့် အိုဗာတင်း roadshow ကောင်တာများတွင် ဝင်ရောက်ကံစမ်းနိုင်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်မြို့တွင်းနေထိုင်သူများအတွက်လည်း ဝါကျွတ်အိမ်ပြန်ခရီးစဉ်တွင် ပါဝင်နိုင်စေရန် စက်တင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် YBS ယာဉ်လိုင်း ခုနစ်လိုင်း (၄၊ ၂၁၊ ၂၆၊ ၂၉၊ ၃၆၊ ၁၉၊ ၅၇) ကို အခမဲ့စီးနင်း၍ မိမိတို့နေအိမ်သို့ ပြန်နိုင်ရန်စီစဉ် ပေးထားကြောင်း သိရသည်။

**မယ်သီတာ**



# မြို့ကြီးများ၏ ၄-၉-၂၀၁၇ မှ ၈-၉-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၄-၉-၂၀၁၇) | အင်္ဂါ(၅-၉-၂၀၁၇) | ဗုဒ္ဓဟူး(၆-၉-၂၀၁၇) | ကြာသပတေး(၇-၉-၂၀၁၇) | သောကြာ(၈-၉-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၇၀% ၃၁°C/၈၇°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၄°F |
| ရန်ကုန်မြို့ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| မန္တလေးမြို့ | ၇၀% ၃၂°C/၉၀°F | ၇၀% ၃၂°C/၉၀°F | ၇၀% ၃၂°C/၈၉°F | ၆၀% ၃၁°C/၈၈°F | ၆၀% ၃၀°C/၈၆°F |
| မြစ်ကြီးနား | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၂°F |
| လားရှိုး | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၄°C/၇၆°F |
| ကျိုင်းတုံ | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၆°C/၇၉°F |
| လွိုင်ကော် | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၈°F | ၆၀% ၂၆°C/၇၈°F |
| တောင်ကြီး | ၆၀% ၂၂°C/၇၂°F | ၇၀% ၂၃°C/၇၄°F | ၆၀% ၂၄°C/၇၃°F | ၇၀% ၂၄°C/၇၄°F | ၆၀% ၂၂°C/၇၂°F |
| မော်လမြိုင် | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၅°F |
| ဘားအံ | ၉၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| တောင်ငူ | ၉၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၇၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၄°F |
| မုံရွာ | ၈၀% ၃၃°C/၉၁°F | ၇၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၆၀% ၃၃°C/၉၁°F | ၈၀% ၃၀°C/၈၆°F |
| ပုသိမ် | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၇၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| မြိတ် | ၇၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၄၀% ၂၉°C/၈၅°F | ၅၀% ၂၉°C/၈၅°F | ၄၀% ၂၉°C/၈၅°F |
| စစ်တွေ | ၆၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| မကွေး | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| ဖလမ်း | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၄°F | ၆၀% ၂၃°C/၇၃°F |

# ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေသဖြင့် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာ

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေသဖြင့် ပါကစ္စတန်နိုင်ငံအစိုးရက အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာထားကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ၏ တောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် ကရာချိမြို့တွင် ဩဂုတ် ၂၈ ရက်က တည်းက မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိရာ ဆက်လက်ရွာသွန်းမည်ဟု ခန့်မှန်းထားသဖြင့် ပါကစ္စတန်အစိုးရက ယခုကဲ့သို့ အရေးပေါ်အခြေအနေကြေညာခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

ပါကစ္စတန်အစိုးရက ရေလွှမ်းမိုးသည့်ဒေသများသို့ အကူအညီပေးရန် စစ်သားများကို စေလွှတ်ထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုသည် ကရာချိမြို့သာမက တစ်နိုင်ငံလုံးတွင် ရွာသွန်းလျက်ရှိသည်ဟုဆိုသည်။

ပါကစ္စတန်မိုးလေဝသဌာနက နိုင်ငံအနှံ့အပြားတွင် မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း၊ အချို့သောဒေသများတွင် မိုးကြီးနိုင်ကြောင်း၊ နောက် ၂၄နာရီအတွင်း ကရာချိမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းလိမ့်ဦးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိပြီး ကရာချိမြို့တွင် လူ ၂၀ ဦးသေဆုံးခဲ့ရပြီဖြစ်သည်ဟုဆိုသည်။

ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသဖြင့် လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ နှောင့်နှေးလျက်ရှိကြောင်း၊ မိုးသည်းထန်မှုသည် ကရာချိမြို့ကို အဆိုးရွားဆုံး ထိခိုက်စေလျက်ရှိကြောင်း အာဒူသတင်းတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသဖြင့် မီးရထားလမ်းများ၊ ကားလမ်းများ ရေကျော်လျက်ရှိသဖြင့် မွတ်ဆလင်ဘာသာဝင်တို့၏ ပွဲတော်ရက်ဖြစ်သည့် စက်တင်ဘာ ၂ ရက်တွင် ကရာချိမြို့၌ အလုပ်လာရောက်လုပ်ကိုင်သူများမှာ ၎င်းတို့၏ နေရပ်များသို့ ပြန်ရန် အခက်အခဲများရှိနေကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ယခုကဲ့သို့ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေဦးမည်ဆိုပါက ကရာချိမြို့တွင် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်သွားနိုင်ပြီး စီးပွားရေး အခက်အခဲများ ဖြစ်ပေါ်လာနိုင်မည်ကို စိုးရိမ်လျက်ရှိသည်။

**မယ်သီတာ**



# အင်ဒိုနီးရှားနိုင်ငံ စူမားတြားကျွန်းတွင် အင်အားပြင်းငလျင် လှုပ်ခတ်

အင်ဒိုနီးရှားနိုင်ငံ စူမားတြားကျွန်းတွင် စက်တင်ဘာ ၁ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ကြောင်း ဂျကာတာပို့စ်သတင်းတွင် ဖော်ပြထားသည်။ အင်အားပြင်းငလျင်သည် ဂျကာတာမြို့၏ အနောက်မြောက်ပိုင်း ကီလိုမီတာ ၁၀၀၀ အကွာရှိ စူမားတြားပြည်နယ်အနောက်ပိုင်း မန်တာဝေကျွန်း အနီး အနက် ၄၉ ဒသမ ၅ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဘူမိဗေဒ တိုင်းတာရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့သော် ဂျကာတာအခြေစိုက် မိုးလေဝသ၊ ရာသီဥတုနှင့် ရူပပထဝီဆိုင်ရာအေဂျင်စီ၏ ထုတ်ပြန်ကြေညာချက်တွင်မူ မြေအောက်အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့သည်ဟုဆိုသည်။

အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအဖွဲ့က အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် စက်တင်ဘာ ၂ ရက်အထိ ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားခြင်းမရှိသေးပေ။

"အခုလှုပ်ခတ်လိုက်တဲ့ ငလျင်က တော်တော်လေးကို ပြင်းထန်ပါတယ်။ တချို့လူတွေဆို အိမ်ထဲမှာတောင် မနေနိုင်ကြဘူး။ ညတုန်းကဆို လူတွေကြောက်လန့်တကြားနဲ့ ထွက်ပြေးခဲ့ကြတာ အခုမနက်မိုးလင်းမှ သူတို့အိမ်ကို ပြန်နိုင်ကြတော့တယ်။ အပျက်အစီးတွေကတော့ ရှိလိမ့်မယ်ထင်တယ်။ ကျွန်တော်တို့ ပါဒန်မှာတော့ ဘာမှကြီးကြီးမားမားဖြစ်တယ်လို့ မကြားမိပါဘူး"ဟု ပါဒါန်ဒေသခံတစ်ဦးဖြစ်သူ နီဒေးက အေအက်ဖ်ပီသတင်းဌာနကို ပြောကြားခဲ့သည်။အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက အာချေးပြည်နယ်တွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ရပြီး လူပေါင်းတစ်သောင်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ထို့ပြင် ၂၀၁၀ ခုနှစ်က မန်တာဝေကျွန်းတွင် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၂၈၆ ဦးသေဆုံးပြီး ၂၅၂ ဦး ပျောက်ဆုံးခဲ့ရသည်။ ငလျင်ဆိုင်ရာသုတေသီများက ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၂ ရက်အတွင်း အိန္ဒိယနှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် အင်အားကြီးမားသည့် ငလျင်ကြီးတစ်ခု လှုပ်ခတ်နိုင်ကြောင်း ခန့်မှန်းထားသည်။ **မယ်သီတာ**

Vol: 17, No.34 Monday September 4 2017

## လပွတ္တာခရိုင် စားသုံးသူအခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က စာသင်ကျောင်းများ၊ ဈေးများနှင့် စားသောက်ကုန် အလုပ်ရုံများအား ရှောင်တခင်စစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးဦးတိုးလွင်(ခရိုင်ဦးစီးမှူး)နှင့် မိတ်ဖက်အဖွဲ့များ ပူးပေါင်း၍ လပွတ္တာမြို့ အ. ထ. က(၁)နှင့် အ. လ. က. ခွဲ(၉)ကျောင်းတို့၌ ရောင်းချနေသည့် မုန့်ဈေးတန်းများတွင် တားမြစ်ထားသော မုန့်များ၊ ရက်လွန်မုန့်များ၊ ရက်ကျော်လွန်သည်ဟု ယူဆသည့်မုန့်များ ရောင်းချခြင်းရှိ/မရှိ ရှောင်တခင်ဝင်ရောက် စစ်ဆေးခဲ့ပါသည်။


အဆိုပါအဖွဲ့သည် လပွတ္တာမြို့ ရွှေနဒီရေပေါ် ဈေးနှင့် အမှတ်(၁)ရပ်ကွက်ဈေးသို့ သွားရောက်ပြီး လက္ကားမုန့်ဆိုင်များတွင် တားမြစ်ထားသည့် မုန့်အစားအစာများ၊ သက်တမ်းလွန်မုန့်များ၊ သက်တမ်းလွန်နေသည်ဟု ယူဆသည့်မုန့်များ ရောင်းချနေခြင်းရှိ/မရှိ၊ ငှက်ပျောသီးများ အမှည့်မြန်စေသည့် ဓာတုဆေးများစိမ်ခြင်းရှိ/မရှိ၊ ကြက်သားများတွင် တားမြစ်ဆိုးဆေးများ အသုံးပြုခြင်းရှိ/မရှိနှင့် မှတ်ပုံတင်ထားခြင်းမရှိသည့် ဓာတ်မြေဩဇာများ၊ ကုန်ပစ္စည်းအတုများ၊ အရောများ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်း စစ်ဆေးခဲ့ပါသည်။

ဆက်လက်၍ လပွတ္တာမြို့၊ အမှတ်(၈) ရပ်ကွက်၊ ၉၉၉ ငရုတ်ဆီလုပ်ငန်းသို့လည်းကောင်း၊ အမှတ်(၂)ရပ်ကွက် မိသားစု မုန့်မျိုးစုံ လုပ်ငန်းတို့အားလည်းကောင်း သွားရောက်ပြီး သက်ဆိုင်ရာဌာန လုပ်ငန်းလိုင်စင်များရှိ/မရှိ၊ စားသောက်ကုန် ထုတ်လုပ်သည့်လုပ်ငန်းများတွင် ခွင့်မပြုဆိုးဆေးများ သုံးစွဲခြင်းရှိ/မရှိနှင့် ကျန်းမာရေးနှင့်အညီစားသုံးနိုင်ရန် ထုတ်လုပ်ရောင်းချနေခြင်းရှိ/မရှိ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုးလွင်(မြောင်းမြ)**

## ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ၊ ပုသိမ်မြို့ရှိ မုန့်ဆိုင်များအား ရှောင်တခင်ကွင်းဆင်းစစ်ဆေး

ပုသိမ်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စားသုံးသူရေးရာ အစည်းအဝေးခန်းမ(၂)၌ ဩဂုတ်လ ၂၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှု ဥက္ကဋ္ဌ (ခရိုင်အုပ်ချုပ်ရေးမှူး)အပါအဝင် အတွင်းရေးမှူး၊ အဖွဲ့ဝင်၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၅ ဦးတက် ရောက်ခဲ့ပါသည်။



အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဥက္ကဋ္ဌက အဖွင့် အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူး (စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး)က အဋ္ဌမအကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ လက်ရှိ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ဆက်လက် ဆောင်ရွက်ရန် လုပ်ငန်းများနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာ အဖွဲ့များ၊ ဈေးစားသုံးသူ ရေးရာအဖွဲ့များ၊ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်၍ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေနှင့် အဆိုပါအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကျောင်း၊ ဈေး၊ ရပ်ကွက်အတွင်း တားမြစ်ပစ္စည်းများ၊ အန္တရာယ်ရှိ အစားအသောက်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချမှုများအား ကျယ်ကျယ်ပြန့်ပြန့် သိမ်းဆည်း၊ တားမြစ်နိုင်မည်ဖြစ်ပြီး လုပ်ငန်းများအား ထိရောက်လျင်မြန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပွင့်လင်းရာသီတွင် ငွေဆောင်၊ ချောင်းသာ၌ စားသုံးသူများ ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ လုံခြုံစိတ်ချစွာ စားသောက်၊ သုံးစွဲ၊ နေထိုင်နိုင်ရေးအတွက် စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးများ ဖွင့်လှစ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။

တက်ရောက်လာသော အဖွဲ့ဝင်များကလည်း စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ ခရိုင် အငြင်းပွားမှု အဖွဲ့သည် ပုသိမ်မြို့အတွင်း မုန့်မျိုးစုံ ရောင်းချလျက်ရှိသော ရွှေနန်း၊ Z-Mall၊ ဂင့်ချွန်မုန့်ဆိုင်များသို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တားမြစ်ထားသောမုန့်များ၊ ရက်လွန်သက်တမ်းလွန်မုန့်များ၊ ဆိုးဆေး အလွန်အကျွံ သုံးစွဲထားသော မုန့်များ ရှိ/မရှိ ရှောင်တခင် ဝင်ရောက်စစ်ဆေးပြီး စားသုံးသူများ ဘေးအန္တရာယ် ဖြစ်စေသော မုန့်များ မရောင်းချရေး သတိပေးတားမြစ်ခဲ့ကြောင်း သိရှိရပါသည်။

**မောင်ပုသိမ်**

## ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ် အစည်းအဝေး(၃/၂၀၁၇)ကျင်းပ

ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ် အစည်းအဝေး(၃/၂၀၁၇)ကို တောင်ကြီးမြို့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဩဂုတ်လ ၂၅ ရက်က ကျင်းပခဲ့ပါတယ်။

အဆိုပါ အစည်းအဝေးတွင်ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင် လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကျော်က တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်မှ ဦးထက်ကိုကို (ဘ) ဦးကြည်တင့်သည် ဝါစေ့ဆီကို ဓာတုဗေဒအနံ့ထည့်၍ အခြားဆီများ ရောနှောပြီး ရှမ်းလေးပဲဆီတံဆိပ်ဖြင့် မြေပဲဆီဟု လိမ်လည်ရောင်းချသည့်ကိစ္စကို စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအခန်း(၇)ပုဒ်မ(ဂ)ကို ဖောက်ဖျက် ကျူးလွန်ထားသည့်အတွက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ပုဒ်မ (၁၉)ပါ ပြဋ္ဌာန်းချက်နှင့် အရေးယူဆုံးဖြတ်ရန် သင့်/မသင့် ကိုလည်းကောင်း၊ ရောနှောခြင်း မပြုရသေးသော စားအုန်းဆီ၊ မြေပဲဆီ၊ ဝါစေ့ဆီ၊ နှမ်းဆီများကို ပိုင်ရှင်အားပြန်ပေးရန် သင့်/မသင့်ကို လည်းကောင်း၊ ရှမ်းလေးပဲဆီတံဆိပ်ကပ်ပြီး ဓာတုဗေဒ အနံ့ထည့်၍ ရောနှောထားသောပဲဆီ အတုဆီဖူးကြီး၊ ဖူးသေးများအား အရေးယူဆောင်ရွက်မည့် နည်းလမ်းများကိုအဖွဲ့မှ စဉ်းစားဆုံးဖြတ်ပေးရန်ကို လည်းကောင်း၊ တောင်ကြီးမြို့ ဈေးကွက်အတွင်း ဆောင်းချယ်ရီနှင့် ပင်လယ်ပြာ ဖြန့်ချိရေးဆိုင်များရှိ ပင်လယ်စာများသည် ကုန်အမှတ်တံဆိပ်များ ပြည့်စုံစွာဖြင့် ဖော်ပြမထားရှိမှုအပေါ် စီးပွားရေးလုပ်ငန်းရှင်များအား ခေါ်ယူအသိပေး ဆွေးနွေးခြင်း၊ ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခြင်း ပြုလုပ်ပြီးသော်လည်း ဈေးကွက်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိသေးသည်ကို တွေ့နေရပါကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို လိုက်နာမှုမရှိဘဲ ဆက်လက်ရောင်းချနေပါက သိမ်းဆည်းဖျက်ဆီးသွားရန် သင့်/မသင့်ကိုလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဧပြီလမှ ဇူလိုင်လအတွင်း ရှမ်းပြည်နယ် တစ်ဝန်းလုံး ထုတ်ကုန် လုံခြုံ စိတ်ချရမှုဆိုင်ရာ ဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေးခြင်းကို လည်းကောင်း၊ တောင်ကြီးမြို့ အ. ထ. က(၄) ကျောင်းပတ်ဝန်းကျင်တွင် ဈေးဆိုင်များကြောင့် ဖြစ်ပွားနေသော အခြေအနေများကို ဆောင်ရွက်ထားရှိမှုအား ချပြရှင်းလင်းဆွေးနွေးခြင်းကိုလည်းကောင်း၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးနှင့် လုပ်ငန်းကော်မတီနှစ်ရပ် အဖွဲ့ဝင်များ အစားထိုးတာဝန်ပေးအပ်ရန် အဆိုပြု အမည်စာရင်းများကို ဆွေးနွေးပြောကြားခဲ့တယ်လို့ သိရပါတယ်။ ဆက်လက်၍ တက်ရောက်လာကြသော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်မှ အဖွဲ့ဝင်များက ဆွေးနွေးတင်ပြမှုများအပေါ် ကဏ္ဍအလိုက် အသီးသီးပြန်လည် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**

## ဟင်္သာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ဟင်္သာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ်လ ၂၅ ရက်တွင် ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ရာ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် မိတ်ဖက်အဖွဲ့ အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ဟင်္သာတခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ဟင်္သာတခရိုင်အတွင်းရှိ ဈေးများ၌ ဈေးစားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ရပ်ကွက်များတွင်လည်း စားသုံးသူရေးရာအဖွဲ့များ ဆက်လက်ဖွဲ့စည်းထားသည်ကို သိရှိရသည့်အတွက် စားသုံးသူများအတွက် ပိုမိုထိရောက်သောကာကွယ်မှုများ ပြုလုပ်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကြည်ဟန်က အဋ္ဌမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုနှင့် တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် အစည်းအဝေးမှ ညွှန်ကြားချက်များအား ရှင်းလင်းတင်ပြခဲ့သည်။

တက်ရောက်လာသူများကလည်း ဆွေးနွေးခဲ့ကြရာ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ တင်ထွဋ်ဝေက ရပ်ကွက်စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းသည့်အတွက် အောက်ခြေအထိ စားသုံးသူကာကွယ်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီး ဌာနမှ ခရိုင်ဦးစီးမှူး ဦးစန်းဝင်းက စားသုံးသောအစားအစာများနှင့် အသီးအနှံများတွင် အာဟာရဓာတ် ပြည့်ဝစွာပါဝင်ရေးအတွက် စနစ်တကျစိုက်ပျိုးပြီး ကောင်းမွန်သော စိုက်ပျိုးမှု အလေ့အကျင့်ကောင်း (GAP နည်းစဉ်)များအတိုင်း ဆောင်ရွက်မှသာ စားသုံးသူများအတွက် အကျိုးရှိနိုင်မှာ ဖြစ်သည်ဟု ဆွေးနွေးသွားကြောင်း သိရှိရပါသည်။ **မောင်မောင်မြတ်ခိုင်**



# ပခုက္ကူမြို့ မြို့မဈေးအတွင်းရှိ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဆိုင်များအား ခရိုင်စိုက်ပျိုးရေးအဖွဲ့နှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးမြင့်ဦးနှင့် ဝန်ထမ်းများသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ခရိုင် စိုက်ပျိုးရေးအဖွဲ့နှင့် ပူးပေါင်း၍ ဩဂုတ်လ ၁၆ ရက်တွင် ပခုက္ကူမြို့၊ မြို့မဈေးအတွင်းရှိ လယ်ယာစိုက်ပျိုးရေးသုံး ဆေးပစ္စည်းဆိုင်များဖြစ်သော မိုးမြင့်စံ၊ ရွှေရောင်မြေ၊ ဝင်းမေတ္တာ၊ ငွေမိုးသိန်း၊ ပန်းသဇင်၊ ငွေတောင် စသည့် ဆိုင် ၆ ဆိုင်တို့အား မှတ်ပုံတင်ထားခြင်းမရှိသော ဓာတ်မြေဩဇာ၊ ပိုးသတ် ဆေးများ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်သက်သက်မြင့်က မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင် ပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများ မရောင်းချရန်၊ မြန်မာစာတမ်းပါသော စိုက်ပျိုးရေးသုံး ပစ္စည်းများကိုသာ ရောင်းချရန်၊ ပိုးသတ်ဆေးများကိုလည်း ထုပ်ပိုးမှုအပေါ်တွင် ပါရှိသည့် အညွှန်းအတိုင်း တိကျစွာလိုက်နာအသုံးပြုရန် အတွက် တောင်သူများအား ဆိုင်ရှင်များက နားလည်အောင် ပြောဆိုပေးရန်၊ အသီးအနှံများကို ပိုးသတ်ဆေးဖျန်းပြီးလျှင်လည်း သတ်မှတ်ထားသည့်ရက်ရောက်မှသာ ခူးဆွတ်သင့်ကြောင်း အကြံပေးရန်၊ တောင်သူများအနေဖြင့် အထွက်တိုးသည်ဟု ထင်မြင်ယူဆရသည့် မြန်မာစာတမ်း မပါသော တရားမဝင် ဓာတ်မြေဩဇာများကို လာရောက်ဝယ်ယူလျှင် မရောင်းချသင့်ကြောင်း၊ တွေ့ရှိလျှင်လည်း ရောင်းချသည့်ဆိုင်များကို ထိထိရောက်ရောက် အပြစ်ပေး အရေးယူသွားမည်ဖြစ်ကြောင်း၊ ပထမ အကြိမ် စစ်ဆေး၍ တရားမဝင် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများကို မတွေ့ရှိခဲ့သော်လည်း နောင်အခါတွင် ရောင်းချခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့လျှင် ထိထိရောက်ရောက် အပြစ်ပေး အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

စားသုံးသူရေးရာ ဦးစီးဌာန၊ ဦးစီးမှူး ဦးမြင့်ဦးက ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ ရောင်းချသည့် ဆိုင်များကို အစား အသောက်ရောင်းချသည့် ဆိုင်များနှင့် ကပ်လျက် မရောင်းချသင့်ကြောင်း၊ စားသုံးသူ ပြည်သူများ အချိန်မရွေး ဘေးအန္တရာယ် ဖြစ်စေနိုင်သောကြောင့် မိမိတို့အနေဖြင့် ယခုလို အသိပေး ပြောဆိုရခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးသုံး ဆေးများကို သတ်မှတ်ထားသည့်ရက်ထက်ကျော်လွန်လျှင် မရောင်းချသင့်ကြောင်း၊ ဆိုင်ပိုင်ရှင်များအနေဖြင့် တောင်သူများအား ပိုးသတ်ဆေးဖျန်းလျှင် လက်အိတ်စွပ်၍ ကိုင်တွယ်ရန် အကြံပြုပြောကြားစေလိုကြောင်း၊ အသီးအနှံများကိုလည်း ဟော်မုန်းဆေးများ အလွန်အကျွံ သုံးစွဲခြင်း မပြုစေလိုကြောင်း၊ သဘာဝ ဓာတ်မြေဩဇာကိုသာ သုံးစွဲသင့်ကြောင်း၊ ဒါမှသာ စားသုံးသူများအတွက် ဘေးအန္တရာယ် ကင်းပြီး ကျန်းမာပျော်ရွှင်သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေး အသိပညာပေး ဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော် ၊ ပခုက္ကူ**

# ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ (၁၇)ကြိမ်မြောက် တိုင်းစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန၊ အစည်းအဝေးခန်းမ(၂) တွင် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၈) ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၂၃ ရက်တွင် ကျင်းပရာ ဒုတိယ ဥက္ကဋ္ဌ ဦးကြည်အောင်၊ အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နှင့် မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ စားသုံးသူကိုယ်စားလှယ်၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်၊ ဥပဒေပညာရှင်၊ ကျွမ်းကျင်ပညာရှင်၊ ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတ၊ မအူပင်၊ ဖျာပုံ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

တိုင်းဦးစီးမှူး အတွင်းရေးမှူး ဦးခင်မောင်လှိုင်က (၁၇) ကြိမ်မြောက် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု ရုံးချုပ်နှင့်အစိုးရအဖွဲ့ရုံး၏ လမ်းညွှန်ချက်များ၊ မိတ်ဖက်ဌာနဆိုင်ရာများမှ တင်ပြလာ သော ညွှန်ကြားချက်များကို အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင်များက သိရှိ၍ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင် စီမံပေးရန်၊ စည်ပင်သာယာဈေးများအတွင်း စားသုံးသူများ၏ ကျန်းမာရေးအား ဆိုးရွားစွာထိခိုက် စေနိုင်သည့် ဖော်မလင်သုံးစွဲထားသော ပဲပြား၊ ပဲသွေး(အမဲသွေး) တို့ကို ရှောင်တခင်စစ်ဆေးတွေ့ရှိရသဖြင့် မြို့နယ်အလိုက် စည်ပင်သာယာဈေးများတွင် အဖွဲ့ဖြင့် ရှောင်တခင် စစ်ဆေးရန်၊ အငြင်းပွားမှုများကို ခရိုင်အလိုက် (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင် ရွက်ရေးစင်တာဖြင့် ဖြေရှင်းသွားရန်၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များမှ အငြင်းပွားမှု ၁၃ မှု ဆောင်ရွက်ခဲ့ခြင်း၊ ဈေးစားသုံးသူရေးရာ အဖွဲ့ ၈၆ ဖွဲ့ဖွဲ့စည်းပြီးစီးမှု ရပ်ကွက်စားသုံးသူရေးရာအဖွဲ့ ခြောက်ဖွဲ့ဖွဲ့စည်းပြီးစီးမှုအား မှတ်တမ်းတင်၍ စားသုံးသူရေးရာ ဗဟိုကော်မတီသို့ တင်ပြရန် (၁၈) ကြိမ်မြောက် အစည်းအဝေးတွင် အဖွဲ့ဝင်အသီးသီးမှ တင်ပြ ဆုံးဖြတ်ပေးရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။ **မင်းမင်းဦး(ပုသိမ်)**

# ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် FDA ဌာနတို့ ပူးပေါင်း၍ ဈေးကွက်အတွင်း ရောင်းချဖြန့်ဖြူးလျက်ရှိသော စားသောက်ကုန်များအား နမူနာရယူ စစ်ဆေးခြင်းနှင့် စားသုံးရန် အာမခံချက်မရှိသော ကုန်စည်များ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ဝင်းနှင့် ဝန်ထမ်းများသည် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဩဂုတ်လ ၂၃ ရက်တွင် ပြည်မြို့နယ် စည်ပင်သာယာ မြို့မဈေးကြီးအတွင်းရှိ အစားအသောက် ရောင်းချသော ဈေးဆိုင်များမှ ချက်ချင်းစစ်ဆေးမှု ပြုနိုင်သည့် ပဲပြား၊ မုန့်ဟင်းခါးဖတ်၊ မျှင်ငါးပိ၊ ငါးပိ၊ မှျစ်ချဉ်၊ ကွမ်းသီး၊ လက်လုပ်ချဉ်ဖတ်၊ ခေါက်ဆွဲခြောက် အစရှိသော နမူနာ ကုန်ပစ္စည်း ၂၅ မျိုးကို ကောက်ယူပြီး FDAဌာန၏ Mobile Lab Van ဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။ စမ်းသပ်မှု ပြုလုပ်သည့် ကုန်စည် ၂၅ မျိုးအနက် ၂၂ မျိုးမှာ ဖော်မလင်ဆေး၊ တာရှည်ခံဆေးများ သုံးစွဲမှုပြုထား ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပြီး ကျန်ကုန်စည် သုံးမျိုးမှာ Mobile Lab Van ဖြင့် စစ်ဆေးမှု မပြုနိုင်သည့်အတွက် ပဲခူးတိုင်း FDA ဌာနသို့ ပေးပို့ကာ ဆက်လက်စစ်ဆေး ဆောင်ရွက်သွားရမှာဖြစ်ကြောင်းလည်း သိရှိရပါသည်။

ဆက်လက်၍ မုန့်ပဲသရေစာ လက်လီ/လက်ကား ဖြန့်ဖြူး ရောင်းချသည့် စူပါဆို့ ဈေးဆိုင်သို့ သွားရောက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တားမြစ်ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချမှု ရှိ/မရှိ၊ သက်တမ်းလွန် စားသောက်ကုန်များ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်ခရိုင် ဦးစီးမှူးက ကုန်စည်များတွင် ပါဝင်ရမည့် ကုန်အမှတ်တံဆိပ်၊ ထုတ်လုပ်သည့် ရက်စွဲ၊ ကုန်ဆုံးသည့် ရက်စွဲ၊ ထုတ်လုပ်သူ၏ အမည်နှင့် လိပ်စာ၊ သက်ဆိုင်ရာ ဌာန၏ထောက်ခံချက်၊ ပါဝင်သည့် ပစ္စည်းများ စသည့် အချက်များပါဝင်သော အစားအသောက်များ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဖော်ပြပါ အချက်များ ပါဝင်သည့် ကုန်စည်များကိုသာ ရောင်းချရန် အသိပညာပေး ပြောကြားခဲ့ပါသည်။ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေတွင် ပါဝင်သည့် လုပ်ငန်းရှင်များအတွက် တားမြစ်ချက်ဖြစ်သော ပုဒ်မ(၈) ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိသောကုန်စည်များ ရောင်းချခြင်းမပြုရန်နှင့် ရောင်းချကြောင်း စိစစ်တွေ့ရှိပါက ဥပဒေအရ အရေးယူမှုများ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ကြောင်း သတိပေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။ **ဝင်းလဲ့ဝါ(ပြည်)**

# ရန်ကုန် အရှေ့ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၇/၂၀၁၇) ကျင်းပ

ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၇/၂၀၁၇) အား ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေး ခန်းမ၌ ဩဂုတ်လ ၂၉ ရက်တွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင်မှ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဝန်ထမ်းများစုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးက ဈေးများတွင်ပြည်သူများအတွက် ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သော အစားအသောက်များ ရောင်းချမှုမရှိစေရေး၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ အသိပညာပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများကို အလေးထား လုပ်ကိုင်စေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန် အရှေ့ပိုင်းခရိုင် ခရိုင်ဦးစီးမှူး ဦးစိုးတင့်က ယခင်လအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ စာသင်ကျောင်းများတွင် အသိပညာပေးခြင်းများနှင့် ဈေးများတွင် ကွင်းဆင်းစစ်ဆေးခြင်းများ၊ ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များနှင့် CICC ရုံးဖွင့်လှစ်ပြီးတိုင်ကြားမှုများကို လက်ခံဆောင်ရွက်ပေးနေမှုများအား တင်ပြဆွေးနွေးခဲ့ပါသည်။

တက်ရောက်လာကြသူများက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအား ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**လှိုင်ထွန်း**

# ယင်းမာပင်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၅/၂၀၁၇) ကျင်းပ

ယင်းမာပင်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဩဂုတ်လ ၂၄ ရက်တွင် ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ ယင်းမာပင်ခရိုင်ရုံးမှ ဦးစီးမှူး ဒေါ်ခိုင်မို့မို့က ယင်းမာပင်ခရိုင် ဦးစီးမှူးရုံး၏ လက်ရှိဆောင်ရွက်လျက်ရှိသော အချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို တင်ပြ ဆွေးနွေးခဲ့ပါသည်။

ထို့နောက်တက်ရောက်လာသော မိတ်ဖက်ဌာနအသီးသီးမှ တာဝန်ရှိသူများက ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကိုဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **မိုးမိုးမြင့်(ယင်းမာပင်)**

# အိန္ဒိယနိုင်ငံသို့ မြန်မာ့ပို့ကုန် အလားအလာ

| ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ) |

ယခင်တစ်ပတ်မှအဆက်

**တိရစ္ဆာန်အစာသီးနှံများ (Feed Crops)**

ပုံမှန်အားဖြင့်တော့ တိရစ္ဆာန်အစာ သီးနှံ လိုအပ်ချက်အတွက် အိန္ဒိယနိုင်ငံရဲ့ ပြည်တွင်း ထုတ်လုပ်မှုက လုံလောက်မှုရှိပါတယ်။ ဒါပေမဲ့ အိန္ဒိယနိုင်ငံဟာ အမဲသား၊ နို့ထွက်ပစ္စည်း၊ ကြက်/ဘဲ/ငန်း၊ ရေထွက်ပစ္စည်းနှင့် ကော်မှုန့် စတဲ့ကဏ္ဍများမှာ တိုးတက်လျက်ရှိတဲ့အတွက် တိရစ္ဆာန် အစာ ပြည်တွင်းထုတ်လုပ်မှု တိုးမြှင့်ရန် လိုအပ်နေပြီး၊ အနာဂတ်မှာ ယင်းသီးနှံများအတွက် တင်သွင်းမှုတိုးမြှင့်လာဖွယ်ရှိပါတယ်။ အစိုးရပိုင်းမှ လယ်သမားတွေကို ဈေးနှုန်း ထောက်ပံ့ပေးထားတဲ့ အနေအထားအရလည်း တိရစ္ဆာန် ထွက်ကုန်အတွက် တိရစ္ဆာန်အစာ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုကို ဦးစားပေးတာ မဟုတ်ဘဲ လူစားသုံးရန်အတွက် ဆန်၊ ဂျုံ စတဲ့သီးနှံများ စိုက်ပျိုး ထုတ်လုပ်မှုကိုသာ ဦးစားပေး ထောက်ပံ့တာ ဖြစ်ပါတယ်။ ပဲပိစပ်၊ ဝါစေ့နှင့် ပန်းနှမ်းစေ့ အစားအစာများဟာ အိန္ဒိယ နိုင်ငံမှာ အသုံးပြုမှုများတဲ့ တိရစ္ဆာန်အစာ သီးနှံများဖြစ်ပြီး ဝါစေ့ အစားအစာ တင်သွင်းမှု တန်ဖိုးဟာ ၂၀၁၀ ခုနှစ်မှာ ၆၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါတယ်။ ပဲပိစပ်အစားအစာ အသုံးပြုမှုဟာ ၂၀၁၀ ပြည့်နှစ်မှစပြီး ၆၃ ရာခိုင်နှုန်းအထိ အလျင်မြန်ဆုံး နှုန်းထားနဲ့ တိုးတက်လာတာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ တိရစ္ဆာန် အစာသီးနှံ လုပ်ငန်းဟာ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ တန်ဖိုးရှိပြီး နှစ်စဉ် တိုးတက်မှုရှစ်ရာခိုင်နှုန်း ရှိနေပေမယ့် အိန္ဒိယနိုင်ငံရဲ့ အစာကျွေးသီးနှံ ထုတ်လုပ်မှုဟာ ကာလတိုနှင့် ကာလလတ်အတွင်း တိုးတက်လာဖို့ကတော့ မသေချာတဲ့ အနေအထားဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အိန္ဒိယအစိုးရရဲ့ မူဝါဒပိုင်းက စားသောက်ကုန်သီးနှံတွေကို အဓိက အလေးထားကိုင်တွယ်တာ ဖြစ်လို့ပါပဲ။ ဒါကြောင့် အိန္ဒိယနိုင်ငံကို မြန်မာနိုင်ငံကနေ တိရစ္ဆာန် အစာသီးနှံ (feed crops) တွေ တင်ပို့နိုင်မယ်ဆိုရင် အလားအလာကောင်းတွေ ရှိနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**ဆင့်တက်ပြုပြင်ထုတ်လုပ်ထားသော အသီးအနှံများ**

အိန္ဒိယနိုင်ငံရဲ့ ဆင့်တက်ပြုပြင်ပြီး ထုတ်လုပ်ထားတဲ့ အသီးအနှံတွေ တင်သွင်းမှုဟာ ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၉၃ သန်း ရှိပါတယ်။ အများဆုံး တင်သွင်းတဲ့ ကုန်ပစ္စည်းကတော့ စပျစ်သီးခြောက်ဖြစ်ပြီး အားလုံးနီးပါးကို အာဖဂန်နစ္စတန်နိုင်ငံမှ တင်သွင်းတယ်လို့ သိရပါတယ်။ အမေရိကန်နိုင်ငံဟာ တန်ဖိုးအားဖြင့် ကမ္ဘာ့ဒုတိယ အများဆုံး စပျစ်သီးခြောက် တင်ပို့တဲ့ နိုင်ငံဖြစ်ပေမယ့် အာဖဂန်နစ္စတန် နိုင်ငံက စပျစ်သီးခြောက်ကို အိန္ဒိယက ပိုကြိုက်နှစ်သက်တယ်လို့ဆိုပါတယ်။ တရုတ်ဆီးသီးခြောက်၊ ဆီးသီးခြောက်နှင့် သစ်သီးယိုများ တင်သွင်းမှုဟာ တိုးတက်ဖို့ အလားအလာများစွာရှိတယ်လို့ သိရပါတယ်။

**သွင်းကုန်လိုင်စင်ဆိုင်ရာ လိုအပ်ချက်များ**

လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ အိန္ဒိယနိုင်ငံအနေနဲ့ သွင်းကုန် တင်သွင်းမှုအပေါ်မှာ လိုင်စင်နဲ့ လုပ်ပိုင်ခွင့်ဆိုင်ရာ ထိန်းချုပ်မှုတွေကို အစားထိုးပြဋ္ဌာန်းခဲ့ပြီး လုပ်ထုံးလုပ်နည်း ဖြေလျှော့ခြင်းနဲ့ပိုမိုရှင်းလင်းလွယ်ကူစေတဲ့ သွင်းကုန်လုပ်ထုံး လုပ်နည်းတွေကို ချမှတ်ပေးထားပါတယ်။ တင်သွင်းတဲ့ ကုန်စည်အများစုဟာ အိန္ဒိယနိုင်ငံရဲ့ ပို့ကုန် သွင်းကုန် မူဝါဒလုပ်ထုံး လုပ်နည်းများနဲ့ အထွေထွေ ခွင့်ပြုမိန့်လို့ခေါ်တဲ့ Open General License – OGL အောက်မှာ အကျုံးဝင်ပါတယ်။ ဆိုလိုတာကတော့ ဥပဒေ၊ မူဝါဒ၊ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အောက်မှာ အကျုံးဝင်နေတာမျိုး မရှိဘူးဆိုရင် သွင်းကုန်တွေကို ကန့်သတ်ချက် မရှိဘဲ (လိုင်စင်မလိုအပ်ဘဲ) လွတ်လပ်စွာနဲ့ တင်သွင်းနိုင်မှာ ဖြစ်ပါတယ်။ အထွေထွေ ခွင့်ပြုမိန့်ထဲမှာ အကျုံးမဝင်တဲ့ သွင်းကုန်ပစ္စည်းတွေကိုတော့ ပိတ်ပင်တားမြစ်ထားတဲ့ ကုန်စည်၊ လိုင်စင်လိုအပ်တဲ့ ကန့်သတ်ကုန်စည်၊ အစိုးရပိုင် ကုန်သွယ်မှုအဖွဲ့ အစည်းနဲ့ အစိုးရအဖွဲ့တို့ရဲ့ အတည်ပြုချက်လိုအပ်တဲ့ ကုန်စည် (canalized items) ဆိုပြီး အမျိုးအစားသုံးမျိုး ခွဲခြား သတ်မှတ်ထားပါတယ်။

**သွင်းကုန်ထောက်ခံချက်လက်မှတ် ထုတ်ပေးတဲ့ဌာနများ**

ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းများအတွက် အိန္ဒိယနိုင်ငံ၊ လျှပ်စစ် ဦးစီးဌာနမှ ထုတ်ပေးပြီး ကာကွယ်ရေးနှင့်စပ်လျဉ်းတဲ့ ပစ္စည်းတွေကိုတော့ ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ပေးပါတယ်။ ရင်းနှီးမြှုပ်နှံမှု ကုန်ကြမ်းပစ္စည်းတွေကိုတော့ Export Promotion Capital Goods Plan (EPCG) အရလိုင်စင်ရယူပြီး လျှော့ပေါ့ အခွန်နှုန်းထားနဲ့ တင်သွင်းနိုင်ပါတယ်။ အဆိုပါ EPCG အစီအစဉ်ဟာ လက်ရှိမှာ စက်မှုလုပ်ငန်းကဏ္ဍ အားလုံးအတွက် အကျုံးဝင်ပြီး ရင်းနှီးမြှုပ်နှံမှု ကုန်စည်အားလုံးကို အကောက်ခွန် ငါးရာခိုင်နှုန်းပေးဆောင်ပြီး တင်သွင်းနိုင်တယ်လို့ သိရပါတယ်။ ကုန်ကြမ်းပစ္စည်း တင်သွင်းမှု၊ တစ်ဝက်တစ်ပျက် ကုန်ချောပစ္စည်းများ၊ အစိတ်အပိုင်းများနှင့် အပိုပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထုပ်ပိုးမှုဆိုင်ရာ ပစ္စည်းများ စသည်တို့ကို သက်ဆိုင်ရာ လိုင်စင်များရယူပြီး အခွန်ကင်းလွတ်ခွင့်ဖြင့် အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ပါတယ်။ အမှန်တကယ် အသုံးပြုသူတွေအတွက် လွှဲပြောင်းခွင့် မရှိတဲ့ Advance License ကိုလည်း ရယူဆောင်ရွက်နိုင်ပါတယ်။ Advance License စနစ်နဲ့ ဆောင်ရွက်လိုခြင်း မရှိဘူးဆိုရင်တော့ ပို့ကုန်တင်ပို့ပြီးမှ အခွန် ကင်းလွတ်ခွင့်ပြန်လည်တောင်းခံသည့် လက်မှတ် (post-export duty-free replenishment certificate) ရယူ၍လည်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**အိန္ဒိယနိုင်ငံရဲ့ Advance License ဆိုတာ ဘာလဲ**

ဒီနေရာမှာ Advance License ကို အနည်းငယ်ရှင်းပြလိုပါတယ်။ တင်ပို့မယ့် ပို့ကုန်ပစ္စည်း ထုတ်လုပ်ရာမှာ အသုံးပြုထုတ်လုပ်ဖို့ လိုအပ်တဲ့ ရုပ်ပိုင်းဆိုင်ရာ သွင်းအားစုတွေ တင်သွင်းမှုအတွက် အခွန်သက်သာခွင့် ရရှိနိုင်ဖို့ ထုတ်ပေးတဲ့လိုင်စင်ဖြစ်ပါတယ်။ ပို့ကုန်ပစ္စည်း ထုတ်လုပ်ရာမှာ အသုံးပြုလိုက်တဲ့ လောင်စာဆီ၊ စွမ်းအင်နဲ့ ဓါတ်ကူပစ္စည်းတွေအတွက်အဆိုပါ Advance License ကို အသုံးပြုပြီး အခွန် ကင်းလွတ်ခွင့် ရနိုင်ပါတယ်။ Advance License ကို ပို့ကုန်ပစ္စည်း ထုတ်လုပ်ရန်အတွက် လိုအပ်တဲ့ သွင်းအားစုကို ထောက်ပံ့ပေးတဲ့ ပို့ကုန်လုပ်ငန်းရှင် (သို့မဟုတ်) ကုန်ထုတ်လုပ် တင်ပို့သူရဲ့ ကုန်စည်တင်ပို့မှု (physical exports) အတွက် ထုတ်ပေးနိုင်ပါတယ်။ အလားတူ ပို့ကုန်လုပ်ငန်းရှင် တင်ပို့မယ့် ကုန်ပစ္စည်း ထုတ်လုပ်မှုမှာ လိုအပ်တဲ့ သွင်းအားစုအဖြစ် တစ်ဝက်တစ်ပျက် ကုန်ချောကို ထောက်ပံ့ပေးတဲ့ ထုတ်လုပ်သူ လုပ်ငန်းရှင် (manufacturer)ကိုလည်း အဆိုပါလိုင်စင် ထုတ်ပေးနိုင်ပါတယ်။

**သွင်းကုန်ကြေငြာချက်**

အိန္ဒိယနိုင်ငံသို့ကုန်ပစ္စည်း တင်သွင်းမယ့် သွင်းကုန် လုပ်ငန်းရှင်ဟာ Bill of Entry မှာ ဖော်ပြထားတဲ့ တင်သွင်းတဲ့ ကုန်စည်ရဲ့တန်ဖိုးနဲ့ အသေးစိတ် ဖော်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

**သွင်းကုန်လိုင်စင်နှင့် အခြားလိုအပ်ချက်များ**

သွင်းကုန်လိုင်စင် ရယူရန်လိုအပ်တဲ့ သွင်းကုန်ပစ္စည်း အားလုံးအတွက် အကောက်ခွန် ရှင်းလင်းရေး လုပ်ငန်းစဉ်များနှောင့်နှေး ကြန့်ကြာခြင်း မရှိစေရေး သွင်းကုန်လိုင်စင် ပူးတွဲပါရှိရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် အကောက်ခွန်ဌာနမှ ဈေးနှုန်းစိစစ်ရန်နှင့် သွင်းကုန်ခွန် အမျိုးအစား ခွဲခြား တွက်ချက်နိုင်စေရန်အတွက် စက်ရုံ ထုတ်ကုန်အမှာလွှာ၊ ကုန်ပို့မှုနှင့် အာမခံလက်မှတ်များကိုလည်း ပူးတွဲပါရှိရန် လိုအပ်မှာ ဖြစ်ပါတယ်။ နောက်ထပ် သွင်းကုန်ဆိုင်ရာ လိုအပ်ချက်တစ်ခုကတော့ သွင်းကုန်လုပ်ငန်းရှင် အားလုံးဟာ တင်သွင်းကုန်အတွက် ပေးချေမှုပြုလုပ်ပြီးဖြစ်ကြောင်း သေချာစေရန်အတွက် Letter of Credit (L/C) မိတ္တူကိုလည်း ပူးတွဲ တင်ပြရန် လိုအပ်ပါတယ်။ လက်ရှိ အိန္ဒိယနိုင်ငံရဲ့ အကောက်ခွန်လုပ်ငန်းစဉ်ဟာ အကောက်ခွန် ရှင်းလင်းရာမှာ ကြန့်ကြာမှုကို အတတ်နိုင်ဆုံး ရှောင်ရှားနိုင်ရန် ရည်ရွယ်လုပ်ဆောင်နေပြီး စာရွက်စာတမ်း လိုအပ်ချက်ကြောင့် ကြန့်ကြာမှုတွေဟာ မကြာခဏ ဆိုသလိုဖြစ်လေ့ရှိတယ်လို့သိရပါတယ်။ အကောက်ခွန် ရှင်းလင်းရေး လုပ်ငန်းစဉ်မှာ ကြန့်ကြာမှုဖြစ်ခဲ့ရင် အချိန်ကုန်တဲ့အပြင် နှောင့်နှေးကြန့်ကြာမှုအတွက် လွှဲပြောင်း/ တင်ချ စရိတ်တွေ (demurrage charges) ကိုလည်း ပေးဆောင်ရမှာဖြစ်တဲ့အတွက် အထူးဂရုပြုသင့်ပါတယ်။

**တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်များ**

တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်ဟာ အိန္ဒိယနိုင်ငံကို တင်ပို့တဲ့ ကုန်စည်တွေအတွက် အရေးပါတဲ့ အစိတ်အပိုင်း တစ်ရပ်ဖြစ်ပါတယ်။ တံဆိပ်ကပ်ခြင်းမှာ အဓိကအားဖြင့် အင်္ဂလိပ် ဘာသာစကားဖြင့်ဖော်ပြရန်လိုအပ်ပြီး ထုပ်ပိုးမှုအလိုက် လိုအပ်တဲ့ သတင်းအချက်အလက်တွေ ပါဝင်ရမှာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ၊ အကောက်ခွန်ဌာနဟာတင်သွင်းလာတဲ့ ကုန်စည်တွေကို စားသုံးဖို့ရန်အတွက် ဈေးကွက်အတွင်း လက်ကားဖြန့်ဖြူး ရောင်းချခြင်း မပြုလုပ်မီ တံဆိပ်ကပ်မှုဆိုင်ရာ ဥပဒေ လုပ်ထုံးလုပ်နည်းများအရ လိုအပ်တဲ့ သတင်းအချက်အလက်တွေ ပါဝင်မှုကို တင်းကျပ်စွာ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၄ ရက်မှာ အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်အရ အိန္ဒိယနိုင်ငံအတွင်းကို တင်သွင်းလာတဲ့ ကြိုတင်ထုပ်ပိုးထားတဲ့ ကုန်စည်အားလုံးအတွက် တံဆိပ်ကပ်ခြင်း ဆောင်ရွက်ရာမှာ အောက်ပါအချက်တွေ ပါဝင်ရမှာ ဖြစ်ပါတယ်-

* တင်သွင်းသူ၏ အမည်နှင့်လိပ်စာ
* ထုပ်ပိုးပစ္စည်း၏ ယေဘုယျအမည်
* စံသတ်မှတ်ချက်အလေးချိန်၊ အတိုင်းအတာများဖြင့် ဖော်ပြထားသော အသားတင် ပမာဏ (အလေးချိန်နှင့် အတိုင်းအတာများအား မက်ထရစ်ယူနစ်ဖြင့်သာ ဖော်ပြရမည်ဖြစ်ပြီး၊ အခြားယူနစ်တစ်ခုခုဖြင့် ဖော်ပြထားပါက စံသတ်မှတ်ယူနစ်ကိုလည်း တင်သွင်းသူက ကြေညာပေးရန် လိုအပ်ပါသည်။)
* ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း (သို့မဟုတ်) တင်သွင်းခြင်းနှင့် လက်ကားရောင်းချခြင်းအတွက် အမြင့်ဆုံးဈေး စသည်တို့ အပါအဝင် ထုပ်ပိုးသည့် လနှင့်ခုနှစ်

အိန္ဒိယနိုင်ငံသို့ မိမိတင်ပို့မည့်ကုန်စည်ကို အိန္ဒိယနိုင်ငံ၊ အကောက်ခွန်ဌာနမှာ ရှင်းလင်းမှု မပြုလုပ်မီ အထက်ဖော်ပြပါ လိုအပ်ချက်တွေကို ကိုက်ညီအောင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ထပ်မံဆင့်တက်ပြုပြင်ရန် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ၊ အပိုပစ္စည်းများစတဲ့ ကြိုတင်ထုပ်ပိုးထားတဲ့ ကုန်စည်များကို တင်သွင်းရာမှာတော့ အဆိုပါ တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်တွေ မပါဝင်ဘူးလို့သိရပါတယ်။

**ထုပ်ပိုးထားသော စားသောက်ကုန်များ (packaged food products) အတွက် တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်များ**

ထုပ်ပိုးထားတဲ့ စားသောက်ကုန်တွေအတွက် တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်တွေကိုတော့ ထုပ်ပိုးထားသော ကုန်စည်များ၏ အလေးချိန်နှင့် အတိုင်းအတာ စံချိန်စံညွှန်း စည်းမျဉ်း ဥပဒေသ (၁၉၇၇) နှင့် အစားအစာတွင် မသမာသော ရောစပ်မှုများအား တားဆီးကာကွယ်ရေး စည်းမျဉ်းဥပဒေသ (၁၉၉၅)ရဲ့ အပိုင်း (၈) မှာ ပြဋ္ဌာန်းထားပါတယ်။ အဆိုပါ စည်းမျဉ်း ဥပဒေသများအရ ထုပ်ပိုးကုန်စည်တွေမှာ ပါဝင်ရမယ့် တံဆိပ်ကပ်ခြင်းဆိုင်ရာ အချက်အလက်တွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

- အလေးချိန် (သို့မဟုတ်) ပမာဏအများအနည်း စဉ်အလိုက် ထုတ်ကုန်တွင် အသုံးပြုထားသော ပါဝင်ပစ္စည်းများ၏ အမည်
- ထုတ်လုပ်သူ/ထုပ်ပိုးသူ၊ တင်သွင်းသူတို့၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ တင်သွင်း စားသောက်ကုန်သည် အိန္ဒိယနိုင်ငံပြင်ပတွင် ထုတ်လုပ်ပြီး၊ အိန္ဒိယနိုင်ငံ၌ ထုပ်ပိုးမှုပြုလုပ် ခြင်းဖြစ်ပါက အဆိုပါ စားသောက်ကုန်၏ ပင်ရင်းနိုင်ငံ
- ပါဝင်သည့်ပမာဏ (သို့မဟုတ်) အရေအတွက်ဖြင့် ဖော်ပြထားသော စုစုပေါင်း အလေးချိန်
- မြင်သာထင်သာသော ကုဒ်နံပါတ်
- ထုတ်လုပ်/ထုပ်ပိုးသည့် လနှင့်ခုနှစ်
- ထုတ်ကုန်အား အကောင်းဆုံး စားသုံးနိုင်မည့် လနှင့်ခုနှစ်
- အမြင့်ဆုံး ရောင်းချနိုင်သည့် လက်လီဈေးနှုန်း

စာမျက်နှာ (၃၁) သို့ ➤

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ

သန်းသန်းနိုင်

**ယခင်တစ်ပတ်မှအဆက်**

(၃၃) နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းတွင် တရားနည်းလမ်းမကျသော ဈေးနှုန်းဖြင့် ကုန်ပစ္စည်းကိုဈေးလျှော့ရောင်းခြင်း၊ တင်ဒါဆွဲရာတွင် အကြံတူညာဏ်တူ ပုန်းခုတ်ကြခြင်း၊ မဟုတ်မမှန်သော ကြော်ငြာများ ထည့်သွင်း ကြော်ငြာခြင်း၊ ကုန်သွယ်မှုတွင် လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခြင်းစသည့် တရားနည်းလမ်းမကျသော လုပ်ဆောင်မှုများ၊ နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းတွင် တရားနည်းလမ်းမကျသော လုပ်ဆောင်ချက်များ လုပ်ကိုင်ပါက တရားနည်းလမ်းမကျသော လုပ်ဆောင်ချက်တိုက်ဖျက်ရေး ဥပဒေစည်းမျဉ်းစည်းကမ်းများဖြင့် အရေးယူသွားမည် ဖြစ်သည်။

အထက်ပါပုဒ်မ ရှိပိတ်ပင်ချက်များကိုချိုးဖောက်ပြီး နိုင်ငံတကာ ကုန်သွယ်မှုဈေးကွက်ကိုထိပါးလာပါက နိုင်ငံတော်ကောင်စီ၊ နိုင်ငံတကာကုန်သွယ်ရေးဦးစီးဌာနမှ သင့်တင့်သည့် တားမြစ်ချုပ်ကိုင်မှုများပြုလုပ်၍ ၎င်းကြောင့်ဖြစ်ပေါ်လာသော အန္တရာယ်များကို ကာကွယ်တားဆီးနိုင်သည်။

(၃၄) နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများတွင် အောက်ပါလုပ်ရပ်များ မပြုရ။

(က)သွင်းကုန်ပို့ကုန်မူရင်းဌာနေထုတ်ကုန်အမှတ်တံဆိပ်ကို အတုလုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ သွင်းကုန်ပို့ကုန် မူရင်းဌာနေထောက်ခံစာကို အတုလုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ သွင်းကုန်ပို့ကုန်ထောက်ခံချက်၊ ကိုတာထောက်ခံချက် (သို့မဟုတ်) အခြားသွင်းကုန်ပို့ကုန် ထောက်ခံချက်များကိုအတုလုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ရောင်းဝယ်ခြင်းမပြုရ။

(ခ) ပို့ကုန်အခွန်လိမ်ညာထုတ်ယူခြင်းမပြုရ။

(ဂ) မှောင်ခိုလုပ်ငန်းလုပ်ခြင်းမပြုရ။

(ဃ)ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထောက်ခံချက်ရယူခြင်း၊ စစ်ဆေးမှုခံယူခြင်း၊ ပိုးမွှားကင်းရှင်းမှု စစ်ဆေးခြင်းများ မပြုလုပ်ခြင်းမပြုရ။

(င) ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းမပြုရ။

(၃၅) နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းလုပ်ကိုင်သူသည် နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများတွင် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် နိုင်ငံခြားငွေကြေးကြပ်မှုစည်းမျဉ်းများကို လိုက်နာရမည်။

(၃၆) ဤဥပဒေကိုချိုးဖောက်ပါက နိုင်ငံခြား ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများကို အန္တရာယ်ပြုပါက နိုင်ငံတော်ကောင်စီ၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနမှ အများသိရန် ကြေညာနိုင်သည်။

## အပိုင်း-၇
## နိုင်ငံခြားကုန်သွယ်မှုလေ့လာဆန်းစစ်မှုလုပ်ငန်း

(၃၇) နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်းများ စည်းကမ်းတကျ ဖြစ်စေရန် နိုင်ငံတော်ကောင်စီ၊ နိုင်ငံခြားကုန်သွယ်မှု ဦးစီးဌာနအနေဖြင့်လည်းကောင်း၊ နိုင်ငံတော်ကောင်စီ၏ အခြားဌာနများနှင့်လည်းကောင်း လက်တွဲ၍ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လေ့လာဆန်းစစ်မှုများပြုလုပ်သွားရမည်။

(က)ကုန်၊ နည်းပညာ၊ နိုင်ငံတကာကုန်သွယ်ရေး ဝန်ဆောင်မှုများကို တင်သွင်းတင်ပို့မှု ပြုလုပ်သောကြောင့် ပြည်တွင်းထုတ်လုပ်မှုကဏ္ဍကို ဂယက်ရိုက်မှုအခြေအနေ၊ အင်အားယှဉ်ပြိုင်မှု ဖြစ်ပေါ်လာမှု အခြေအနေများကို လေ့လာဆန်းစစ်သွားရမည်။

(ခ)အခြားနိုင်ငံ (သို့မဟုတ်) ဒေသများမှသတ်မှတ်ထားသည့် ကုန်သွယ်မှုတားမြစ်စည်းကမ်းများကို လေ့လာဆန်းစစ်မှု ပြုလုပ်သွားရမည်။

(ဂ) (Anti-dumping) နှင့် ကုန်တင်ပို့မှု ထောက်ပံ့ခြင်း၊ အကာအကွယ်ပေးရေးစနစ်များစသည်တို့ကြောင့် နိုင်ငံခြား ကုန်သွယ်မှုများကို မထိခိုက်စေရန် လေ့လာဆန်းစစ်မှု ပြုလုပ်သွားရမည်။

(ဃ)နိုင်ငံခြားကုန်သွယ်မှုကို ကယ်ဆယ်သည့်လုပ်ငန်းများ သတ်မှတ်ခြင်း၊ ရှောင်ရှားမှုများပြုလုပ်နိုင်ရန် လုပ်ဆောင်သွားရမည်။

(င) နိုင်ငံခြားကုန်သွယ်မှုတွင် နိုင်ငံတော်တည်ငြိမ်ရေးအကျိုးစီးပွားနှင့် ဆက်စပ်နေသည်များကို လေ့လာဆန်းစစ်မှုပြုသွားရမည်။

(စ) ဤဥပဒေအပိုဒ်(၇)၊ အပိုဒ်(၂၉) အပိုင်း(၂)၊ အပိုဒ်(၃၀)၊ အပိုဒ်(၃၁)၊ အပိုဒ်(၃၂) အပိုင်း(၃)၊ အပိုဒ်(၃၃) အပိုင်း(၃) ၏ သတ်မှတ်ချက်များနှင့်အညီ လေ့လာဆန်းစစ်မှုပြုရမည့်အရာများ။

(ဆ) နိုင်ငံခြားကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများကို ထိခိုက်နိုင်သော အခြားဂယက်ရိုက်ချက်များကို လေ့လာဆန်းစစ်မှုပြုသွားရမည်။

(၃၈) နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်း လေ့လာဆန်းစစ်မှုပြု၍ နိုင်ငံတော်ကောင်စီ၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနမှ အများသိရန် ကြေညာသွားရမည်။ လေ့လာဆန်းစစ်မှုပြုရာတွင် မေးခွန်းလွှာဖြင့်လည်းကောင်း၊ ညီလာခံကျင်းပ၍လည်းကောင်း၊ ကွင်းဆင်းလေ့လာ၍လည်းကောင်း၊ အာဏာလွှဲပြောင်းသည့်ပုံစံဖြင့် လေ့လာဆန်းစစ်စေ၍လည်းကောင်း စသည့်ပုံစံများဖြင့် ပြုလုပ်သွားနိုင်သည်။ နိုင်ငံတော်ကောင်စီ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာမှ လေ့လာဆန်းစစ်မှုမှရရှိသော အဖြေပေါ်တွင် ဆန်းစစ်စာတင်ခြင်း (သို့မဟုတ်) တားမြစ်မှုများ ထုတ်ပြန်ပါက အများသိရန် ကြေညာသွားရမည်။

(၃၉) အသင်းအဖွဲ့နှင့် လူတစ်ဦးချင်းအနေဖြင့်လည်း နိုင်ငံခြားကုန်သွယ်ရေးလေ့လာဆန်းစစ်မှုများအတွက် ပူးပေါင်းပါဝင် ကူညီပံ့ပိုးပေးရမည်။ နိုင်ငံတော်ကောင်စီ၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနနှင့် နိုင်ငံတော်ကောင်စီ အခြားဌာနများ၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံခြားကုန်သွယ်ရေးတွင် လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားရမည်ဖြစ်သလို နိုင်ငံတော်လျှို့ဝှက်ချက်များ၊ ကုန်သွယ်ရေးလျှို့ဝှက်ချက်များကို ထိန်းသိမ်းရန် ဝတ္တရားရှိသည်။

## အပိုင်း-၈
## နိုင်ငံခြားကုန်သွယ်မှုကယ်ဆယ်ရေးလုပ်ငန်း

(၄၀) နိုင်ငံခြား ကုန်သွယ်မှုလေ့လာဆန်းစစ်မှုအဖြေပေါ်တွင် နိုင်ငံတော်မှ နိုင်ငံခြားကုန်သွယ်မှုအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်သည်။

(၄၁) အခြားနိုင်ငံ(သို့မဟုတ်)ဒေသများမှ တရုတ်နိုင်ငံဈေးကွက်သို့ တင်သွင်းသည့် ကုန်ပစ္စည်းဈေးနှုန်းများသည် မတရား ဈေးလျှော့ရောင်းချနေခြင်းကြောင့် တရုတ်နိုင်ငံတွင်းမှ ထုတ်လုပ်မှုကဏ္ဍကို လက်တွေ့ထိခိုက်လာပါက (သို့မဟုတ်) လက်တွေ့ထိခိုက်မှုများ ဖြစ်ပေါ်လာပါက နိုင်ငံတော်အနေဖြင့် (Anti-dumping) နှင့်အညီ တားဆီးနိုင်သလို ဤထိခိုက်မှုများကို ရှောင်ရှားခြင်း၊ လျှော့နည်းအောင်လုပ်ခြင်း၊ ကာကွယ်ခြင်းများ ပြုလုပ်နိုင်သည်။

(၄၂) အခြားနိုင်ငံ(သို့မဟုတ်)ဒေသများမှ တတိယနိုင်ငံဈေးကွက်သို့ တင်သွင်းသည့် ကုန်ပစ္စည်းဈေးနှုန်းများသည် မတရားဈေးလျှော့ရောင်းချနေ၍ တရုတ်နိုင်ငံတွင်ရှိနေသော ထုတ်လုပ်မှုကဏ္ဍကို လက်တွေ့ထိခိုက်လာပါက (သို့မဟုတ်) လက်တွေ့ထိခိုက်မှုများဖြစ်ပေါ်လာပါက တရုတ်နိုင်ငံတွင်း ထုတ်လုပ်မှုကဏ္ဍတိုးတက်ရေးကို လက်တွေ့ကာဆီးမှုများ ဖြစ်ပေါ်လာပါက နိုင်ငံတွင်းရှိ ထုတ်လုပ်မှုကဏ္ဍမှ လျှောက်ထားချက်အရ နိုင်ငံတော်ကောင်စီ၊ နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာနနှင့် အထက်ပါ တတိယနိုင်ငံအစိုးရ ညှိနှိုင်းကာ သင့်တင့်သည့် ကာကွယ်တားဆီးမှုများ ပြုလုပ်ရမည်ဖြစ်သည်။

(၄၃) တင်သွင်းလာသောကုန်ပစ္စည်းအတွက် တင်ပို့သည့်နိုင်ငံ (သို့မဟုတ်) ဒေသမှနည်းလမ်းပေါင်းစုံဖြင့် ငွေကြေးပံ့ပိုးမှုများ ပြုလုပ်လျှင် တရုတ်နိုင်ငံအတွင်း ရှိနေသော ထုတ်လုပ်မှုကဏ္ဍကို လက်တွေ့ထိခိုက်လာပါက (သို့မဟုတ်)လက်တွေ့ထိခိုက်မှုများ ဖြစ်ပေါ်လာပါက တရုတ်နိုင်ငံတွင်း ထုတ်လုပ်မှုကဏ္ဍတိုးတက်ရေးကို လက်တွေ့ကာဆီးမှုများ ဖြစ်ပေါ်လာပါက နိုင်ငံတော်အနေဖြင့် တရားမဝင်ငွေကြေးပံ့ပိုးမှုများကို တားဆီးနိုင်သလို ဤထိခိုက်မှုများကို ရှောင်ရှားခြင်း၊ လျှော့နည်းအောင်လုပ်ခြင်း၊ ကာကွယ်ခြင်းများ ပြုလုပ်နိုင်သည်။

**ဆက်လက်ဖော်ပြပါမည်**

---

**စာမျက်နှာ (၃၀) ➤➤➤ အိန္ဒိယနိုင်ငံသို့ မြန်မာ့ပို့ကုန် . . . . မှအဆက်**

အဆိုပါ အချက်အလက်တွေအပြင် ခါတ်ရောင်ခြည်ပေးထားသော စားသောက်ကုန်ဖြစ်ပါက ခါတ်ရောင်ခြည်ပေးရတဲ့ ရည်ရွယ်ချက်နှင့် လိုင်စင်နံပါတ်တို့ကို ဖော်ပြရန်လိုအပ်ပြီး အရောင်တင်ရန်အတွက် ထည့်ထားတဲ့ပစ္စည်း ပါဝင်ခဲ့ရင်လည်း ဖော်ပြပေးရမှာ ဖြစ်ပါတယ်။

**စားသောက်ကုန်တွေမှာ ဘယ်လိုတံဆိပ်ကပ်မလဲ**

ငှက်များနှင့် ရေချို/ရေငန် တိရစ္ဆာန် တစ်မျိုးမျိုး တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အလုံးစုံဖြစ်စေ ပါဝင်နေသည့် စားသောက်ကုန်များ၊ ဥများ(သို့မဟုတ်)တိရစ္ဆာန်ထွက်ပစ္စည်း တစ်မျိုးမျိုး ပါဝင်နေသော စားသောက်ကုန်များ (နို့နှင့် နို့ထွက်ပစ္စည်းများမှအပ) တွင် အညိုရောင် စက်ဝိုင်းပုံအား အတွင်း၌ထား၍ အညိုရောင်မျဉ်းဖြင့် စတုရန်းပုံ ဘောင်ခတ်ထားသည့် သင်္ကေတကို ထုပ်ပိုးမှုအပေါ်မှာ ထင်ရှားစွာ ဖော်ပြပေးရမှာဖြစ်ပါတယ်။ အဲဒီလိုဖော်ပြရာမှာ စားသောက်ကုန်ရဲ့ ကုန်ပစ္စည်းအမှတ်တံဆိပ် (သို့မဟုတ်) အမည်နှင့် နီးကပ်သောနေရာ၌ နောက်ခံ မျက်နှာပြင်အရောင်နှင့် ကွဲပြားစေလျက် မြင်သာမှုရှိစေရန် ဖော်ပြရမှာဖြစ်ပါတယ်။

သက်သတ်လွတ် စားသောက်ကုန်များအတွက်ကိုတော့ အစိမ်းရောင် စက်ဝိုင်းပုံအား အတွင်း၌ထား၍ အစိမ်းရောင်မျဉ်းဖြင့် စတုရန်းပုံ ဘောင်ခတ်ထားသည့် သင်္ကေတကို ထင်ရှားစွာ ဖော်ပြရမှာ ဖြစ်ပါတယ်။ ထုပ်ပိုးထားတဲ့ ကုန်စည်တွေအတွက် ကြေညာချက်ပြုလုပ်ရာမှာ အင်္ဂလိပ် ဘာသာစကား (သို့မဟုတ်) ဟိန္ဒူဘာသာစကားဖြင့် ပုံနှိပ်ထားသော တံဆိပ်ကပ်ခြင်းအမှတ်အသားကိုထုပ်ပိုးမှုအပေါ်မှာ မြဲမြံစွာ ကပ်ပေးထားခြင်း (သို့မဟုတ်) ထုပ်ပိုးမှုအပေါ်တွင် ထပ်ဆောင်း ထုပ်ပိုးမှုဖြင့် တံဆိပ်ကပ်ခြင်း (သို့မဟုတ်) ထုပ်ပိုးသည့် ပစ္စည်းအပေါ်တွင် တိုက်ရိုက် ပုံနှိပ်ဖော်ပြခြင်း (သို့မဟုတ်) ထုပ်ပိုးမှု အပေါ်တွင်ကတ်ပြား (သို့မဟုတ်)တိပ်တို့ဖြင့် မြဲမြံစွာကပ်၍ ဖော်ပြခြင်း နည်းလမ်းများဖြင့် ဖော်ပြနိုင်ပါတယ်။

တင်သွင်းလာသည့် စားသောက်ကုန်ပစ္စည်းများ၏ သက်တမ်းနှင့်ပတ်သက်၍ ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်တွင် ထုတ်ပြန်ထားတဲ့ ကြေညာချက်အရ စားသောက်ကုန်ပစ္စည်း အားလုံး တင်သွင်းမှု၊ ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချခြင်းနှင့် ထုတ်လုပ်ခြင်းများကို စားသောက်ကုန်တွင် မသမာသော ရောစပ်မှုများ ကာကွယ်ခြင်း အက်ဥပဒေဖြင့် ထိန်းချုပ်ဆောင်ရွက်ပြီး အဆိုပါ စားသောက်ကုန်များ တင်သွင်းသည့်အချိန်တွင် စားသောက်ကုန်များ၏ ခိုင်လုံသော (မကုန်ဆုံး သေးသော) တာရှည်ခံသက်တမ်းပါရှိရမည်ဖြစ်ပြီး မူလတာရှည်ခံသက်တမ်း၏ ၆၀ ရာခိုင်နှုန်းထက် လျှော့နည်းလို့ မရပါဘူး။ စားသောက်ကုန်များ၏ တာရှည်ခံသက်တမ်းကို အဆိုပါ စားသောက်ကုန်တွင် တံဆိပ်ကပ်ဖော်ပြထားသော ထုတ်လုပ်ရက်စွဲနှင့် သက်တမ်းကုန်ရက်စွဲတို့ အပေါ်မှာ အခြေခံပြီး တွက်ချက်တာလို့ သိရှိရ ပါတယ်။

အိန္ဒိယနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး လူဦးရေပမာဏ များပြားတဲ့ ဈေးကွက်ကြီးတစ်ခုလည်း ဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှ စိုက်ပျိုးရေး ထွက်ကုန်နှင့် စားသောက်ကုန်များ တိုးတက်တင်ပို့နိုင်ရေး အလားအလာကောင်းများ ရှိနေသလို အိန္ဒိယနိုင်ငံအစိုးရရဲ့ စိုက်ပျိုးရေး ကဏ္ဍအပေါ်မှာ အထူးအာရုံထားတဲ့ မူဝါဒပိုင်းကြောင့် မြန်မာ့ ပို့ကုန်လုပ်ငန်းရှင်များအတွက် မူဝါဒပိုင်းဆိုင်ရာ စိန်ခေါ်မှုတွေက ရှိနေမှာ ဖြစ်တယ်လို့ သုံးသပ်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပို့ကုန်တင်ပို့မှုတိုးတက်ရေး အထောက်အကူပြုစေနိုင်ရန်အတွက် ဆန္ဒပြု ရေးသားတင်ပြအပ်ပါတယ်။

**Source : Prospect for Myanmar Exports to India**

---

# ယခုနှစ်ကုန်တွင် ပါကစ္စတန်နိုင်ငံနှင့်လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် (FTA) ထူထောင်ရန် ထိုင်းနိုင်ငံ ပြင်ဆင်လျက်ရှိ

ထိုင်းနှင့် ပါကစ္စတန်တို့သည် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်(FTA)အား လာမည့်နှစ်တွင် တရားဝင် လက်မှတ်ရေးထိုးမည် ဖြစ်ပြီး လက်မှတ်ရေးထိုးခြင်း မပြုမီ ယခုနှစ်ကုန်ပိုင်း၌ စတင်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုညှိနှိုင်းရေး ဦးစီးဌာန (Department of Trade Negotiations – DTN) ၏ ကြေညာချက်ကို ကိုးကား၍ ဗန်ကောက်ပို့စ်တွင် ဖော်ပြထားပါသည်။

ယခုပူးပေါင်း ဆောင်ရွက်မှုသည် အကောက်ခွန် နှုန်းထားများနှင့် အကောက်ခွန် မဟုတ်သော အတားအဆီးများ (NTB) အား ပယ်ဖျက်ပြီး ထိုင်းနိုင်ငံ၏ ပို့ကုန်တိုးမြှင့်ရေးကို အားပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ သဘာဝသယံဇာတ ကြွယ်ဝသည့် ပါကစ္စတန်နိုင်ငံမှ ကုန်ကြမ်းပစ္စည်းများကိုလည်း ထိုင်းလုပ်ငန်းရှင်များအား တင်သွင်းခွင့်ပြုသွားမည် ဖြစ်ကြောင်း၊ ပါကစ္စတန်နိုင်ငံအနေဖြင့်လည်း အာဆီယံနိုင်ငံများနှင့်ကုန်သွယ်မှု ခိုင်မြဲရန် ကြိုးပမ်းလိုကြောင်း ဖော်ပြထားပါသည်။ DTN ၏ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် မစ္စအူရာမွန်က ယခုနှစ်ကုန်တွင် အခွန်လျှော့ချမှုများ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်မည့် FTA အစီအစဉ်တွင် အခွန်ပယ်ဖျက်မှုများနှင့် သတ်မှတ် အချိန်ကာလများ ပါဝင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်သူများ ကာကွယ်ရန်အတွက် အရေးကြီး ကုန်စည်စာရင်း(SL)တို့ကို အသေးစိတ် ဖော်ပြသွားမည် ဖြစ်ကြောင်း၊ အစ္စလာမ် မာဘတ်မြို့တွင် နောက်ဆုံး ညှိနှိုင်းချက်အရ ကုန်စည်အမယ်ပေါင်း ၁၅၀၀၀ အား အကောက်ခွန် ပယ်ဖျက်ရန်နှင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများကို လျှော့ချသွားရန်လည်း ပါဝင်ကြောင်း၊ ကုန်သွယ်မှုကို အတားအဆီး ဖြစ်စေသည့် မလိုလားအပ်သော လုပ်ထုံးလုပ်နည်းများကိုလည်း ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် FTA ထူထောင်ရန် ၂၀၁၅ ခုနှစ်က ပထမအကြိမ် ဆွေးနွေးခဲ့ကြကြောင်း၊ FTAအခွင့်အရေးများအရ လူဦးရေသန်း ၂၀၀ ကျော်ရှိသည့် ပါကစ္စတန် ဈေးကွက်ကို ထိုင်းနိုင်ငံမှ ထိုးဖောက်ရန် ရည်ရွယ်ကြောင်း၊ ပါကစ္စတန်နိုင်ငံသည် ထိုင်းနိုင်ငံ၏ ဒုတိယ ကုန်သွယ်ဖက် အကြီးဆုံးနိုင်ငံဖြစ်ကြောင်း၊ ယင်းအပြင် ပါကစ္စတန်နိုင်ငံက အရှေ့မျှော် မူဝါဒထားရှိပြီး အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှု ခိုင်မာအောင် ဆောင်ရွက်လိုသည့် ဆန္ဒရှိနေကြောင်း၊ ပါကစ္စတန်နိုင်ငံတွင် လျှပ်စစ်မီး မလုံလောက်မှု၊ ရေနံထုတ်လုပ်မှု လုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်း ရှားပါးမှု၊ လျှပ်စစ်ကိရိယာများနှင့် စတီးထုတ်ကုန်များ ရှားပါးမှုတို့ရှိနေပြီး ထိုင်းနိုင်ငံအပါအဝင် ကုန်သွယ်ဖက်နိုင်ငံများမှ တင်သွင်းနေရကြောင်း၊ ပထမအကြိမ် ညှိနှိုင်းမှု၌ ထိုင်းနိုင်ငံဘက်မှ လယ်ယာအခြေခံ အဆင့်မြင့် ထုတ်ကုန်များ၊ သကြား၊ ဓာတုဗေဒပစ္စည်းများ၊ ရေနံဓာတုပစ္စည်းများ၊ ပလပ်စတစ်၊ ရော်ဘာ၊ ချည်ထည်နှင့် မော်တော်ယာဉ်နှင့် မော်တော်ယာဉ် အပိုပစ္စည်းများ ပိုမိုခွင့်ပြုရန် ပါကစ္စတန်ဘက်သို့ တောင်းဆိုခဲ့ကြောင်း၊ ယခင်နှစ်က နှစ်နိုင်ငံကုန်သွယ်မှုသည် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၃၄ ဘီလီယံ ရှိခဲ့ပြီး ယမန်နှစ်များကထက် ၉ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၎င်းတွင် ထိုင်းနိုင်ငံ၏ ပို့ကုန် အမေရိကန် ဒေါ်လာ ၁ ဒသမ ၀၁၅ ဘီလီယံပါဝင်ခဲ့ပြီး ပါကစ္စတန်နိုင်ငံမှတင်သွင်းမှုတန်ဖိုးမှာ ဒေါ်လာ ၁၁၉ သန်းသာ ရှိခဲ့ကြောင်းဖော်ပြထားပါသည်။ **သောင်းနိုင်(တာချီလိတ်)**

# ကမ္ဘာ့ဘဏ်က ထိုင်းနိုင်ငံ၏ GDP တိုးတက်မှုနှုန်းအား တိုးမြှင့်ခန့်မှန်း

ကမ္ဘာ့ဘဏ်အနေဖြင့် ထိုင်းနိုင်ငံ၏စီးပွားရေး တိုးတက်မှုအပေါ် အကောင်းဘက်မှ ရှုမြင်ပြီး ယခုနှစ်အတွက် တိုးတက်မှုနှုန်းအား ၃ဒသမ ၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ၂၀၁၈ ခုနှစ်အတွက် တိုးတက်မှုနှုန်းအား ၃ဒသမ ၆ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီး တိုးမြှင့်ခန့်မှန်းထားကြောင်း၊ ပထမနှစ်ဝက်အတွင်း ပို့ကုန်နှင့် ခရီးသွားလာမှု လုပ်ငန်းများမှာ မူလမျှော်မှန်းထားသည်ထက် ပိုမိုအားကောင်းခဲ့၍ ဖြစ်ကြောင်း ဖော်ပြထားပါသည်။ထိုင်းနိုင်ငံအတွက် ယခုနှစ်နှင့် လာမည့်နှစ်တို့တွင် စီးပွားရေး တိုးတက်လာမည်ဟု ရှုမြင်ကြောင်း၊ လတ်တလောတွင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရနေကြောင်း၊ ကမ္ဘာ့ဘဏ်၏ ထိုင်းနိုင်ငံအတွက် အကြီးတန်း ဘောဂဗေဒပညာရှင် မစ္စတာ ကိုင်တီပေါင်က ပြောကြားခဲ့ပါသည်။

ဧပြီလတွင် ဝါရှင်တန်အခြေစိုက် ငွေချေးသူများအဖွဲ့က ထိုင်းနိုင်ငံ၏ GDP တိုးတက်မှုနှုန်းကို ယခုနှစ်အတွက် ၃ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ် အတွက် ၃ ဒသမ ၃ ရာခိုင်နှုန်း အသီးသီး ခန့်မှန်းထားကြောင်း၊ ယခု ပြင်ဆင်တိုးမြှင့် ခန့်မှန်းချက်သည် ထိုင်းနိုင်ငံ ဗဟိုဘဏ်၏ စံသတ်မှတ်ချက်များအပေါ် အခြေခံခန့်မှန်းခြင်းဖြစ်ပြီး ထိုင်းနိုင်ငံ ငွေကြေးမူဝါဒရုံးက ခန့်မှန်းထားသည့် ၃ ဒသမ ၆ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံ အမျိုးသား စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး ဘုတ်အဖွဲ့(NESDB) က ခန့်မှန်းထားသည့်၃ ဒသမ ၅ ရာခိုင်နှုန်း - ၄ ရာခိုင်နှုန်းတို့ထက် အနည်းငယ် လျော့နည်းကြောင်း၊ ပထမ ခြောက်လပတ်အတွင်း ထိုင်းနိုင်ငံ၏ ကုန်စည်တင်ပို့မှုနှင့် ခရီးသွားလာမှု အားကောင်းလာခြင်းသည် တိုးတက်မှုနှုန်း မြှင့်တင်ရန် အခြေခံအချက်ဖြစ်ခဲ့ကြောင်း မစ္စတာ ကိုင်တီပေါင်က ရှင်းလင်းပြောကြားပါသည်။ ယခုနှစ် စီးပွားရေး တိုးတက်မှုသည် ပြည်ပဝယ်လိုအား မြင့်တက်လာခြင်းနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးမြှင့်လာမှုတို့၏ တွန်းအားကြောင့် ဖြစ်ခဲ့ကြောင်း၊ ပြည်တွင်း ဝယ်လိုအားမှာမူ ၂၀၁၈ ခုနှစ်ရောက်မှသာ မိသားစုဝင်ငွေ တိုးတက်ပြီး ဖွံ့ဖြိုးလာနိုင်ကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ ကုန်စည်နှင့် ဝန်ဆောင်မှု တင်ပို့မှုအား ယခုနှစ်တွင် ၂၀၁၆ ခုနှစ် ကရှိခဲ့သည့် တိုးတက်မှုနှုန်း ၂ ဒသမ ၁ ရာခိုင်နှုန်းထက် ပိုမိုပြီး ၂ ဒသမ ၂ ရာခိုင်နှုန်း ရရှိလာမည်ဟု မူလက ကမ္ဘာ့ဘဏ်က ခန့်မှန်းခဲ့ကြောင်း၊ ပြည်ပဝယ်လိုအား တိုးတက်ခဲ့မှုကြောင့် ယခုနှစ် ပထမသုံးလပတ်နှင့် ဒုတိယသုံးလပတ်တို့တွင် စီးပွားရေး တိုးတက်မှုနှုန်း ၃ ဒ သမ ၃ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၇ ရာခိုင်နှုန်း အသီးသီး ရရှိခဲ့ကြောင်း၊ မူလ ခန့်မှန်းထားသည့် ဈေးကွက်ဝယ်လိုအားထက် ပိုမိုခဲ့ကြောင်း မစ္စတာကိုင်တီပေါင်က ပြောကြားပါသည်။

ကမ္ဘာ့ဘဏ်၏ စီးပွားရေး လုပ်ငန်းများအပေါ် သုတေသနပြုချက်အရ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံရေး မတည်ငြိမ်မှုသည် အဓိက ကျသောအတားအဆီးဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများကို စိတ်ဝင်စားမှု ကျဆင်းစေခဲ့ကြောင်း ဖော်ပြထားပါသည်။

**Source : Bangkok Post**

**သောင်းနိုင်၊ တာချီလိတ်**

# ထိုင်းနိုင်ငံမှ ထုတ်လုပ်မည် Wai Wai ခေါက်ဆွဲခြောက် ပြည်ပဈေးကွက် ရှာဖွေရန် ပြင်ဆင်လျက်ရှိ

Wai Wai ခေါက်ဆွဲခြောက် ထုတ်လုပ်သည့် ကုမ္ပဏီအနေဖြင့် ထိုင်းနိုင်ငံအတွင်း ကုန်ပစ္စည်းလက်ကျန် အလျှံပယ် ဖြစ်လာပြီး ပြည်ပဈေးကွက်ရှာဖွေရန် ကြိုးပမ်းလျက်ရှိကြောင်း ဖော်ပြထားပါသည်။



ကုမ္ပဏီ၏ ဈေးကွက် မန်နေဂျာဖြစ်သူ မစ္စတာယူဆာရန်းက ထိုင်းနိုင်ငံတွင် ယခုနှစ် ဩဂုတ်လအထိ ခေါက်ဆွဲခြောက် စားသုံးမှု ကျဆင်းလာကြောင်း၊ ယခုနှစ်တွင် ဈေးကွက်တိုးတက်ရန် မမျှော်လင့်နိုင်တော့ကြောင်း၊ နိုင်ငံအတွင်းရောင်းချနေသည့် ကုန်စုံဆိုင်များမှ ခေါက်ဆွဲခြောက် အမှာလွှာများ ကျဆင်းလျက်ရှိကြောင်း၊ ပြည်သူများတွင် ကျန်းမာရေး အသိပညာများ ဖွံ့ဖြိုးလာပြီး အသင့်စားသုံးနိုင်သည့် ပစ္စည်းများအပေါ် စိတ်ဝင်စားမှုကျဆင်းလာကြောင်း၊ အချို့သော စားသုံးသူများမှာလည်း ငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန်ပြောင်းလဲလာပြီးSmart Phoneကဲ့သို့သော ပစ္စည်းများ ဝယ်ယူမှုဘက်သို့ ရွှေ့ပြောင်းသွားကြကြောင်း ပြောကြား ခဲ့ပါသည်။

ထို့ကြောင့် ထိုင်းနိုင်ငံရှိအသင့်သုံး စားသောက်ကုန် စက်ရုံများအနေဖြင့် ပြည်ပ ဈေးကွက်ရှာဖွေရန် လိုအပ်လာကြောင်း၊ လက်ရှိတွင် ခေါက်ဆွဲခြောက်များကို နိုင်ငံပေါင်း ၂၀သို့ တင်ပို့နေပြီး အမေရိကန်နှင့်ဥရောပဒေသမှအချို့ နိုင်ငံများလည်း ပါဝင်ကြောင်း၊ ခေါက်ဆွဲခြောက် တင်ပို့နိုင်မှုမှာ ထုတ်လုပ်မှု စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းသာရှိပြီး နှစ်အနည်းငယ်အတွင်း နှစ်ဆ တိုးတက်လာနိုင်မည်ဟု မျှော်လင့်ကြောင်း ထပ်လောင်း ပြောကြားသွားပါသည်။ ခေါက်ဆွဲခြောက် ဈေးကွက်အား ပြည်ပဈေးကွက်များ တိုးချဲ့ရှာဖွေ လိုကြောင်း၊ ထိုင်းနိုင်ငံအတွင်း ယှဉ်ပြိုင်မှုမြင့်မား လွန်းကြောင်း၊ အခြားနိုင်ငံများစွာတို့တွင် အခွင့်အရေးရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ယခုနှစ်အတွက် ရောင်းအားတိုးတက်မှုမှာ ၃ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ပြိုင်ဆိုင်မှုမြင့် မားသည့်အပြင် စားသုံးသူများ၏ ဝယ်လိုအား ကျဆင်းနေခြင်းကြောင့် အရသာအသစ် ထပ်မံ ထုတ်လုပ်ခြင်းကို မဆောင်ရွက်သေးဘဲ ထုပ်ပိုးမှု ပုံသဏ္ဍာန် ပြောင်းလဲရေးနှင့် ဈေးကွက်သစ် ရှာဖွေ ဖြန့်ချိရေးတို့ကိုသာ ကြိုးပမ်းနေကြောင်း၊ ဥပမာအနေဖြင့် ယခုနှစ်အတွက် Wai Wai အမှတ် တံဆိပ် ကြာဆန်ခြောက် ဘတ်သန်း ၄၀ ဖိုး ရောင်းချနိုင်ရန် လျာထားကြောင်း၊ ပြည်တွင်းဈေးကွက်အတွင်း ကြာဆန်ခြောက် ရောင်းချနိုင်မည့် ပမာဏမှာ ဘတ် ၁ဒသမ ၅ ဘီလီယံဖြစ်ကြောင်း၊ သို့ဖြစ်၍ Wai Wai ကိုရီးယားပုံစံ ခေါက်ဆွဲခြောက်များအား 7 Eleven စတိုးဆိုင်များတွင် ယခုလမှ စတင်၍ စမ်းသပ် ဖြန့်ချိလျက်ရှိကြောင်း၊ Wai Wai အမှတ်တံဆိပ် ခေါက်ဆွဲခြောက်သည် ဈေးကွက်အတွင်း တတိယ နာမည်အကျော်ကြားဆုံး ဖြစ်ပြီး ဈေးကွက်၏ ၂၅ ရာခိုင်နှုန်းကိုရယူ၍ တန်ဖိုး ဘတ် ၃ဒသမ ၇၅ ဘီလီယံ ရောင်းချရန် လျာထားကြောင်းနှင့် ထိုင်းနိုင်ငံဈေးကွက်ပမာဏ စုစုပေါင်းမှာ တန်ဖိုးဘတ် ၁၅ ဘီလီယံ ရှိကြောင်း ဖော်ပြထားပါသည်။

**သောင်းနိုင်၊ တာချီလိတ်**



# ဈေးနှုန်းမြင့်မားသည့်ထိုင်းဆန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတင်သွင်းရန် ဆန္ဒမရှိဟုဆို

ဈေးနှုန်းမြင့်မားသဖြင့် ထိုင်းဆန်များကို တင်သွင်းရန် ဆန္ဒမရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာဝန်ကြီးဌာန၏ ထုတ်ဖော်ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

"ကျွန်တော်တို့အနေနဲ့ ထိုင်းနိုင်ငံနဲ့ အပြီးသတ်သဘောတူညီမှု မလုပ်ရသေးပါဘူး။ ထိုင်းဆန်ဈေးနှုန်းတွေဟာ သိပ်ကို မြင့်တဲ့အတွက် ဝယ်ဖြစ်မှာ မဟုတ်ပါဘူး"ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာဝန်ကြီးရုံးမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုနှစ်တွင် ရေလွှမ်းမိုးမှုများကြောင့် ပြည်တွင်းဆန်ဈေးနှုန်းများ အဆမတန် မြင့်တက်သွားပြီး လက်ကျန်ဆန်များ ပြတ်လပ်ကုန်ပြီဖြစ်၍ ဆန်တင်သွင်းမှုများ ပြုလုပ်ကြရန် ဘင်္ဂလားဒေ့ရှ်ဆန်တင်သွင်းသူများအား တိုက်တွန်းခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ ဆန်တင်သွင်းရာတွင် မည်သည့် အဟန့်အတားမှ မထားရှိဘဲလုပ်ဆောင်လျက်ရှိသည်ဟု ဆိုသည်။

"လာမယ့်နှစ်တွေ ဆိုရင်တော့ ကျွန်တော်တို့ ကမ္ဘောဒီးယားက ဆန်ကို ဝယ်နိုင်အောင် ကြိုးစားရပါတော့မယ်" ဟု ၎င်းကပြောကြားခဲ့သည်။

သို့သော်ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆန်ကုန်သည်အသင်းချုပ်၏ အကြီးအကဲဖြစ်သူ မစ္စတာအဗ္ဗဒူလ်ဟာဆန်က ထိုင်းနိုင်ငံ၏ဈေးနှုန်းသည် ဖွင့်ထားဆဲပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"သူတို့ပေးတဲ့ ဈေးနှုန်းက ကျွန်တော်တို့ရဲ့ ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းရှိတယ်ဆိုရင် ကျွန်တော်တို့ လက်ခံရပါလိမ့်မယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။ထိုင်းနိုင်ငံမှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယခုတစ်ပတ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာသို့ ရောက်ရှိလာပြီး ထိုင်းဆန်တန်ချိန် နှစ်သိန်းဝယ်ယူရေးကိစ္စနှင့်စပ်လျဉ်း၍ အပြီးသတ် ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

ထိုင်းနိုင်ငံ၏ ငါးမှတ်ဆန်ဈေးနှုန်း၏ စံထားဈေးနှုန်းမှာ တစ်တန်လျှင် (FOB ဈေးနှုန်း) အမေရိကန်ဒေါ်လာ ၃၉၅ မှ ၄၀၈ အထိရှိသည်။

# တရုတ်နိုင်ငံနှင့်အီးယူနိုင်ငံများမှ သံမဏိပစ္စည်းအချို့ကို အိန္ဒိယနိုင်ငံက တန်ပြန်စုပုံခွန် ကောက်ခံဖွယ်ရှိ

တရုတ်နိုင်ငံနှင့် အီးယူအဖွဲ့ဝင်နိုင်ငံများက တင်သွင်းလျက်ရှိသည့် သံမဏိပစ္စည်းအချို့ကို အိန္ဒိယနိုင်ငံက တန်ပြန်စုပုံခွန် ကောက်ခံသွားဖွယ်ရာရှိကြောင်း အီကောနောမစ်သတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့် အီးယူနိုင်ငံများမှ တင်သွင်းလာသည့် အရောင်အုပ်ထားသည့် သံမဏိထုတ်ကုန်များ တင်သွင်းခြင်းနှင့်ပတ်သက်၍ တန်ပြန်စုပုံခွန်များ ကောက်ခံရန် စီစဉ်လျက်ရှိသည်ဟုဆိုသည်။

ယင်းကဲ့သို့ စီစဉ်ရခြင်းမှာ ပြည်တွင်းမှ သုံးစွဲသူများ၏စိတ်ဝင်စားမှုကို လျော့ကျစေရန်ဖြစ်ပြီး သဘော်တင်ကုန်ကျစရိတ်များကို လျှော့ချစေရန်အတွက်ဖြစ်သည်ဟု ဆိုသည်။

အထူးသဖြင့် တရုတ်နိုင်ငံနှင့် အီးယူနိုင်ငံများမှ တင်သွင်းလာသည့် အရောင်ပါသည့် သံမဏိသတ္တုစပ်များနှင့် သတ္တုစပ်မဟုတ်သည့် သံမဏိများအား တင်သွင်းရေးနှင့်ပတ်သက်၍မူ တန်ပြန်စုပုံခွန်ကောက်ခံခြင်းမပြုရေးအတွက် ထောက်ခံချက်များပေးရမည်ဖြစ်ကြောင်း တန်ပြန်စုပုံခွန် ကောက်ခံရေးနှင့် ဆက်စပ်အခွန်ကောက်ခံရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။

အဆိုပါသံမဏိပစ္စည်းများကို ကဏ္ဍအမျိုးမျိုး၌ အသုံးပြုလျက်ရှိရာ ဆောက်လုပ်ရေးလုပ်ငန်းများ အပါအဝင် မော်တော်ကားပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ၊ ဆက်စပ်ကိရိယာတန်ဆာပလာများ၊ အိမ်ထောင်ပရိဘောဂပစ္စည်းများတွင် အသုံးပြုလျက်ရှိသည်။

ယင်းကဲ့သို့သော ပစ္စည်းများကို တင်သွင်းရာတွင် တန်ပြန်စုပုံခွန်သတ်မှတ်ခြင်းမရှိပါက ပြည်တွင်း၌ အလားတူ ကုန်ပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို ထိခိုက်လျက်ရှိသည်ဟုဆိုသည်။

တင်သွင်းလာသည့်သံမဏိပစ္စည်းများ၏ တန်ဖိုးက ပြည်တွင်းမှ ထုတ်လုပ်သည့် ပစ္စည်းများ၏တန်ဖိုးထက် ပိုမိုဈေးသက်သာနေသဖြင့် သုံးစွဲသူများသည် ပြည်ပမှတင်သွင်းလာသည့် ကုန်ပစ္စည်းများကိုသာ ဝယ်ယူအသုံးပြုနေသဖြင့် ယခုကဲ့သို့ တန်ပြန်စုပုံခွန်ကောက်ခံရန် စီစဉ်ရခြင်းဖြစ်သည်ဟုဆိုသည်။

# အိန္ဒိယနိုင်ငံတွင် အဆိုးရွားဆုံးရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သော်လည်း လယ်ယာကဏ္ဍ ထုတ်လုပ်မှုအပေါ်တွင် ထိခိုက်မှုမရှိဟုဆို

အိန္ဒိယနိုင်ငံတွင် ယခုနှစ်မုတ်သုံရာသီအတွင်း အဆိုးရွားဆုံးရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသော်လည်း နိုင်ငံ၏လယ်ယာကဏ္ဍထုတ်လုပ်မှုအပေါ်တွင် အကျိုးသက်ရောက်မှုမရှိခဲ့ကြောင်း တိုင်းမ်အော့ဖ်အိန္ဒိယသတင်းတွင် ဖော်ပြထားသည်။ အိန္ဒိယနိုင်ငံတွင် မုတ်သုံရာသီ စတင်ဝင်ရောက်ချိန်မှ ယနေ့အထိ အဆိုးရွားဆုံးရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိရာ စိုက်ပျိုးမြေများ ပျက်စီး ဆုံးရှုံးခဲ့ရသည်။

သို့သော်လည်း လယ်သမားများအနေဖြင့် ရေပြန်လည်ကျဆင်းသွားချိန်တွင် အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ခဲ့သဖြင့် ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးမှုမရှိခဲ့ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

"တစ်နိုင်ငံလုံး ရေလွှမ်းမိုးမှုတွေ ဖြစ်ပေါ်ခဲ့ပေမယ့် ထုတ်လုပ်မှုမှာ ကြီးကြီးမားမား ထိခိုက်မှုမရှိခဲ့ပါဘူး။ လယ်သမားတွေမှာတော့ အနည်းနဲ့ အများထိခိုက်မှုရှိခဲ့ပါတယ်"ဟု အိန္ဒိယနိုင်ငံ လယ်ယာစိုက်ပျိုးရေးသုတေသနကောင်စီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် အေကေဆင်းက ပြောကြားခဲ့သည်။

"ကျွန်တော်တို့ လယ်သမားတွေက တကယ့်ကို ဉာဏ်ကောင်းတဲ့သူတွေပါ။ ရေလွှမ်းမိုးမှုတွေဖြစ်ပေါ်ခဲ့ပေမယ့် သီးနှံတွေကို အစားထိုးစိုက်ပျိုးခဲ့ကြပါတယ်။ ဆောင်းရာသီရောက်တဲ့ အချိန်မှာတောင် မြေအောက်ရေရရှိနေတာကြောင့် နှစ်သီးစိုက်ပျိုးကြတယ်"ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။ ထို့ပြင် ရေလွှမ်းမိုးခံရသည့် ခရိုင်ပေါင်း ၆၂၃ ခရိုင်တွင် သီးနှံများ ပြန်လည်စိုက်ပျိုးရန် စတင်နေပြီဖြစ်သည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း ရေလွှမ်းမိုးမှု ဖြစ်ပေါ်လျက်ရှိရာ ဂူဂျာရတ်၊ ရာဂျတ် စသန်၊ ဘီဟာ၊ အနောက်ဘင်ဂေါနှင့် အာသံပြည်နယ်တို့တွင် အဆိုးရွားဆုံးဖြစ်ပေါ်ခဲ့ပြီး လယ်ယာစိုက်ပျိုးမြေ ဟက်တာပေါင်း ၂၅ သိန်းကျော် ရေနစ်မြုပ်ခဲ့သည်။

စက်တင်ဘာ ၁ ရက်က အိန္ဒိယနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှထုတ်ပြန်ခဲ့သည့် စာရင်းများအရ စုစုပေါင်းလယ်ယာစိုက်ပျိုးသည့် ဟက်တာပေါင်း ၉၇၆ ဒသမ ၃ သိန်းရှိခဲ့ရာ ကြီးကြီးမားမား ပျက်စီးဆုံးရှုံးခဲ့ခြင်း မရှိကြောင်း၊ အိန္ဒိယ အစိုးရအနေဖြင့် မိုးသီးနှံရာသီတွင် စိုက်ဧက ၁၀၅၈ ဒသမ ၆ သန်း စိုက်ပျိုးရန် လျာထားခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

# ပိုမိုသိုလှောင်ထားနိုင်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံက ဆန်တန်ချိန် ၂၅၀၀၀၀ ဝယ်ယူသွားမည်



ဖိလစ်ပိုင်နိုင်ငံက ဆန်ပိုမိုသိုလှောင်ထားနိုင်ရန်အတွက် ဆန်တန်ချိန်နှစ်သိန်းခွဲ ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံရှိ ဝယ်လက်များထံမှ အဆိုပါ ဆန်တန်ချိန်များကို ဝယ်ယူသွားမည်ဖြစ်ကြောင်း rice outlook သတင်းတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ ဆန်ဝယ်ယူရေးအေဂျင်စီဖြစ်သည့် အမျိုးသားအစားအစာအာဏာပိုင်အဖွဲ့ (National Food Authority's-NFA) က ဆန်တန်ချိန် ၂၅၀၀၀၀ ဝယ်ယူရေးအတွက် တင်ဒါခေါ်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုတင်ဒါခေါ်ယူ၍ ဝယ်ယူသွားမည့်ဆန်များကို သိုလှောင်ထားမည်ဖြစ်သည်ဟုဆိုသည်။

အပြည်ပြည်ဆိုင်ရာ ဆန်တင်ပို့သူများအသင်းတွင် ဆန်တင်ပို့သူ ၁၈ ဦးရှိသည့်အနက် ၁၄ ဦးတို့၏ကိုယ်စားလှယ်များသည် NFA ကပြုလုပ်မည့် ဆန်တင်ဒါခေါ်ယူမည့် အကြိုညှိနှိုင်းပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဆန်တစ်တန်လျှင် ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ ၄၅၁ ဒသမ ၀၈ အောက်သို့ လျှော့ချ၍ ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၉ မှ ၄၃၁ ဒသမ ၇၀ ကြား ဈေးနှုန်းဖြင့် တင်သွင်းနိုင်သူများသည် တင်ဒါအောင်မြင်နိုင်ပြီး ဆန်တန်ချိန်နှစ်သိန်းခွဲ တင်ပို့ခွင့်ရရှိမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။


ဆန် တင်သွင်းခွင့်ရရှိသူသည် စက်တင်ဘာလအတွင်း ဆန်အားလုံး အပြီး တင်ပို့ရမည်ဖြစ်ကြောင်း NFA မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။


အဆိုပါ ဆန်တန်ချိန်နှစ်သိန်းခွဲသည် တစ်နိုင်ငံလုံးအတွက် လေးရက်စာသာရှိသည်ဟု ဆိုသည်။


ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ပြည်တွင်းဆန် တင်သွင်းသူများအား နှစ်စဉ် ဆန်တင်သွင်းမှုခွဲတမ်းအဖြစ် ဆန်တန်ချိန် ၈၀၅၂၀၀ ကို NFA က သတ်မှတ်ပေးခဲ့ရာ နှစ်စဉ် ဒီဇင်ဘာမှ ဖေဖော်ဝါရီလအတွင်း တင်သွင်းရမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မယ်သီတာ စုစည်းသည်


SMM
Cost Effective & Enviromental Friendly Solution For Your Building!
Facebook: SMM Light Weight Concrete
Email : smm.lightweightconcrete@gmail
Phone: 959 260 000 805 / 959 260 000 807


MOL
MOL Logistics
(Myanmar) Co., Ltd.
No. 62, Maharbandoola Housing,
Complex (B), Room (1103),
11th Floor, Tawataintha St.,
Pazundaung Tsp., Yangon.
Tel: 01 200150, 09 43030524
http://www.mol.logistics-group.com


UNIQUE BROTHERS CO., LTD.
(EXPORT- IMPORT)
AGENT & DISTURIBUTOR OF
M.J Biopharm Pvt.Ltd.
No.100-102,52th Street,Yangon,Myanmar.
Tel: 01-290055,9010243 Fax:0951-290055
E-mail:ubwin@mptmail.net.mm


HANJIN
Global Logistics Myanmar Co.,Ltd.
• Inland & international Trucking Service.
• Global Freight Forwarding Service
• Multimodal Transportation Service
• Customs Clearance Service
• Warehouse Service
No 48(A), Room 201,Kabaraye Pagoda Road, Mayangone Township,
Yangon,Myanmar.
Phone : 95-1-657741
E-mail : wjchoi@hanjin.co.kr

# EVER RICH GROUP CO.,LTD

E R G

* ဂျီအိုင် ဟော်လိုပိုက် (GI Hollow Pipe)
* စီချန်နယ် ( C Channel)
* ကြမ်းခင်းပြား (Floor Deck Sheet)
* အိုမီဂါ (Omega Channel)
* ကာလာသွပ်ပြား (Pre-painted GI Sheet)
* ယူဘင့် (U Beam)
* အိုင်ဘင့် (I Beam, H Beam) နှင့်
* အခြားအိမ်ဆောက်ပစ္စည်းများ



EVER RICH GROUP CO.,LTD စက်ရုံမှ တိုက်ရိုက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။

အမှတ်(၃၆/ဒီ)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၉၆၆၅၇၁၇၊ ၀၁-၉၆၄၀ ၂၇၇၊ ၀၉-၃၀၀၈၈၇ ၂၀၊ ၀၉-၄၅၇၇၄၀၀၆၅၊ ၀၉-၉၇၆၇၀၀ ၂၅၀

အဆောင်(၁၃၀)၊ အခန်း(၄)၊ ရွှေဝါလမ်း၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ၀၁-၉၆၄၀ ၂၅၅၊ ၀၁-၉၆၄၀ ၂၆၆၊ ၀၉-၉၆၅၀၀၇ ၂၉၅၊ ၀၉- ၂၆၃၃၃၉၄၉၉၊ ၀၉-၄၅၇၇၄၀၀၆၆

အမှတ်(၄၁၇)၊ လှသီရိလမ်း နှင့် ကင်းဝန်မင်းကြီးလမ်းထောင့်၊ ရွှေလင်ပန်းစက်မှုဇုံ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ၀၁-၆၁၇၁၄၉၊ ၀၉-၇၃ ၂၅၀၁၅၃၊ ၀၉-၇၉၆၃၀၈၁၄၁၊ ၀၉-၉၇၇၉၄၁၈၀၃၊ ၀၉-၄၅၇၇၄၀၀၆၄



# WCL WIN CONSULTING LIMITED

***We provide the following services designed to support your business objectives, manage your resources and improve your profitability and competitiveness:***

## BUSINESS ADVISORY

- Risk Management
- Finance Management

## BUSINESS CONSULTING

- New Investors Advisory
- Business Planning and Review
- Project Preparation and Packaging

## ECONOMIC AND FINANCIAL CONSULTING

- Share and Asset Valuation
- Corporate Finance

## TAX , LEGAL AND OTHER SERVICES

- Tax Advisory
- Corporate Tax Services
- Tax Reporting Services
- Tax Compliance Review
- Legal Advisory
- Company Formation Services
- Secretarial Services
- Payroll Tax Services
- Compilation of Financial Information Services
- Representation before Tax and other Government Authorities
- Reviewing Agreements and Contracts
- Liquidation and Closing Down Services
- Investment/SEZ Permit Application Services
- Trade Mark Registration Services

***Contact us: U Win Thin (Chairman), U Win Aung (Vice Chairman), U Myo Min Htwe (Managing Director)***

Office Address : # Room 2D, Rose Condominium, No. 182/194, 1st Floor, Botahtaung Pagoda Road, Between Anawyahta Street & Mahabandoola Street Pazundaung Township, Yangon Region , Myanmar.
Tel :(951) 245671, 9010343, 9010549, 9010057
Fax : (951) 371607
E-mail : winconsult@myanmar.com.mm, winthin9@myanmar.com.mm
Website : www.winthinassociates.com

# COMMERCE INTERNATIONAL

## စင်ကာပူနိုင်ငံတွင် ကလေးငယ်ပေါင်း ၂၁၀၀ သင်ကြားနိုင်သည့် ကမ္ဘာ့အကြီးဆုံးမူကြိုကျောင်း ဖွင့်လှစ်

စင်ကာပူနိုင်ငံတွင် ကလေးငယ်ပေါင်း ၂၁၀၀ ကို တစ်ပြိုင်နက်တည်း လက်ခံသင်ကြားပေးနိုင်သည့် ကမ္ဘာ့အကြီးဆုံးသောမူကြိုကျောင်းကို ဩဂုတ် ၃၀ ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း စီအန်န်အေသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။



လာရှန်ချန်းရှိ စတုရန်းပေ ၅၀၀၀ ကျယ်ဝန်းသည့် Early Learning Village ရှိ အင်တာနေရှင်နယ်ကျောင်း နှစ်ကျောင်းကို ပူးပေါင်းလိုက်ခြင်း၏ ရလဒ်အဖြစ် ကမ္ဘာ့အကြီးဆုံးမူကြိုကျောင်းပေါ်ထွက်လာခြင်းဖြစ်သည်ဟုဆိုသည်။

Early Learning Village သည် လာရှန်ချန်းရှိ ဩစတြေးလျ အင်တာနေရှင်နယ်ကျောင်း၏ နောက်ဘက်တွင်တည်ရှိပြီး ဩစတြေးလျ အင်တာနေရှင်နယ်ကျောင်းနှင့် စတန်းဖို့ဒ် အမေရိကန် အင်တာနေရှင်နယ်ကျောင်းတို့ကို ပူးပေါင်း၍ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

စတုရန်းပေ ၅၀၀၀ ပေါ်တွင် ဖွင့်လှစ်ထားသည့် အဆိုပါမူကြိုကျောင်းတွင် အဆောက်အဦပေါင်း ငါးလုံးရှိပြီး စာသင်ခန်းပေါင်း ၁၀၀ ကျော်ရှိသည်။

အသက် ၁၈ လအရွယ်မှ အသက် ၆ နှစ်အထိ ကလေးငယ်များကို စာသင်ကြားပေးမည့် ကမ္ဘာ့အကြီးဆုံးသော မူကြိုကျောင်းဖြစ်သည်ဟုဆိုသည်။

အဆိုပါ မူကြိုကျောင်းဧရိယာတွင် ပုံစံအမျိုးမျိုးသောနေရာများ ပါဝင်သည့် ကလေးကစားကွင်းများ၊ လမ်းလျှောက်တတ်ခါစ ကလေးငယ်များပါ ဆော့ကစားနိုင်သည့် မီတာ ၂၀ ကျယ်ဝန်းသည့် ရေကူးကန်ကိုပါ တည်ဆောက်ထားသည်။ ထို့ပြင် ရေကူးတတ်သည့် ကလေးငယ်များအတွက်ကိုလည်း ရေကူးကန်များ စီစဉ်ထားရှိကြောင်း သိရသည်။

Early Learning Village တွင် တည်ရှိသည့် ကျောင်းနှစ်ကျောင်းစလုံးသည် စီးပွားရေးအတွက်သာမက ပညာရေးအတွက်ပါ ရေရှည်တွင် အကျိုးရှိစေမည်ဖြစ်ကြောင်း စတန်းဖို့ဒ်အမေရိကန်နှင့် ဩစတြေးလျ အင်တာနေရှင်နယ်ကျောင်းတို့၏ ပညာရေးဆိုင်ရာ အုပ်စုဖြစ်သည့် Cognita က ပြောကြားခဲ့သည်။

အဆိုပါ Early Learing Village ကို စင်ကာပူနိုင်ငံသားများ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကလေးငယ်များ တက်ရောက်နိုင်သည်ဟုဆိုသည်။ ယခုအခါတွင် စင်ကာပူနိုင်ငံသားကလေးငယ်ပေါင်း ၈၀ ကျော် တက်ရောက်ရန် စာရင်းပေးသွင်းထားပြီးဖြစ်သည်ဟုဆိုသည်။

ကျောင်းလခမှာ ကလေးငယ်၏ အသက်အရွယ်နှင့် တက်ရောက်နိုင်သည့် ရက်အရေအတွက်ပေါ်မူတည်သည်ဟု ဆိုသည်။ သုံးနှစ်အရွယ်ကလေးငယ်တစ်ဦးသည် တစ်ပတ်လျှင် ငါးရက် ကျောင်းတက်မည်ဆိုပါက ပညာသင်နှစ်တစ်ဝက်လျှင် ကျောင်းလခ စင်ကာပူဒေါ်လာ ၁၄၅၀၀၀ ဝန်းကျင် ကုန်ကျမည်ဖြစ်သည်။ တစ်နှစ်လျှင် စာသင်နှစ် နှစ်ကြိမ်ရှိမည်ဖြစ်သည်။

**မယ်သီတာ**

## ပြည်ပမှပဲတင်သွင်းမှုကို ကန့်သတ်လိုက်သည့်အတွက် အိန္ဒိယနိုင်ငံ၌ ပဲဈေးများ မြင့်တက်လာ

အိန္ဒိယနိုင်ငံ၌ ပြည်တွင်းပဲရိတ်သိမ်းချိန်မတိုင်မီ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတင်သွင်းမှုပမာဏကို ကန့်သတ်လိုက်ခြင်းကြောင့် MSP ဈေးနှုန်းအောက်ရောက်ရှိနေသည့် ပဲဈေးနှုန်းများမှာ စတင်မြင့်တက်လာပြီဖြစ်ကြောင်း သိရှိရသည်။ အစိုးရ၏ အချက်အလက်များအရ မွမ်ဘိုင်းလက်ကားဈေး၌ ဩဂုတ်လအတွင်း ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းဈေးနှုန်းများမှာ ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး အချို့ဈေးများတွင်မူ မြင့်တက်ခြင်းမရှိသေးကြောင်း၊ ဩဂုတ် ၂၁ ရက် ညနေဈေးနှုန်းများအရ ပဲစင်းငုံနှင့် ပဲတီစိမ်းလက်ကားဈေးများမှာ ကီလိုဂရမ် ၁၀၀ လျှင် ရူပီး ၄၈၀၀ နှင့် ရူပီး ၅၀၀၀ အသီးသီးရှိခဲ့ပြီး ယခင်ထက် ရူပီး ၂၀၀ မှ ၃၀၀ ထိမြင့်တက်လာကြောင်း၊ အိန္ဒိယ၏ တင်သွင်းမှုကန့်သတ်လိုက်ခြင်းကြောင့် နိုင်ငံတကာပဲဈေးကွက်၌ ယခုလအတွင်း ပဲစင်းငုံဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ မှ ၃၀၀ သို့ ကျဆင်းသွားပြီး ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်း ပဲအများစု၏ ဈေးနှုန်းမှာ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း သိရှိရပါသည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဩဂုတ် ၅ ရက်တွင် ပဲစင်းငုံတင်သွင်းမှုအား ကန့်သတ်ကုန်စည်အမျိုးအစားအောက်သို့ ထည့်သွင်းကာ တစ်နှစ်တင်သွင်းခွင့်ပမာဏကို တန်ချိန် နှစ်သိန်းခန့်သတ်မှတ်ခဲ့ပြီး ဩဂုတ် ၂၁ ရက်တွင် မတ်ပဲနှင့် ပဲတီစိမ်းတင်သွင်းမှုကိုလည်း တစ်နှစ်တင်သွင်းခွင့် ပမာဏတန်ချိန်သုံးသိန်းဖြင့် ကန့် သတ်ကုန်စည်အမျိုးအစားအောက်သို့ ထပ်မံထည့်သွင်း သတ်မှတ်ခဲ့ပါသည်။

အဆိုပါ ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားရာ၌ အိန္ဒိယနိုင်ငံအတွင်းသို့ ပဲစင်းငုံတင်သွင်းမှု ပမာဏမှာ ဧပြီလကတည်းက သတ်မှတ်ခဲ့တမ်း တန်ချိန်နှစ်သိန်း ပြည့်နေပြီဖြစ်ကြောင်း၊ မတ်ပဲနှင့် ပဲတီစိမ်းတင်သွင်းမှုပမာဏအနေဖြင့် သတ်မှတ်ကိုတာ၏ ထက်ဝက်ခန့် တင်သွင်းထားပြီးဖြစ်ကြောင်း၊ ပဲနီလေး၊ ကုလားပဲနှင့် မြေထောက်ပဲ တင်သွင်းမှုများကိုမူ ဆက်လက်ခွင့်ပြုမည်ဟု ခန့်မှန်းကြောင်း၊ ကုလားပဲဈေးမှာမူ ပြည်တွင်း၌ MSP ဈေးထက်မြင့်နေရာ ယင်းကိစ္စမှာ တောင်သူများအတွက် အထူးစိုးရိမ်စရာမရှိကြောင်း ပြောကြားထားပါသည်။



အစိုးရက ပဲစင်းငုံတင်သွင်းမှုအား ကန့်သတ်လိုက်ပြီးနောက်တွင် ပဲတီစိမ်းနှင့် မတ်ပဲတို့ကိုလည်း အလားတူကန့်သတ်ရန် ကုန်သည်များက လိုလားနေကြရာ ဩဂုတ် ၂၁ ရက်က အဆိုပါပဲများအား ကန့်သတ်ကုန်စည်အဖြစ် ထပ်တိုးသတ်မှတ်လိုက်သည့်အတွက် ယင်းပဲများ၏ ဈေးနှုန်းများမှာလည်း ပြည်တွင်းဈေးကွက်များ၌ မြင့်တက်လာကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်ချက်သည် ၁၉၇၇ နောက်ပိုင်း အစိုးရ၏ ပထမဆုံးလုပ်ဆောင်ချက်ဖြစ်သည်ဟု သွင်းကုန်လုပ်ငန်းရှင်များက ပြောကြားခဲ့သည်။

India Pulses and Grains Association (IPGA) ၏ ဥက္ကဋ္ဌဖြစ်သူ Pravin Dongre က အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုမှာ ၂၀၁၅-၁၆ တွင် ၅ ဒသမ ၇ သန်းခန့်၊ ၂၀၁၆-၁၇ ပထမသုံးလပတ်တွင် ၅ ဒသမ ၄ သန်းခန့်ရှိပြီဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီမှ မတ်လအတွင်း ပဲမျိုးစုံတင်သွင်းမှုပမာဏမှာ တန်ချိန် ၆၀၀၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းကြောင်း၊ ယခုကန့်သတ်ချက်များကြောင့် အိန္ဒိယ၏ ပဲတင်သွင်းမှုပမာဏမှာ ယခင်နှစ်များထက် ၁၅ ရာခိုင်နှုန်းခန့်ကျဆင်းမည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း၊ အစိုးရ၏ ယခုထုတ်ပြန် ချက်သည် နွေရာသီပဲသီးနှံများမရိတ်သိမ်းမီ အချိန်ကိုက်ဖြစ်ပြီး အစိုးရအနေဖြင့် MSP ဈေးနှုန်း အောက်ရောက်ရှိနေသည့် ပဲဈေးနှုန်းကို မြှင့်တင်ပေးရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယခုမှစ၍ တစ်လအတွင်း ပြည်တွင်း၌ ပဲဈေးနှုန်းများခိုင်မာလာပြီး တောင်သူလယ်သမားများအနေဖြင့် ပိုမိုကောင်းမွန်သည့် အခြေအနေများကို ရရှိခံစားလာတော့မည်ဟု ပြောကြားထားပါသည်။

IPGA ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Bimal Kothar က ပြောကြားရာ၌ ယခုရာသီတွင် တောင်သူလယ်သမားများ၏ ပဲစင်းငုံစိုက်ဧက ကျဆင်းခဲ့သော်လည်း ပဲမျိုးစုံစိုက်ဧကမှာမူ ခန့်မှန်းထားသည့် စိုက်ဧက ၁၀ ဒသမ ၄၇ သန်းထက် တိုးလာပြီး ၁၁ ဒသမ ၄၉ သန်းထိရောက်ရှိခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်က ပဲအထွက်နှုန်းကောင်းမွန်ခဲ့သည့်အတွက် အစိုးရက MSP ဈေးနှုန်းဖြင့် တောင်သူလယ်သမားများထံမှ ပဲမျိုးစုံတန်ချိန် နှစ်သန်းခန့် ဝယ်ယူခဲ့ကြောင်း၊ မူဝါဒဖော်ဆောင်ရာ၌ ရှေ့နောက်စဉ်းစားရမည်ဖြစ်ကြောင်း၊ မြန်မာနှင့် အာဖရိကနိုင်ငံအချို့သည် အိန္ဒိယ၏ ဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် ပဲအမျိုးမျိုးစိုက်ပျိုးကြရာ ယခုမူဝါဒကြောင့် ၎င်းတို့၏စိုက်ပျိုးမှုကို လျှော့ချလိုက်ပါက အိန္ဒိယအနေဖြင့် အရေးပေါ်လိုအပ်လာသည့်အခါ လုံလုံလောက်လောက်တင်သွင်းစရာရှိလိမ့်မည်မဟုတ်ဟု ထည့်သွင်းပြောကြားထားကြောင်း သိရှိရပါသည်။

Friendship Broking ၏ စီးပွားဖက်ဖြစ်သူ Devendra Vora က ပြောကြားရာ၌ အစိုးရ၏ သွင်းကုန်ကန့်သတ်မှု လုပ်ဆောင်ချက်သည် မှန်ကန်သည့်နည်းလမ်းဖြစ်ပြီး အိန္ဒိယအနေဖြင့် ပြည်တွင်းပဲထုတ်လုပ်နိုင်မှုမှာ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီနေပြီဖြစ်သည့်အတွက် WTO ၏ စံနှုန်းများနှင့်လည်း ကိုက်ညီသည်ဟု ထောက်ပြပြောဆိုထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**